ရောင်းမှုံ

The Mirror

Established in 1957

၁၉၅၇ ခုနှစ် တည်ထောင်သည်။

၁၃၇၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၃ ရက်၊ အင်္ဂါနေ့၊ (1-3-2016) (စာမျက်နှာ ၁၆)

ဘော့စ်နီးယားနှင့် ဟာဇီဂိုဗီးနားနိုင်ငံ လွတ်လပ်ရေးနေ့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် မတ် ၁

၂၀၁၆ ခုနှစ် မတ် ၁ ရက်တွင်ကျရောက်သော ဘော့စ်နီးယားနှင့် ဟာဇီဂိုဗီးနားနိုင်ငံ၏ လွတ်လပ်ရေးနေ့ အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဘော့စ်နီးယားနှင့် ဟာဇီဂိုဗီးနားနိုင်ငံ သမ္မတ ဦးသျှောင်အဖွဲ့အကြီးအကဲ မစ္စတာ ဒရက်ဂမ် ကိုဗစ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ချက်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

စာမျက်နှာ - ၃

တန်ဖိုးသင့် ရောဝဏ်ရတနာအဆင့်မြင့်အိမ်ရာများ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်တွင် ဆောက်လုပ်လျက်ရှိ

စာမျက်နှာ - ၇

မိမိတို့ဒေသ၊ မိမိတို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရမည်

တာချီလိတ် ဖေဖော်ဝါရီ ၂၉

ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရန် ရှမ်းပြည်နယ် အရှေ့ပိုင်း၌ ရောက်ရှိနေသော ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းနှင့် ဦးအုန်းမြင့်တို့သည် ယမန်နေ့ နံနက် ၉ နာရီတွင် တာချီလိတ်မြို့ အောင်မြတ်ခန်းမ၌ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် မြို့နယ်ဖွံ့ဖြိုးမှု အထောက်အကူပြုကော်မတီတို့မှ ကော်မတီဝင်များ၊ နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖ ဒေသခံပြည်သူများ၊ တာဝန်ရှိများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက မိမိတို့ဒေသ၊ မိမိတို့နိုင်ငံဖွံ့ဖြိုးတိုးတက်ရန် ဝိုင်းဝန်းပူးပေါင်း တီထွင်ကြံဆ စဉ်းစားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ တာဝန်ရှိသူများအနေဖြင့် မိမိတို့သည် ပြည်သူများအတွက် တာဝန်ရှိသူ၊ ဝန်ဆောင်မှုပေးသူများအဖြစ် ခံယူကျင့်သုံး ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ရှမ်းပြည်နယ်ကို ရာသီဥတုကောင်းမွန်ခြင်း၊ မြေအနေအထားကောင်းမွန်ခြင်း၊ သဘာဝပတ်ဝန်းကျင်ကောင်းမွန်ခြင်းနှင့် နှစ်နိုင်ငံ နယ်နိမိတ်ထိစပ်မှုများခြင်း စသည့် သဘာဝအခြေအနေကောင်းများဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊

နိုင်ငံတော်အဝိုးရသည် နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေး စသည့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို တစ်ပြိုင်နက်ဆောင်ရွက်ခဲ့ပါကြောင်း၊ အုပ်ချုပ်ရေးကဏ္ဍတွင် ပြည်သူလူထုဗဟိုပြုစနစ်ဖြင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရာတွင် အင်စတီကျူးရှင်းများကို ပြုပြင်ရပါကြောင်း၊ ဗဟိုချုပ်ကိုင်မှုလျှော့ချပြီး ပဋိဂ္ဂလိကအခန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို မြှင့်တင်ခဲ့ပါကြောင်း၊ နိုင်ငံရေးပါတီများကို လွတ်လပ်စွာဖွဲ့စည်းခွင့်ပေးခြင်း၊ လူမှုရေးအသင်းအဖွဲ့များဖွဲ့စည်းခြင်း၊ မီဒီယာလွတ်လပ်ခွင့်၊ လွတ်လပ်စွာ ဆန္ဒဖော်ထုတ်ခွင့်များကို ဆောင်ရွက်ခဲ့ပါကြောင်း၊ စီးပွားရေးကဏ္ဍတွင် ဈေးကွက်စီးပွားရေးစနစ်ကို ပြောင်းလဲကျင့်သုံးခဲ့ပါကြောင်း။

တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရန် အဓိကအားဖြင့် ပညာရည်တိုးတက်မြင့်မားရေးသည် အရေးကြီးပါကြောင်း၊ ပညာရည်မြင့်မားတိုးတက်မှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်၊ လူအဖွဲ့အစည်းတိုးတက်မြင့်မားမည်၊ တီထွင်ကြံဆတတ်မည်၊ ကျန်းမာကြံ့ခိုင်သည့် စာမျက်နှာ ၅ ကော်လံ ၁ သို့

တိုင်းပြည်ထာဝရရေရှည်ဖွံ့ဖြိုးတိုးတက်ရန် ငြိမ်းချမ်းရေး၊ တန်းတူညီမျှဆက်ဆံရေး၊ အလုပ်အကိုင်နှင့် အခွင့်အလမ်းများ ဖန်တီးပေးရေးနှင့် စဉ်းစားတွေးခေါ်မှုတို့သည် အရေးကြီး။

ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) ၏ တပ်မဟာ(၆) တိုးချဲ့ဖွဲ့စည်းခြင်းအား ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီက ပြင်းထန်စွာကန့်ကွက်ကြောင်း သတင်းထုတ်ပြန်

စာမျက်နှာ » ၃

ကြေးမုံ စာတည်းရှေ့ဆောင် ၁-၃-၂၀၁၆၊ အင်္ဂါနေ့

မီးခိုးမထွက်သော စီးပွားရေးလုပ်ငန်း

ပွင့်လင်းမြင်သာသည့် မျက်မှောက်ခေတ်ကာလတွင် ခရီးသွားလုပ်ငန်းများ ယခင်ခေတ်ကာလနှင့်မတူ အထူးတိုးတက်လာသည်ကို တွေ့ရသည်။ ယခင်က ကမ္ဘာလှည့်ခရီးသွားဦးရေ သိန်း၈ဏန်းသာရှိရာမှ ဒီမိုကရေစီအသွင်ကူးပြောင်းသည့်ကာလမှစတင်၍ သန်း၈ဏန်းအထိဖြစ်လာခဲ့သည်။ ယခုနှစ် ခရီးသွားရာသီတွင် မျှော်မှန်းထားသည့်အတိုင်း ခရီးသွားဦးရေ လေးသန်းခွဲ လာရောက်ခဲ့သည့်အတွက် နိုင်ငံအတွက်ရလဒ်ကောင်းများ ဖြစ်ထွန်းလာသည်။

ခရီးသွားလုပ်ငန်းဆိုသည်မှာ မီးခိုးမထွက်သောစက်ရုံ၊ မီးခိုးမထွက်သော စီးပွားရေးလုပ်ငန်းဖြစ်သည်။ ခရီးသွားလုပ်ငန်းကို အကြောင်းပြု၍ နိုင်ငံအတွက် နိုင်ငံခြားငွေအမြောက်အများရသလို အလုပ်အကိုင်အခွင့်အလမ်းများလည်း တိုးတက်ဖြစ်ထွန်းလာသည်။ လက်ရှိအခြေအနေကောင်းများမှာ ရွှေ့ကာလများတွင်လည်း တိုးတက်ဖြစ်ထွန်းနေမည်ဖြစ်ပြီး လာမည့်ဆယ်နှစ်တာကာလအတွင်း ယခုလက်ရှိထက် နှစ်ဆတိုးတက်လာမည်ဟု ခန့်မှန်းကြပြန်သည်။

ထို့ကြောင့် မြန်မာနိုင်ငံ၏ စီးပွားရေးကဏ္ဍသည် အိမ်နီးချင်းနိုင်ငံများကို လိုက်မီကျော်ဖြတ်နိုင်မည့် အနေအထားသို့ ရောက်ရှိလာမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ခရီးသွားများစိတ်ဝင်စားရာနေရာများ အမြောက်အများရှိသည်။ လမ်းပန်းဆက်သွယ်ရေး၊ တည်းခိုနေထိုင်ရေး၊ ခရီးသွားရပ်ဝန်းများ အဆင့်မီဖွံ့ဖြိုးတိုးတက်ရေးနှင့် ရှေးဟောင်းယဉ်ကျေးမှုနယ်မြေများ ရှင်သန်ဖွံ့ဖြိုးရေး စသည်တို့ ပိုမိုတိုးတက်ကောင်းမွန်ရန် လိုအပ်သည်။

မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုတွင် ခရီးသွားလုပ်ငန်းသည် အဓိကကျသည့်အခန်းကဏ္ဍမှ ပါဝင်လာပြီး လက်ရှိတွင် မြန်မာနိုင်ငံသားလူဦးရေ တစ်သန်းခန့်ကိုပင် အလုပ်အကိုင်ဖန်တီးပေးထားနိုင်သည်ဟု ဆိုထားသည်။ မြန်မာနိုင်ငံအတွင်း ပြည်တွင်းခရီးသွားလာမှုလုပ်ငန်းတွင် ပြည်တွင်းဟိုတယ်များမှာ အရေးပါသည့်မောင်းနှင်အားဖြစ်လာသည်။ ဟိုတယ်လုပ်ငန်းမှ နိုင်ငံခြားငွေအများဆုံးရှာဖွေပေးနိုင်သည့် ဟိုတယ်အလုံးပေါင်း ၁၄၀၀ ခန့် မှတ်ပုံတင်ထားသည်။ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တည်းခိုခိုင်သည့် အခန်းပေါင်း ၈ဝိသောင်းခန့်ရှိသည်။

မြန်မာနိုင်ငံ၏ စီးပွားရေးတိုးတက်မှုမှာ တစ်နှစ်လျှင် ခုနစ်ရာခိုင်နှုန်းတိုးတက်လျက်ရှိရာ၌ ခရီးသွားလုပ်ငန်းမှာ အဓိကအားထားရသည့်လုပ်ငန်းဖြစ်သည်။ ယခုအခါ မြန်မာနိုင်ငံသည် ခရီးသွားလုပ်ငန်းတိုးတက်မှုတွင် ထိပ်တန်းနိုင်ငံများစာရင်းတွင် ပါဝင်လာသည်။ ထို့အပြင် ကမ္ဘာ့ခရီးသွားလုပ်ငန်းတွင် ထိပ်ဆုံးအဆင့်မှ ဦးဆောင်လာနိုင်မည့်အနေအထား ရှိလာနိုင်သဖြင့် နှစ်စဉ်အလုပ်အကိုင်အခွင့်အလမ်း ထောင်နှင့်ချီ၍ တိုးတက်ဖြစ်ထွန်းမှုများရှိလာသည်။

မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုမှာ ဆယ်စုနှစ်တစ်ခုလျှင် တစ်ဆယ်မက တိုးတက်လာသဖြင့် ကမ္ဘာ့ထိပ်တန်း စာရင်းဝင်နိုင်ငံဖြစ်လာမည်ဟု ခန့်မှန်းကြခြင်းဖြစ်သည်။ ထိုသို့ဖြစ်လာအောင်လည်း ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းများအား စဉ်ဆက်မပြတ် မြှင့်တင်ဖော်ဆောင်ပေးနေရမည်ဖြစ်သည်။ စိတ်ဝင်စားဖွယ်ရာ ရေခံမြေခံ အခြေအနေကောင်းများရှိပြီးဖြစ်သော်လည်း ကောင်းမွန်သည့်ဝန်းကျင် ကောင်းများဖြစ်ထွန်းအောင် ထိန်းသိမ်းစောင့်ရှောက်ပေးရမည်ဖြစ်သည်။

သဘာဝပတ်ဝန်းကျင်နှင့် ရုပ်ဝတ္ထုပစ္စည်းများအား စဉ်ဆက်မပြတ် ထိန်းသိမ်းစောင့်ရှောက်မှုမရှိလျှင် အမြင်မတင့်ဘဲ ပျက်စီးယိုယွင်းနိုင်သည်။ ဥပမာ ပင်လယ်ကမ်းခြေများနှင့် လည်ပတ်ရာနေရာများ၌ သန့်ရှင်းသာယာလှပရေးအတွက် ထိန်းသိမ်းစောင့်ရှောက်မှုနှင့် စည်းကမ်းတကျရှိမှုတို့သည် အရေးကြီးသည်။ နိုင်ငံတကာမှ ဧည့်သည်များမှာ စည်းကမ်းနှင့်သန့်ရှင်းမှုတို့ကို အလေးထားသဖြင့် ထိုလုပ်ငန်းများအား စဉ်ဆက်မပြတ် လုပ်ကိုင်ကြရမည်။ ထို့အပြင် ခရီးသွားများလုံခြုံစိတ်ချမှုရှိရေးနှင့် အန္တရာယ်ကင်းရှင်းရေးကိုလည်း သက်ဆိုင်ရာ လုံခြုံရေးအဖွဲ့အစည်းများက ယခုထက်ပိုမိုတိုးမြှင့်ဆောင်ရွက်ပေးသင့်သည်။

ယခုအခါ မြန်မာနိုင်ငံတွင် ခရီးသွားလုပ်ငန်းများ တစ်နေ့တခြား တိုးတက်ကောင်းမွန်လာသောကြောင့် ရင်းနှီးမြှုပ်နှံလုပ်ကိုင်မည့်သူများလည်း တစ်စတစ်စတိုးတက်လာသည်။ စျေးကွက်အတွင်း စိတ်ချယုံကြည်စွာဖြင့် လက်တွဲလုပ်ဆောင်သွားရန် ကူညီဖိတ်ခေါ်ကြိုဆိုကြရမည်ဖြစ်သည်။ သို့ဖြစ်ရာ နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေအနေကောင်းများ ရရှိထားပြီးဖြစ်သော ခရီးသွားကဏ္ဍပိုမိုမြင့်မားတိုးတက်လာရေးအတွက် နိုင်ငံတော်၏ပံ့ပိုးကူညီမှုများကိုရယူပြီး ဆက်လက်တိုးတက်အောင် ဆောင်ရွက်နိုင်လိမ့်မည်ဟု ယုံကြည်ပါသည်။ ။

ကင်းထောက်လူငယ်တွေ့ ဆုံပွဲသို့ မန္တလေးတိုင်းဒေသကြီးမှ ကင်းထောက် ၉၆ ဦး တက်ရောက်မည်

မန္တလေး ဖေဖော်ဝါရီ ၂၉

မတ် ၁ ရက်မှ ၅ ရက်ထိ ပြုလုပ်မည့် မြန်မာနိုင်ငံ ကင်းထောက်လူငယ်များ တွေ့ဆုံပွဲကျင်းပမည့် ပုဗ္ဗားစခန်း၌ မန္တလေးတိုင်းဒေသကြီးမှ ကင်းထောက် လူငယ် ၉၆ ဦး တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

"တွေ့ဆုံပွဲကို တက်ရောက်မယ့် မန္တလေးတိုင်းဒေသကြီးမှ ကင်းထောက်လူငယ်တွေကို အုပ်ချုပ်ကြီးကြပ်မယ့်သူ နှစ်ဦးပါဝင်မှာဖြစ်ပြီး ကင်းထောက်လူငယ် အမျိုးသား ၄၈ ဦးနှင့် အမျိုးသမီး ၄၈ ဦးဖြစ်၍ စုစုပေါင်း ၉၆ ဦး ဖြစ်ပါတယ်။ မြန်မာနိုင်ငံ အထက်ပိုင်းက ရောက်လာမယ့် ကင်းထောက်တွေအားလုံး မန္တလေးမှာ ညအိပ်ရပ်နားမယ်"ဟု မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံး ညွှန်ကြားရေးမှူး ဒေါက်တာ စိုးမြင့်ထွန်းက ပြောသည်။

မြန်မာနိုင်ငံ အထက်ပိုင်းဒေသများဖြစ်သည့် ကချင်ပြည်နယ်မှ ကြီးကြပ်ရေးမှူး တစ်ဦးနှင့် ကင်းထောက်လူငယ် ၁၂ ဦး၊ ချင်းပြည်နယ်မှ ကြီးကြပ်ရေးမှူး တစ်ဦးနှင့် ကင်းထောက်လူငယ် ခြောက်ဦး၊ ရှမ်း(အရှေ့)မှ ကြီးကြပ်ရေးမှူးတစ်ဦးနှင့် ကင်းထောက်လူငယ် ခြောက်ဦး၊ ဗန်းမော်တက္ကသိုလ်မှ ကြီးကြပ်ရေးမှူး တစ်ဦးနှင့် ကင်းထောက်လူငယ် ခြောက်ဦးတို့ တက်ရောက်ကြမည်ဖြစ်ကြောင်း သိရသည်။

ပုဗ္ဗားစခန်းတွေ့ဆုံပွဲသို့ သွားရောက်ကြမည့် ကင်းထောက်လူငယ်များ အဖွဲ့သည် မန္တလေးမြို့ အထက (၂၂) နှင့် အလက(၇)စုရပ်များသို့ ရောက်ရှိပြီး ဖေဖော်ဝါရီ ၂၉ ရက်တွင် ညအိပ်ရပ်နားကာ မတ် ၁ ရက် နံနက်ပိုင်းတွင် ပုဗ္ဗားစခန်းသို့ မော်တော်ယာဉ်များဖြင့် ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**



မျက်စိဝေဒနာရှင်များအား အခမဲ့ခွဲစိတ်ကုသပေး

ရွှေသောင်ယံ ဖေဖော်ဝါရီ ၂၉

ပုသိမ်ခရိုင် ရွှေသောင်ယံမြို့နယ်ခွဲ ချောင်းသာတိုက်နယ်ကို အခြေခံ၍ မျက်စိဝေဒနာရှင်များအား အခမဲ့ စမ်းသပ်ခွဲစိတ် ကုသပေးခြင်းကို ကျန်းမာရေးဝန်ကြီးဌာန အစီအစဉ်ဖြင့် ချောင်းသာတိုက်နယ်ဆေးရုံတွင် ကုသပေးလျက်ရှိရာ ဆရာတော်ကြီးများနှင့် အလှူရှင်တို့၏ စုပေါင်းလှူဒါန်းငွေများဖြင့် ဖေဖော်ဝါရီ ၂၆ ရက်မှ ၂၉ ရက်အထိ နေ့စဉ် နံနက် ၆ နာရီမှ ညနေ ၆ နာရီအထိ စမ်းသပ်ခွဲစိတ် ကုသပေးခဲ့ပြီး မျက်စိဝေဒနာရှင်များအား ထမင်းဟင်းနှင့် တည်းခိုနေရာများပါ စီစဉ်ပေးခဲ့ကြောင်း သိရသည်။

ကိုကိုမောင်(ပြန်/ဆက်)

ရွှေစျေး၊ စက်သုံးဆီစျေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

ရန်ကုန် ဖေဖော်ဝါရီ ၂၉

ရန်ကုန်(ရွှေစျေး) - ၇၉၉၅၀၀ - ၇၉၉၅၀၀၊ မန္တလေး(ရွှေစျေး) ၇၉၉၅၀၀ - ၇၉၉၅၀၀

စက်သုံးဆီစျေးနှုန်း		ရန်ကုန်	မန္တလေး
(က) ဒီဇယ်	တစ်လီတာ	၄၆၀/၄၈၀ ကျပ်၊	၅၀၀/၅၂၀ ကျပ်
(ခ) အောက်တိန်း 95	တစ်လီတာ	၆၃၀/၆၅၀ ကျပ်၊	၇၇၀/၇၂၀ ကျပ်
(ဂ) အောက်တိန်း 92	တစ်လီတာ	၅၂၀/၅၃၀ ကျပ်၊	၅၈၀/၆၀၀ ကျပ်
(ဃ) အဆင့်မြင့် ဒီဇယ်	တစ်လီတာ	၅၀၀/၅၂၀ ကျပ်၊	၅၅၀/၅၇၀ ကျပ်

ရန်ကုန် လက်ကားစျေး

ဒီဇယ် တစ်လီတာ ၃၇၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၄၁၅ ကျပ်၊ အောက်တိန်း 92 တစ်လီတာ ၄၂၅ ကျပ်

၂၂-၂-၂၀၁၆ ရက်နေ့မှ ၂၆-၂-၂၀၁၆ ရက်နေ့အတွင်း ပြည်ပမှ မှာယူတင်သွင်းသည့် စက်သုံးဆီများ၏ ဆိပ်ကမ်းအရောက် ပျမ်းမျှအရင်းစျေးမှာ အောက်တိန်း 92 တစ်လီတာ ၄၂၃ ကျပ်နှင့် ဒီဇယ် တစ်လီတာ ၃၈၉ ကျပ် ဖြစ်ပါသည် (လက်လီဆိုင်များ ရောင်းစျေးအနေဖြင့် သိလျောင်စရိတ်၊ သယ်ပို့စရိတ်ခရီးအကွာအဝေးပေါ်မူတည်၍ စျေးနှုန်းကွာခြားနိုင်ပါသည်။)

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က)	အမေရိကန်	တစ်ဒေါ်လာ	- ၁၂၃၇. ၀	(ဆ)	ဂျပန်	တစ်ရာယန်း - ၁၀၈၆. ၇
(ခ)	ဥရောပ	တစ်ယူရို	- ၁၃၅၁. ၀	(ဇ)	တောင်ကိုရီးယား	တစ်ရာဝမ် - ၉၉. ၄၀၉
(ဂ)	တရုတ်	တစ်ယွမ်	- ၁၈၉. ၁၃	(ဈ)	ဩစတြေးလျ	တစ်ဒေါ်လာ - ၈၈၀. ၃၄
(ဃ)	ထိုင်း	တစ်ဘတ်	- ၃၄. ၆၀၆	(ည)	စင်ကာပူ	တစ်ဒေါ်လာ - ၈၇၆. ၉၀
(င)	မလေးရှား	တစ်ရင်းဂစ်	- ၂၉၂. ၈၂			
(စ)	အိန္ဒိယ	တစ်ရူပီး	- ၁၇. ၉၉၆			

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း

၂၀၁၅ Internal Auditor Training ကို ပထမဆုံး ပို့ချမည် သင်တန်းတွင် လေထုညစ်ညမ်းမှုကို ထိန်းချုပ်သည့်စနစ်ကို သင်ကြားမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၉

မြန်မာနိုင်ငံတွင် ပထမဦးဆုံး သင်ကြားပို့ချမည့် Environmental Management System(EMS) new version ဖြစ်သော ISO 14001: ၂၀၁၅ Awareness and Internal Auditor Course အား အမေရိကန်နိုင်ငံအခြေစိုက် ABS (Quality Evaluations) မှ မတ်လ ၇ ရက်နှင့် ၈ ရက်တို့တွင် စတင်သင်ကြားပို့ချမည်ဖြစ်ကာ အဆိုပါ သင်တန်း၌ စင်ကာပူနိုင်ငံနှင့် မြန်မာ နိုင်ငံမှ သင်တန်းနည်းပြဆရာ နှစ်ဦးက သင်ကြားပို့ချပေးသွားမည် ဖြစ်သည်။

မြန်မာနိုင်ငံရှိ ISO မှ တာဝန်ရှိသူဖြစ်သော ဦးလွင်ကိုကိုထွန်းက "သဘာဝပတ်ဝန်းကျင်မှာရှိနေတဲ့ လေထုညစ်ညမ်းမှုတွေကို ပတ်ဝန်းကျင် မထိခိုက်စေဖို့အတွက် ထိန်းချုပ်တဲ့စနစ်ကိုသိဖို့ သင်ကြားပို့ချပေးမှာပါ။ ဒါဆို ဘယ်လုပ်ငန်းခွင်မှာပဲဖြစ်ဖြစ် အလုပ်ဝင်ရောက်လုပ်ကိုင်တဲ့အခါမှာ ဒီသင်တန်းက ရလာတဲ့ပညာနဲ့ သင်တန်းသားတွေက အသုံးချလို့ရပါလိမ့်မယ်။ ပြီးတော့ သင်တန်းသားတွေအတွက် လွန်စွာ အကျိုးရှိနိုင်သလို နိုင်ငံတော်အတွက် လွန်စွာ အကျိုးရှိပါလိမ့်မယ်"ဟု ဆိုသည်။

ISO 9001: ၂၀၁၅ Certificate အား ABS QE နှင့် ရယူရန်ပြင်ဆင်လျက်ရှိသော ဆေးတက္ကသိုလ် (၁) ၌ QMS In House Training ကို လာမည့် မတ် ၅ ရက်နှင့် ၆ ရက်တို့တွင် ဖွင့်လှစ်သင်ကြားပို့ချပေးရန် စီစဉ်ထားကြောင်း သိရပြီး သင်တန်းနှင့် စပ်လျဉ်း၍ တက်ရောက်သင်ကြားလိုသူများရှိပါက ဖုန်း- ၀၉ ၉၇၁၈၉၂၅ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။ **(စိုးဝင်း-MLA)**

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ခင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ မေသကြီန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ချက်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၂၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ချက်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ လျူဘိုမီယာ ဇာအိုရာလက် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပို့)**

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံချစ်ကြည်ရေးနှင့်ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်ရေး၊ စွမ်းအင်၊ သတ္တု၊ လယ်ယာစိုက်ပျိုးရေး၊ စားသောက်ကုန်ကဏ္ဍများနှင့်စပ်လျဉ်းသည့် စက်မှုစီးပွားရေးလုပ်ငန်းများတွင် လာရောက်ရင်းနှီးမြှုပ်နှံရေး၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များနှင့် မြန်မာ့နိုင်ငံရေး ဖြစ်ပေါ်တိုးတက်မှုအခြေအနေများနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီးဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်း၊ ဦးဝဏ္ဏမောင်လွင်၊ ဦးစိုးသိန်း၊ ဒေါက်တာကံဇော်၊ ဦးရဲထွဋ်နှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး ချက်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ချက်သမ္မတနိုင်ငံ သံအမတ်ကြီး တက်ရောက်သည်။

(သတင်းစဉ်)

၂၀၁၅ ခုနှစ် ရွေးကောက်ပွဲလုပ်ငန်းစဉ်များတွင် အားနည်းချက်များရှိနိုင် ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးခြင်းလုပ်ငန်းစဉ်များ အကြံပြုစေလို

ရန်ကုန် ဖေဖော်ဝါရီ ၂၉

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်နှင့် တစ်နိုင်ငံလုံးအဆင့် ကဏ္ဍစုံမှ ပါဝင်ပတ်သက်သူများ အကြား ရွေးကောက်ပွဲဆိုင်ရာ ပြန်လည်သုံးသပ်ခြင်း အလုပ်ရုံဆွေးနွေးပွဲကို ရန်ကုန်မြို့ Park Royal ဟိုတယ်၌ ယနေ့ နံနက် ၉ နာရီတွင် ကျင်းပရာ**(အပေါ်ပို့)** ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေးက နိုင်ငံရေးပါတီများ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများ၊ မီဒီယာများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ ကဏ္ဍစုံမှ တာဝန်ရှိသူများနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌက ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲကို တည်ငြိမ်အေးချမ်းအောင်မြင်စွာ ကျင်းပပေးနိုင်ခဲ့သော်လည်း ရွေးကောက်ပွဲလုပ်ငန်းစဉ်များတွင် အားနည်းချက်များ ရှိနိုင်ကြောင်း၊ ရွေးကောက်ပွဲ လုပ်ငန်းစဉ်များ၊ ရွေးကောက်ပွဲများတွင် ပါဝင်ပတ်သက်ကြသည့် နိုင်ငံရေးပါတီများ၊ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများ၊ မီဒီယာများ၊ ကော်မရှင်နှင့် မဲရုံအဖွဲ့ဝင်များ၊ ရွေးကောက်ပွဲနှင့် ပတ်သက်သည့် အစိုးရအဖွဲ့အစည်းများ၏ အားသာချက်၊ အားနည်းချက်များနှင့်စပ်လျဉ်း၍ လည်းကောင်း၊ မဲဆန္ဒရှင် ပြည်သူလူထုအနေဖြင့် နောင်ရွေးကောက်ပွဲများတွင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရွေးကောက်ပွဲ၏ အနှစ်သာရနှင့်အညီ မှန်မှန်ကန်ကန် ရွေးချယ်မဲပေးနိုင်ရေးအတွက် ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးခြင်းလုပ်ငန်းစဉ်များ နှင့်စပ်လျဉ်း၍ အကြံပြုဆွေးနွေးစေလိုကြောင်း။

ယနေ့ အလုပ်ရုံဆွေးနွေးပွဲမှ သုံးသပ်ရရှိသည့် အကြံပြုချက်များသည် နောင်ရွေးကောက်ပွဲများကို အနှစ်သာရပြည့်၀၍ ပိုမိုလွတ်လပ်မျှတပွင့်လင်းမြင်သာသည့် ရွေးကောက်ပွဲများအဖြစ် ဖော်ဆောင်ရာတွင် အထောက်အကူဖြစ်စေနိုင်ကြောင်းနှင့် ရရှိလာသည့် သုံးသပ်အကြံပြုချက်များကို ရွေးကောက်ပွဲကော်မရှင်အသစ်သို့ လွှဲပြောင်းရာတွင် အကြံပြုသွားမှာဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးမြင့်နိုင်က ပြည်ထောင်စုအဆင့် ရွေးကောက်ပွဲဆိုင်ရာ သုံးသပ်ချက်များအား ဆွေးနွေးပြောကြားပြီး ပြည်တွင်း၊ ပြည်ပ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးအဖွဲ့များမှ အကြံပြုချက်များအား ဆွေးနွေးတင်ပြသည်။

ထင်နောက် မီဒီယာနှင့် ရွေးကောက်ပွဲဆိုင်ရာများ၊ အမျိုးသား၊ အမျိုးသမီး အခန်းကဏ္ဍ၊ ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုများနှင့် စေ့စပ်ညှိနှိုင်းရေးကော်မတီ၊ မဲပေးခြင်းနှင့် မဲရေတွက်ခြင်း၊ ရွေးကောက်ပွဲဆိုင်ရာ ဆိုးကျိုးများစီမံခန့်ခွဲမှုနှင့် လုံခြုံရေးဆိုင်ရာ အစီအစဉ်များ၊ မဲဆန္ဒရှင်ပညာပေးခြင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ရွေးကောက်ပွဲဆိုင်ရာများ၊ ရွေးကောက်ပွဲ ရလဒ်များအား စီမံခန့်ခွဲခြင်း၊ စွမ်းဆောင်ရည်မြှင့်တင်မှုသင်တန်း၊ နိုင်ငံရေးပါတီ ကျင့်ဝတ်များနှင့် စောင့်ကြည့်စစ်ဆေးရေးကော်မတီ၊ ကြိုတင်မဲဆိုင်ရာများ၊ မဲစာရင်း၊ နိုင်ငံသားမှတ်ပုံတင် အထောက်အထား၊ စာရွက်စာတမ်းများနှင့် စပ်လျဉ်း၍ တက်ရောက်လာသူများက အဖွဲ့များခွဲကာ သုံးသပ်အကြံပြု ဆွေးနွေးကြသည်။

အလုပ်ရုံဆွေးနွေးပွဲအား မတ် ၁ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ

သတင်းထုတ်ပြန်ချက်(၁/၂၀၁၆)

၁၃၇၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၆ ရက်
(၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၉ ရက်)

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသည် အမျိုးသားပြန်လည်သင့်မြတ်ရေး၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရေးတို့အတွက် တစ်နိုင်ငံလုံးငြိမ်းချမ်းရေးရရှိရေး ဖော်ဆောင်နေချိန်တွင် ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) အဖွဲ့မှ ရှမ်းပြည်နယ်မြောက်ပိုင်း ယခင် ဗမာပြည်ကွန်မြူနစ်ပါတီ ဗကပ ထိန်းချုပ်ဒေသဖြစ်သည့် မုန်းဘော်၊ မုန်းကိုးနှင့် ဖောင်းဆိုင်နယ်မြေသုံးခုတွင် ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) ၏ တပ်မဟာ (၆) ကို ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်နေ့တွင် တရားဝင်တိုးချဲ့ဖွဲ့စည်းခဲ့ကြောင်း သိရှိရပါသည်။

၂။ ယခုကဲ့သို့ တပ်မဟာ (၆) ကို ထပ်မံတိုးချဲ့ဖွဲ့စည်းခဲ့ခြင်းသည် နိုင်ငံတော်အစိုးရမှ ဖော်ဆောင်နေသည့် ပြည်တွင်းငြိမ်းချမ်းရေးကို အသိအမှတ်မပြု၊ ဆန့်ကျင်ရာရောက်သည့်အတွက် ကောင်းကျိုးထက် ဆိုးကျိုးကိုသာ သက်ရောက်စေမည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) ၏ တပ်မဟာ (၆) တိုးချဲ့ဖွဲ့စည်းခြင်းအား ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီအနေဖြင့် ပြင်းထန်စွာ ကန့်ကွက်ပါကြောင်း အသိပေး သတင်းထုတ်ပြန်အပ်ပါသည်။

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ

ထူးခြားမြစ်ရေအခြေအနေ

နေပြည်တော် ဖေဖော်ဝါရီ ၂၉

ဖေဖော်ဝါရီ ၂၉ ရက် မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းထွာချက်များအရ ရောဝတီမြစ်ရေသည် မြစ်ကြီးနားမြို့တွင် ခုနစ်ရက်အတွင်း ကိုးပေခွဲခန့်၊ ဗန်းမော်မြို့တွင် ငါးရက်အတွင်း ခြောက်ပေခန့်နှင့် ကသာမြို့တွင် လေးရက်အတွင်း ငါးပေခန့်၊ မန္တလေးမြို့နှင့် စစ်ကိုင်းမြို့တို့တွင် တစ်ရက်အတွင်း တစ်ပေခန့်၊ မြင်းမူမြို့တွင် တစ်ရက်အတွင်း နှစ်လက်မခန့် ကျဆင်းခဲ့ပြီးဖြစ်သည်။ အဆိုပါမြစ်ရေများသည် နှစ်ရက်အတွင်း ပခုက္ကူမြို့နှင့် ညောင်ဦးမြို့တို့တွင် ခြောက်ပေခွဲခန့်၊ ချောက်မြို့တွင် နှစ်ပေခန့်နှင့် တစ်ရက်အတွင်း မင်းဘူးမြို့နှင့် မကွေးမြို့တို့တွင် ပေဝက်ခန့်မြင့်တက်ခဲ့သည်။

ရောဝတီမြစ်အထက်ပိုင်းတွင် မြင့်တက်ခဲ့သောမြစ်ရေများသည် နောက်တစ်ရက်မှ နှစ်ရက်အတွင်း ညောင်ဦးမြို့နှင့်ချောက်မြို့တို့တွင် တစ်ပေမှ နှစ်ပေခန့်နှင့် နောက်တစ်ရက်မှ ငါးရက်အတွင်း မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟသံတမြို့နှင့် ဇလွန်မြို့တို့တွင် သုံးပေမှ ငါးပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်သည်။

(ကြေးမုံ)

ဘဂ္ဂဒက်အရှေ့ပိုင်း၌ ဗုံးခွဲတိုက်ခိုက်မှုများဖြစ်ပွား

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၂၉

အီရတ်နိုင်ငံမြို့တော် ဘဂ္ဂဒက်အရှေ့ပိုင်း၌ ဗုံးခွဲတိုက်ခိုက်မှုနှစ်ကြိမ်ဖြစ်ပွားခဲ့ရာ ၇၃ ဦးထက် မနည်းသေဆုံးပြီး လူအများအပြားဒဏ်ရာရရှိကြောင်း၊ ယင်းတိုက်ခိုက်မှုများမှာ မိမိတို့၏ လက်ချက်ဖြစ်သည်ဟု အိုင်အက်စ်အဖွဲ့က ထုတ်ပြန်ကြေညာကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

ဖေဖော်ဝါရီ ၂၈ ရက်က ဘဂ္ဂဒက်အရှေ့ပိုင်း ဆာဒါးစီတီးရှိ ရိုးယိုက်တို့နေထိုင်ရာ ရပ်ကွက်၌ တည်ရှိသော စျေးတစ်စျေးတွင် အသေခံဗုံးခွဲသူ နှစ်ဦးက တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

ယင်းနေ့ အစောပိုင်းက မရီဒီအမည်ရှိ စျေး၌ မော်တော်ဆိုင်ကယ်တစ်စီးကို အသုံးပြု၍ ဗုံးထောင်ကာ တိုက်ခိုက်မှုဖြစ်ပွားခဲ့ကြောင်း၊ ပထမဗုံးပေါက်ကွဲမှုအပြီး အသေခံဗုံးခွဲတိုက်ခိုက်မှု ပေါ်ပေါက်ခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ပြောကြားသည်။ **ဆင်ဟွာ။**

သည်ဟိုဂ်မြို့ရှိ သမာဓိခုံရုံး၏အဆုံးအဖြတ် တရုတ်လေးစားလိုက်နာရန် ဖိလစ်ပိုင်တိုက်တွန်း

မနီလာ ဖေဖော်ဝါရီ ၂၉

တောင်တရုတ်ပင်လယ်အတွင်း ပိုင်နက်နယ်မြေ အငြင်းပွားမှုဖြစ်ပေါ်နေခြင်းနှင့်ပတ်သက်၍ နယ်သာလန်နိုင်ငံ သည်ဟိုဂ်မြို့ရှိ သမာဓိခုံရုံး၏ ထွက်ပေါ်လာမည့် ဆုံးဖြတ်ချက်ကို တရုတ်နိုင်ငံက လေးစားလိုက်နာရန် ဖိလစ်ပိုင်နိုင်ငံက ဖေဖော်ဝါရီ ၂၉ ရက်တွင် တိုက်တွန်းလိုက်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

ရေနံနှင့် သဘာဝဓာတ်ငွေ့သိုက်များ ပေါကြွယ်ဝသည့် နေရာအဖြစ် ယူဆရသော တောင်တရုတ်ပင်လယ်၏ နယ်မြေအားလုံးနီးပါးကို မိမိ၏နိုင်ငံက ပိုင်ဆိုင်သည်ဟု တရုတ်နိုင်ငံက ကြေညာထားသည်။ ဘရူနိုင်း၊ မလေးရှား၊ ဖိလစ်ပိုင်၊ တရုတ်တိုင်ပေနှင့် ဗီယက်နမ်နိုင်ငံတို့သည် ရေကြောင်းပိုင်နက် အငြင်းပွားမှုတွင် ပါဝင်ပတ်သက်လျက်ရှိကြသည်။ တောင်တရုတ်ပင်လယ်သည် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ငါးထရီလီယံဖိုးခန့် ကုန်စည်တင်ပို့ရာ ရေလမ်းကြောင်းတည်ရာဖြစ်သည်။

သည်ဟိုဂ်မြို့ရှိ သမာဓိခုံရုံး၏အဆုံးအဖြတ်ရယူရန် ဖိလစ်ပိုင်နိုင်ငံ၏ဦးတိုက် လျှောက်ထားမှုကို တရုတ်နိုင်ငံက အသိအမှတ်ပြုရန်ငြင်းဆန်လျက်ရှိသည်။

တောင်တရုတ်ပင်လယ်တွင် ပိုင်နက်အငြင်းပွားမှုမှန်သမျှကို နှစ်နိုင်ငံ ဆွေးနွေးပွဲပြုလုပ်၍သာဖြေရှင်းရန် တရုတ်နိုင်ငံက ယင်း၏ သဘောထားရပ်တည်ချက်ကို ထုတ်ဖော်ခဲ့သည်။ သည်ဟိုဂ်မြို့ရှိ သမာဓိခုံရုံး၏ ဆုံးဖြတ်ချက်ကို လိုက်နာကာ နိုင်ငံတကာ တရားဥပဒေအပေါ် အခြေခံသည့် စနစ်ဖြင့် အငြင်းပွားမှုကို ဖြေရှင်းရမည်ဟု မိမိ၏နိုင်ငံနှင့် နိုင်ငံတကာအသိုက်အဝန်းတို့က တောင်းဆိုကြောင်း ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီး အဲလ်ဘတ်ဒဲလ်ရိုဆာရီယိုက မြို့တော်မနီလာ၌ ကြေညာချက်ထုတ်ပြန်ရာတွင် ဖော်ပြသည်။

အကယ်၍ ယင်းဆုံးဖြတ်ချက်ကို အလေးထားခြင်းမရှိပါက တရုတ်နိုင်ငံသည် ဥပဒေအထက်တွင်ရှိနေသော နိုင်ငံအဖြစ် အဓိပ္ပာယ်သက်ရောက်လိမ့်မည်ဖြစ်ကြောင်း အဆိုပါကြေညာချက်တွင်ဖော်ပြသည်။ **ရိုက်တာ။**

ရုရှား၌ ကျောက်မီးသွေးတွင်း ပေါက်ကွဲမှုဖြစ်ပွား မြေအောက်၌ ပိတ်မိနေသောလုပ်သားများ သေဆုံး

မော်စကို ဖေဖော်ဝါရီ ၂၉

ရုရှားနိုင်ငံမြောက်ပိုင်း ကိုမီဒေသ၌ ဖေဖော်ဝါရီ ၂၅ ရက်က ကျောက်မီးသွေးတွင်း ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီးနောက် မြေအောက်၌ပိတ်မိနေသော ကျောက်မီးသွေးတွင်းလုပ်သား ၂၆ ဦးကို ကယ်တင်နိုင်ရန်ကြိုးပမ်းလျက်ရှိကြောင်း၊ သို့ရာတွင် ၎င်းတို့အသက်ရှင်နိုင်မည်ဟု မျှော်လင့်နိုင်ခြင်းမရှိကြောင်း အရေးပေါ်အခြေအနေများဆိုင်ရာဝန်ကြီးဌာန၏ပြောကြားချက်ကို ကိုးကားလျက် ဒေသဆိုင်ရာသတင်းဌာနများက ဖေဖော်ဝါရီ ၂၉ ရက်တွင် သတင်းထုတ်ပြန်သည်။

ဆီဗာနာယာ ကျောက်မီးသွေးတွင်း၏မြေအောက်ထပ်၌ ပိတ်မိနေသူများသည် အသက်ရှင်လွတ်မြောက်ရန် အခွင့်အလမ်းမရှိနိုင်ဟု ခန့်မှန်းရကြောင်း အဆိုပါကျောက်မီးသွေးတွင်းကို လုပ်ကိုင်နေသော ဗော်ကူတော်ဂို သတ္တုတွင်းလုပ်ငန်းကော်ပိုရေးရှင်း၏ နည်းပညာဆိုင်ရာ ညွှန်ကြားရေးမှူး ဒန်းနစ်ပိုင်ကင်က သတင်းကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့သည်။

ဆီဗာနာယာ ကျောက်မီးသွေးတွင်း၌ မီသိန်းဓာတ်ငွေ့ ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီးနောက် အလုပ်သမားများ ပိတ်မိနေခဲ့သည်။ အဆိုပါကျောက်မီးသွေးတွင်းသည် မြို့တော်မော်စကို အရှေ့မြောက်ဘက် ကီလိုမီတာ ၁၉၀၀ ခန့်အကွာ အာတိတ်ဒေသမြို့ကြီးတစ်မြို့ဖြစ်သော ဗော်ကူတာမြို့၌ တည်ရှိသည်။

မြေအောက်၌ အလုပ်လုပ်ကိုင်နေသော လုပ်သား ၁၁၁ ဦးအနက် ပထမအကြိမ် ပေါက်ကွဲမှုကြောင့် လေးဦးသေဆုံးခဲ့သည်။ တတိယအကြိမ်ပေါက်ကွဲမှုကြောင့် ကယ်ဆယ်ရေးလုပ်သားငါးဦးနှင့် မိုင်းလုပ်သားတစ်ဦးတို့ သေဆုံးခဲ့ရသည်။ **ဆင်ဟွာ။**

အိန္ဒိယတွင် တောဆင်ရိုင်းများသောင်းကျန်း

နယူးဒေလီ ဖေဖော်ဝါရီ ၂၉

အိန္ဒိယနိုင်ငံတောင်ပိုင်းတွင် ရိုးရာပွဲတော်တစ်ခုကျင်းပနေစဉ် တောင်ဆင်ရိုင်းတစ်ကောင် ဒေါသတကြီးဝင်ရောက်သောင်းကျန်းသွားခဲ့ပြီး အနီးအနားတွင် ရပ်နားထားသည့် ကားအစီး ၂၀ ကျော်ကို တိုက်ခိုက်ဖျက်ဆီးသွားခဲ့သည်။

လွန်ခဲ့သည့် ဖေဖော်ဝါရီ ၂၅ ရက်တွင်လည်း ကီရာလာပြည်နယ်တွင် ဟိန္ဒူရိုးရာပွဲတော်တစ်ခုအတွင်း ဆင်ငါးကောင် ဝင်ရောက်လာခဲ့ပြီး ဆင်တစ်ကောင်သည် ရုတ်တရက်ဒေါသပေါက်ကွဲကာ ရပ်နားထားသည့် မော်တော်ဆိုင်ကယ်များနှင့် သုံးဘီးဆိုင်ကယ်များကို နင်းခြေဖျက်ဆီးသွားခဲ့သည်။ သို့သော် လူတစ်ဦးတစ်ယောက်မျှ ထိခိုက်အနာတရ မဖြစ်ခဲ့ပေ။

အိန္ဒိယနိုင်ငံတွင် ယခုလအစောပိုင်းတွင်လည်း အလားတူဖြစ်ရပ်တစ်ခုဖြစ်ပွားခဲ့သည်။ အိန္ဒိယနိုင်ငံအရှေ့ပိုင်း အနောက်ဘင်္ဂလားပြည်နယ်တွင် တောဆင်ရိုင်းတစ်ကောင် ဝင်ရောက်သောင်းကျန်းသွားခဲ့ပြီး အဆောက်အအုံ ၁၀၀ ကျော် ပျက်စီးသွားခဲ့သည်။ ယခုလအစောပိုင်းတွင် တရုတ်နိုင်ငံအနောက်တောင်ပိုင်း ယူနန်ပြည်နယ်တွင် တောဆင်ရိုင်းတစ်ကောင် သောင်းကျန်းမှုကြောင့် ကား ၁၅ စီး ပျက်စီးသွားခဲ့သည်။ **အင်နန်အိတ်ချ်ကေ။**

ဂျပန်ပင်လယ်ရေကြောင်း ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့၏ ပထမဆုံးအမျိုးသမီးရေယာဉ်မှူးခန့်အပ်

ယိုကိုဆူကာ ဖေဖော်ဝါရီ ၂၉

ဂျပန်ပင်လယ်ရေကြောင်းကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့၏ ပထမဆုံးသော အမျိုးသမီးသင်္ဘောကပ္ပတိန်က သူ၏ တာဝန်ဝတ္တရားများကို ဖေဖော်ဝါရီ ၂၉ ရက်က စတင်ထမ်းဆောင်ပြီး တိုကျိုမြို့ အနောက်တောင်ဘက် ယိုကိုဆူကာရေတပ် အခြေစိုက်စခန်း၌အခြေစိုက်သော ဖျက်သင်္ဘော ရာမာဂိရိ၏ပဲ့ကိုင်ရှင်အဖြစ် တာဝန်ယူလိုက်ကြောင်း သိရသည်။

ဖျက်သင်္ဘောရာမာဂိရိပေါ်ပါ ပင်လယ်ရေကြောင်းကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့ဝင် ၂၂၀ နှင့်ပတ်သက်၍ ကြီးကြပ်ကွပ်ကဲသူဖြစ်လာမည့် အသက်(၄၄)နှစ်ရှိ ရေယာဉ်မှူး မီဟိုအိုတာနီက အမျိုးသမီးပင်လယ်ရေကြောင်း ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့ဝင်များ အတွက် တာဝန်ဝတ္တရားများ ကျေပွန်အောင် ဆောင်ရွက်ရာတွင် ဥပမာကောင်းတစ်ခုဖြစ်လိုသော်လည်း မိမိကိုယ်ကိုယ် ဖိအားများစွာ မပေးဘဲ လုပ်ဆောင်မည်ဖြစ်ကြောင်း စာဖြင့် ရေးသားထားသော ထုတ်ပြန်ချက်တစ်ခုတွင် ပြောကြားသည်။

အိုဆာကာမြို့ဖွား ရေယာဉ်မှူး အိုတာနီမှာ ပထမဆုံးသော အမျိုးသမီးဘွဲ့ရများ အနက် တစ်ဦးဖြစ်ပြီး ၁၉၉၆ ခုနှစ်တွင် ဂျပန်အမျိုးသားကာကွယ်ရေးတက္ကသိုလ်မှ ဘွဲ့ရရှိခဲ့ပြီး ၂၀၁၃ ခုနှစ်တွင် လေ့ကျင့်ရေးဖျက်သင်္ဘောတစ်စင်း၏ ပထမဆုံးသောအမျိုးသမီးမာလိန်မှူးအဖြစ် ခန့်အပ်ခံခဲ့ရသည်။ ဂျပန်ပင်လယ်ရေကြောင်းကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့ဝင် စုစုပေါင်း ၄၂၀၀၀ အနက် ၂၄၀၀ မှာ အမျိုးသမီးတပ်ဖွဲ့ဝင်များဖြစ်သည်။ ရာမာဂိရိဖျက်သင်္ဘောတွင် အမျိုးသမီးများ အတွက် နေထိုင်ရန်အခန်းများ၊ အိမ်သာများ တပ်ဆင်ထားပြီး သင်္ဘောပေါ်၌ အမျိုးသမီး အမှုထမ်းဆယ်ဦးရှိသည်။

ကျိုဒိုနယူးစ်။

ပြည်တွင်းရေးရာ

✪ ရှေ့ဖုံးမှ

မိသားစုဘဝများ တည်ဆောက်နိုင်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ပညာရေးအသုံးစရိတ်များကို နိုင်ငံတော်ဘဏ္ဍာမှ ပိုမိုတိုးမြှင့်သုံးစွဲလျက်ရှိပါကြောင်း၊ အခြေခံပညာစာသင်ကျောင်းများ၊ ပညာရေးကောလိပ်၊ တက္ကသိုလ်များ၊ ဆရာဆရာမများကို ထပ်မံတည်ဆောက်ခန့်ထားခဲ့ပါကြောင်း၊ အခမဲ့ပညာရေးစနစ်ကို အခြေခံပညာမူလတန်းမှ အခြေခံပညာအထက်တန်းအဆင့်အထိ ကျင့်သုံးဆောင်ရွက်လျက်ရှိပြီး ထူးချွန်သူများအား စကောလားရှစ်၊ စတိုင်ပင်များဖြင့် လုံ့လောက်အောင်ပံ့ပိုးပေးနိုင်ခဲ့ပြီး နိုင်ငံခြားပညာတော်သင်များ စေလွှတ်ခဲ့ပါကြောင်း။

ကျန်းမာရေးကဏ္ဍတွင်လည်း အမျိုးသားကျန်းမာရေးပိုမိုမြင့်မားစေရန် ဘဏ္ဍာငွေများ ပိုမိုတိုးမြှင့်ဆောင်ရွက်ခဲ့ပါကြောင်း၊ ကာကွယ်ရေး၊ လုံခြုံရေး၊ သန့်ရှင်းသောသောက်သုံးရေရရှိရေး၊ လျှပ်စစ်မီးရရှိရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး စသည်တို့ကို အလေးထားဆောင်ရွက်ခဲ့ပါကြောင်း၊ ဆက်သွယ်ရေးကဏ္ဍကို တိုတောင်းသည့်အချိန်ကာလအတွင်း အလျင်အမြန်ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ခဲ့ပါကြောင်း၊ ပြည်သူများအနေဖြင့် ရုံးလုပ်ငန်းကိစ္စရပ်များ တစ်နေရာတည်းတွင် အပြီးဆောင်ရွက်နိုင်ရန် ပြည်သူ့ဝန်ဆောင်မှုရုံးများကို ဖွင့်လှစ်ခဲ့ပါကြောင်း၊ ပြည်သူ့ဗဟိုပြုလုပ်ငန်းများ ထိရောက်စွာဆောင်ရွက်နိုင်ရန် မြို့မိမြို့ဖများပါဝင်သည့် ကော်မတီများကို ဖွဲ့စည်းဆောင်ရွက်ခဲ့ပါကြောင်း၊ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုတွင် ပထမဆုံးသောခြေလှမ်းသည် လွန်စွာအရေးကြီးပြီး များစွာသိမ်မွေ့ရန် လိုအပ်ပါကြောင်း၊ တိုင်းပြည်ထာဝရရေရှည်ဖွံ့ဖြိုးတိုးတက်ရန် ငြိမ်းချမ်းရေး၊ တန်းတူညီမျှဆက်ဆံရေး၊ အလုပ်အကိုင်နှင့်အခွင့်အလမ်းများဖန်တီးပေးရေးနှင့် စဉ်းစားတွေးခေါ်မှုတို့သည် အရေးကြီးပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က ကျေးလက်ဒေသများ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးဖော်ဆောင်နိုင်ရန် ကျေးလက်ဒေသဖွံ့ဖြိုးရေး မဟာဗျူဟာမူဘောင်ကိုရေးဆွဲပြီး ကျေးလက်ဒေသအခြေခံအဆောက်အအုံများကို တည်ဆောက်ပြုပြင်ခဲ့ပါကြောင်း၊ ကျေးလက်အသက်မွေးဝမ်းကျောင်းဖွံ့ဖြိုးရေးနှင့် မိသားစုဝင်ငွေတိုးပွားရေးအတွက် မြစ်မိမ်းရောင်စီမံကိန်း၊ လူထုဗဟိုပြုစီမံကိန်းနှင့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ရေးဆွဲခြင်းစီမံကိန်းများကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်အကောင်အထည်ဖော်လျက်ရှိပါကြောင်း၊ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများကို မြို့နယ် ၃၄ မြို့နယ်၌ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့အပြင် နိုင်ငံတကာအဖွဲ့အစည်း ၃၁ ဖွဲ့ဖြင့် စီမံကိန်း ၃၅ ခုကို နိုင်ငံတစ်ဝန်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း။

လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါကြောင်း၊ မွေးမြူရေးကဏ္ဍ၊ ရေလုပ်ငန်းကဏ္ဍနှင့် ကျေးလက်ဒေသများ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးကို မဟာဗျူဟာများ၊ အစီအစဉ်များ ရေးဆွဲချမှတ် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါကြောင်း၊ အသားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် အသားထုတ်လုပ်မှု တိုးတက်ရေးရည်မှန်းချက်များဖြင့် တိရစ္ဆာန်မျိုးကောင်းမျိုးသန့်များ အခမဲ့ဖြန့်ဝေခြင်း၊ အရည်အသွေးမြင့် မျိုးရေခဲချောင်းများကို ပြည်ပမှ တင်သွင်း၍ မြှင့်တင်ခြင်း၊ တိရစ္ဆာန်ဆေးဝါးနှင့် အစာဖြန့်ဖြူးခြင်းတို့ကို ဆောင်ရွက်ခဲ့ပါကြောင်း၊ ကူးစက်ရောဂါထိန်းချုပ်နိုင်ရေး အတွက်လည်းကောင်း၊ မွေးမြူထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်းကောင်း တိုင်းရင်းသားစီးပွားရေးလုပ်ငန်းရှင်များနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ခဲ့ပါကြောင်း၊ အနာဂတ်လူငယ်များ ဉာဏ်ရည်မြင့်မားတိုးတက်စေရန်နှင့် ကျန်းမာသန်စွမ်းသည့် မျိုးဆက်သစ်များ ပေါ်ပေါက်လာစေရန် ကျောင်းနေအရွယ်ကလေးများ နို့တိုက်ကျွေးခြင်းကို ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှ စတင်၍ အခြေခံပညာကျောင်းများ၌ ဆောင်ရွက်ခဲ့ပါကြောင်း၊

ငါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ငါး၊ ပုစွန်၊ ကဏန်းကန်များတိုးချဲ့မွေးမြူခြင်း၊ ငါးမျိုးများစိုက်ထည့်ပေးခြင်း၊ ငါးမွေးတောင်သူများအား ငါး၊ ပုစွန်သားပေါက်များဖြည့်ဆည်းပေးခြင်း၊ ရင်းနှီးမတည်ငွေများထုတ်ချေးပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ပါကြောင်း၊ ငါးမွေးမြူရေးဆိုင်ရာဥပဒေနှင့် ပင်လယ်ငါးလုပ်ငန်းဥပဒေများကို ပြင်ဆင်ပြဋ္ဌာန်းနိုင်ခဲ့ကြောင်း ပြောကြားသည်။

ယင်းနောက် တွေ့ဆုံပွဲသို့တက်ရောက်လာကြသည့် ဒေသခံပြည်သူများ၏ ဒေသဖွံ့ဖြိုးရေးဆိုင်ရာမေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးများသည် တာချီလိတ်လေဆိပ်ညီ့ခန်းမသို့ရောက်ရှိကြရာ မြန်မာအမျိုးသားလေကြောင်းလိုင်းမှ ဒုတိယအထွေထွေမန်နေဂျာ ဦးနိုင်စောလွင်က လေယာဉ်ဆင်းသက်မှုနှင့် ခရီးသည်ဝင်ထွက်မှုအခြေအနေများ၊ လေဆိပ်ဆိုင်ရာအချက်အလက်များ၊ တာချီလိတ်လေဆိပ်နှင့် ကျိုင်းတုံလေဆိပ်အဆင့်မြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးများက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။

(သတင်းစဉ်)

မြန်မာနိုင်ငံအား ကမ္ဘာ့ကင်းထောက်အဖွဲ့ဝင်နိုင်ငံအဖြစ်ပါဝင်နိုင်ရေး လာရောက်လေ့လာအကဲဖြတ်

သတင်း၊ ဓာတ်ပုံ - ကိုလတ် (သတင်းစဉ်)

ရန်ကုန် ဖေဖော်ဝါရီ ၂၉

မြန်မာနိုင်ငံအား ကမ္ဘာ့ကင်းထောက် အဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်နိုင်ရေး လာရောက်လေ့လာအကဲဖြတ်ရန်ရောက်ရှိနေသော ကမ္ဘာ့ကင်းထောက်အဖွဲ့နှင့် အာရှပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်အဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၏သဘောထားတင်ပြချက်များ ဖြစ်ပါသည်။

Mr. Goran Hagerdal (Global Director Scouting Development)

ကမ္ဘာ့နိုင်ငံလုံးဆိုင်ရာ ကင်းထောက်လှုပ်ရှားမှုမှာ ဂလိုဘယ်ဒါရိုက်တာအနေနဲ့ အလုပ်လုပ်ပါတယ်။ ရုံးက မလေးရှားနိုင်ငံကွာလာလမ်ပူမှာဖြစ်ပြီး နိုင်ငံတကာကို လှည့်လည်ဆွေးနွေးရာမှ မြန်မာနိုင်ငံကိုရောက်လာရတဲ့ အဓိကအကြောင်းရင်းက မြန်မာနိုင်ငံကနေ ကမ္ဘာ့ကင်းထောက်အဖွဲ့ဝင်အနေနဲ့ ပြန်ဖြစ်လာဖို့အတွက် ကျွန်တော်တို့ ဘယ်လိုပူးပေါင်းခွင့်ရမလဲ။ ကူညီလို့ရမလဲဆိုတာ ဆွေးနွေးဖို့ရောက်လာတာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံကို ကမ္ဘာ့ကင်းထောက် အဖွဲ့ဝင်နိုင်ငံဖြစ်ဖို့ အတွက်ဆိုရင် ကျွန်တော်တို့တတ်နိုင်တဲ့ ဘက်က အစွမ်းကုန်ကူညီမှာ ဖြစ်ပါတယ်။ ဥပမာပြောရရင် အခု မြန်မာကင်းထောက်အဖွဲ့အနေနဲ့ ပြန်လည်ကြီးစားပြီးလုပ်တာတွေက အလွန်ကိုအံ့ဩဖို့ကောင်းပါတယ်။ တကယ်ကို သဘောကျဖို့ ကောင်းပါတယ်။ နောက်ထပ်တစ်ဆင့် ကျွန်တော့်အနေနဲ့ အကြံပေးရရင် မြန်မာ့ကင်းထောက်အဖွဲ့ရဲ့အစီအစဉ်တိုင်းမှာ လူငယ်တွေ အင်အားနဲ့ပူးပေါင်းပြီး လူငယ်တွေရဲ့အသံကို နားထောင်ပြီး မြန်မာကင်းထောက်ရဲ့ လှုပ်ရှားမှုတွေ ရှေ့ဆက်သွားဖို့ ကျွန်တော်တို့အနေနဲ့ ပူးပေါင်းကူညီသွားမှာ ဖြစ်ပါတယ်။

Mr. Paul. D. Parkinson (Chairman Asia-Pacific Regional Scout Committee)

ကျွန်တော်က အာရှပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်ကော်မတီဥက္ကဋ္ဌတာဝန်ထမ်းဆောင်နေပြီး မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ကို ကမ္ဘာ့ကင်းထောက်အဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်အသိအမှတ်ပြုနိုင်ဖို့နဲ့ အာရှပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်လုပ်ငန်းတွေသိရှိနိုင်ဖို့ လာရောက်တာဖြစ်ပါတယ်။

တစ်ကမ္ဘာလုံးမှာရှိတဲ့ ကင်းထောက်အဖွဲ့ဝင်တွေဟာ ရည်မှန်းချက်တူညီတဲ့ အရည်အသွေးနဲ့၊ ရည်ရွယ်ချက်တွေနဲ့ သွားနေတာဖြစ်ပါတယ်။ ဒီလိုသွားရာမှာ မြန်မာနိုင်ငံက ကင်းထောက်အဖွဲ့တွေရဲ့လှုပ်ရှားမှုဟာ ယခင်ကနည်းတူ ကမ္ဘာ့ကင်းထောက်အဖွဲ့ လှုပ်ရှားမှုကို ဆက်လက်တန်ဖိုးထားမယ်လို့ မျှော်လင့်ပါတယ်။ ဒီလှုပ်ရှားမှုတွေဟာ နိုင်ငံတစ်နိုင်ငံ၊ ဥပမာ မြန်မာနိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်ရေးကို မြန်မာကင်းထောက်အဖွဲ့ လူငယ်များရဲ့လှုပ်ရှားမှုအင်အားနဲ့ တစ်ထောင့်တစ်နေရာက ပါဝင်နိုင်သူများဖြစ်ဖို့၊ လူငယ်တွေကလည်း ဗလင်းတန်ဖွံ့ဖြိုးတိုးတက်တဲ့ လူငယ်များအဖြစ် ဦးဆောင်ပြီး မြန်မာ့ကင်းထောက်အဖွဲ့ရဲ့လုပ်ငန်းများတိုးတက်ဖို့ တစ်ထောင့်တစ်နေရာက ပါဝင်နိုင်တဲ့ အဖွဲ့အစည်းဖြစ်ဖို့ ကြိုးစားဖို့ ကျွန်တော့်အနေနဲ့ တိုက်တွန်းချင်ပါတယ်။ ကင်းထောက်ရဲ့ မွန်မြတ်တဲ့လုပ်ငန်းတွေကို လူငယ်တွေက မိမိကိုယ်ကို တာဝန်ယူနိုင်ရုံသာမက လူထုရဲ့ ပတ်ဝန်းကျင်နဲ့ နိုင်ငံအတွက် တာဝန်ယူနိုင်မယ့် လူငယ်တွေမွေးထုတ်ဖို့ ရည်ရွယ်ချက်နဲ့ မြန်မာနိုင်ငံအနေနဲ့ ကမ္ဘာ့

Mr. Goran Hagerdal

Mr. Paul. D. Parkinson

Mr. J.Rizal C.Pangilinan

ကင်းထောက်လှုပ်ရှားမှု၊ ကင်းထောက်လုပ်ငန်းတွေကို အားတက်သရောပါဝင်ပြီး မြန်မာနိုင်ငံရဲ့အပြောင်းအလဲတစ်စုံတစ်ရာကို စွမ်းဆောင်နိုင်တဲ့ လူငယ်တွေ၊ မိမိပတ်ဝန်းကျင်၊ မိမိနိုင်ငံအတွက် အလုပ်အကျွေးပြုနိုင်မယ့် လူငယ်တွေဖြစ်အောင် မြန်မာကင်းထောက်အဖွဲ့ရဲ့ လှုပ်ရှားမှုတွေမှာ တက်ကြွစွာပါဝင်ဖို့ တိုက်တွန်းလိုပါတယ်။

Mr. J.Rizal C.Pangilinan (Regional Director, Asia-Pacific Scout Committee)

ကျွန်တော်ကတော့ အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်အဖွဲ့ ဒေသဆိုင်ရာ ဒါရိုက်တာအနေနဲ့ ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့မှာ နုံးထိုင်ပြီး ဖိလစ်ပိုင်နိုင်ငံသားဖြစ်ပါတယ်။ မြန်မာနိုင်ငံကိုလာရတဲ့ ရည်ရွယ်ချက်က မြန်မာနိုင်ငံကင်းထောက် အဖွဲ့က ကင်းထောက်လှုပ်ရှားမှုများ ပြန်လည်စတင် ပြီး ကမ္ဘာ့ကင်းထောက်အဖွဲ့ဝင်နိုင်ငံဖြစ်လာဖို့ ကြိုးစားရာမှာ အဖွဲ့အစည်းပိုင်းဆိုင်ရာ လိုအပ်တဲ့စွမ်းရည်တွေ၊ စွမ်းရည်ဖွံ့ဖြိုးတိုးတက်မှုတွေ အတွက်နည်းပညာပိုင်းဆိုင်ရာ ကူညီဖို့ လာရောက်ခြင်းဖြစ်ပါတယ်။ မြန်မာနိုင်ငံကင်းထောက်အဖွဲ့ အဖွဲ့အစည်းပိုင်းဆိုင်ရာ စွမ်းရည်ဖွံ့ဖြိုးတိုးတက်စေဖို့ အရင်းအမြစ်နဲ့ သင်တန်းဆရာတွေ ပူးပေါင်းပါဝင်ပြီး ရှေ့ဆက်အကူအညီပေးသွားမှာဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ၁၉၆၄ ခုနှစ်ကနေပြီး ပျောက်ကွယ်ခဲ့တဲ့ မြန်မာကင်းထောက်အဖွဲ့အနေနဲ့ ကမ္ဘာ့ကင်းထောက်အဖွဲ့ဝင်နိုင်ငံ ဖြစ်လာဖို့၊ နိုင်ငံတကာမှာ ကင်းထောက်အဖွဲ့ အစည်းအနေနဲ့ ရပ်တည်နိုင်ဖို့ အတွက်ဆိုရင် အာရှဒေသပစိဖိတ်ဒေသဆိုင်ရာရုံးနဲ့ ကမ္ဘာ့ကင်းထောက်အဖွဲ့ လှုပ်ရှားမှုဆိုင်ရာ အဖွဲ့အစည်းတွေ ပူးပေါင်းပြီး ကူညီပေးဖို့ ရောက်ရှိလာတာဖြစ်ပါတယ်။ အခုဆိုရင် မြန်မာနိုင်ငံမှာ မကြာမီက ဖွဲ့စည်းထားတဲ့ မြန်မာနိုင်ငံအမျိုးသား ကင်းထောက်အဖွဲ့နဲ့ မိမိတို့ပူးပေါင်းပြီး မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ချုပ် ရှေ့လုပ်ငန်းစဉ်များ၊ မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ ဖွဲ့စည်းပုံများကို ထည့်သွင်းစဉ်းစားကူညီရန် လာရောက်ခြင်းဖြစ်ပါတယ်။ မြန်မာနိုင်ငံ အနေနဲ့ ကင်းထောက်လှုပ်ရှားမှုများ အခိုင်အမာရှိပြီး လွန်ခဲ့တဲ့ နှစ်ပေါင်း ၅၀ ကျော်ကင်းကွာခဲ့ရာမှ ယခုမှ အသစ်ပြန်လည်လုပ်ဆောင်ရလို့ ယခင်ကရှိပြီးသား စည်းမျဉ်းများ၊ လှုပ်ရှားမှုများ၊ ယခုခေတ်နှင့် လျော်ညီစွာ ဘယ်လိုလုပ်ပေးရမယ်ဆိုတဲ့ ရည်ရွယ်ချက်တွေကို မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့နဲ့ လက်တွဲဆောင်ရွက်မှာဖြစ်ပါတယ်။ နောက်ထပ် လိုအပ်တဲ့ နည်းပညာဆိုင်ရာလှုပ်ရှားမှုတွေ၊ နည်းပညာဆိုင်ရာထောက်ပံ့မှုတွေကို အာရှပစိဖိတ်ကင်းထောက်အဖွဲ့နဲ့ ကမ္ဘာ့ကင်းထောက်အဖွဲ့တို့ ပူးပေါင်းကူညီပေးမှာ ဖြစ်ပါတယ်။ ဒါကလည်း ၂၀၁၇ ခုနှစ်တွင် အဇာဘိုင်ဂျန်၌ ကျင်းပမယ့် ကမ္ဘာလုံးဆိုင်ရာ ကင်းထောက်အဖွဲ့ အစည်းတွေက မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ကို လက်ခံနိုင်ဖို့ မိမိတို့ကြိုးစားပေးမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့အနေနဲ့ ကမ္ဘာ့ကင်းထောက်အဖွဲ့ဝင် ဖြစ်နိုင်ဖို့ ကျွန်တော်တို့ ကူညီပေးနေတဲ့အတွက် မြန်မာနိုင်ငံအနေနဲ့ ကမ္ဘာ့ကင်းထောက်အဖွဲ့ဝင် နိုင်ငံဖြစ်ရန် ယခုအခါ အလားအလာရှိကြောင်း ပြောလိုပါတယ်။

■

ကျေးလက်ရေအခက်အခဲရှိပါက ဆက်သွယ်နိုင်

ရန်ကုန် ဖေဖော်ဝါရီ ၂၉

ရန်ကုန်တိုင်းဒေသကြီး မော်ဘီမြို့နယ်အတွင်း နွေရာသီသောက်သုံးရေပြတ်လပ်မှုမဖြစ်ပေါ်စေရေးအတွက် ဘွက်ကြီးကျေးရွာရှိ ကလိုင်ထော်ရပ်နှင့် ပိန္နဲကုန်းကျေးရွာများသို့ ကွင်းဆင်းစစ်ဆေး၍ ကျေးရွာရှိ ရပ်မိရပ်ဖများနှင့် တွေ့ဆုံကာ ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကျေးလက်မြို့နယ်ဦးစီးမှူးက မော်ဘီမြို့နယ်ရှိ ကျေးရွာအုပ်စု ၃၉ အုပ်စု ကျေးရွာပေါင်း ၁၉၅ ရွာရှိသည့်အနက် ရေရှားပါးမှုနှင့်ကြုံတွေ့နိုင်သော ဘွက်ကြီးကျေးရွာရှိ ကလိုင်ထော်ရပ်၊ အထယုကျေးရွာ၊ ပိန္နဲကုန်းကျေးရွာ၊ ကုလားကုန်းကျေးရွာရှိ ကန်သာယာရပ်၊ ဘန့်ဘွေးကုန်း(ရှေ့) စသည့်ကျေးရွာ ငါးရွာတွင် နွေရာသီသောက်သုံးရေပြတ်လပ်မှုမရှိစေရေးအတွက် ဌာနအစီအမံများဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ သောက်သုံးရေပြတ်လပ်မှုဖြစ်ပေါ်ပါက မြို့နယ်ကျေးလက်ရုံးဌာန ဖုန်း- ၀၁-၆၂၁၄၇၇နှင့် ၀၉-၄၀၂၆၆၃၉၇၃ တို့သို့ ဆက်သွယ်၍ အကူအညီတောင်းခံနိုင်ကြောင်း အသိပေးခဲ့သည်။ **(ကြေးမုံ)**

ဆရာကြီးဖတ်ဖို့ ရင်ဖွင့်စာ

ကြင်လှိုင်မြင့်

ဆရာကြီးခင်ဗျား. .

ဆရာကြီးနဲ့မတွေ့ရတာလည်း အတော်လေးကြာခဲ့ပါပြီ။ ဆရာကြီးနေကောင်းပါရဲ့လား။ နေကောင်းပါစေလို့လည်း ကျွန်တော်ကြင်လှိုင်မြင့် အမြဲဆုတောင်းနေပါတယ်ခင်ဗျာ။

ဆရာကြီးဆီကို ကျွန်တော် စာရေးရတဲ့ အကြောင်းရင်းကတော့ ကျွန်တော့်ရဲ့ စာရေးဝါသနာနဲ့ပတ်သက်ပြီး လူတွေ ဝေဖန်၊ အကဲဖြတ်၊ အားပေးကြတာလေးကို ဆရာကြီးဆီမှာ ရင်ဖွင့်ချင်လို့ပါ။

စာရေးတဲ့အလုပ်ကို ကျွန်တော်ဝါသနာကြီးလွန်းတာ ဆရာကြီးအသိပါပဲ။ ဒါပေမယ့်လည်း အခြေအနေမပေးခဲ့လို့ အခု အသက်လေးဆယ်ကျော်မှ ကလောင်စသွေးခဲ့ရတာပါ။ ကလောင်သစ်တွေရဲ့ ထုံးစံအတိုင်းပေါ့ ဆရာကြီးရာ။ တစ်ခုခုရေးပြီးရင် ဟိုလူ့လိုက်ပြ၊ ဒီလူ့လိုက်ဖတ်ခိုင်းနဲ့ ဂနာငြိမ်တယ်ကို မရှိပါဘူး။ တစ်ပုဒ်တစ်လေလေးများ ပုံနှိပ်အက္ခရာတင်ခွင့်ရလို့ကတော့လား ဘာပြောကောင်းမလဲ။ မြောက်ကြွမြောက်ကြွနဲ့ ခြောက်လမကအောင် လျှောက်ပြလိုက်ရတာအမော။

သန်လျင်မြို့နယ် စာရေးဆရာအသင်းက ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလမှာကျင်းပခဲ့တဲ့ ဝတ္ထုတိုပြိုင်ပွဲကို 'ဒုတိယဖြစ်သွားသော ပထမ' ခေါင်းစဉ်နဲ့ ဝင်ပြိုင်လိုက်တာ ကျွန်တော် တတိယဆုရခဲ့ပါတယ်။ အဲဒီတုန်းက ကျွန်တော်ပျော်ခဲ့တဲ့အပျော်ကို ဆရာကြီးကို ခေါ်ပြချင်လိုက်တာ။ အခုမှစရေးတယ်။ အခုပဲဆုရတယ်ဆိုတော့ ကျွန်တော့်လောက်ပျော်တဲ့လူ ဒီကမ္ဘာမှာ ရှိနိုင်ပါဦးမလား။ စာရေးဆရာကြီး သန်လျင်မောင်မောင်ဦး အယ်ဒီတာလုပ်တဲ့ ကြော်ငြာကမ္ဘာဂျာနယ်မှာ ပုံနှိပ်ဖော်ပြတာခံခဲ့ရလို့ ပိုပြီးတော့တောင် ပျော်ခဲ့ရသေးတယ်။

ကျွန်တော်က စာသင်တဲ့အလုပ်နဲ့ အသက်မွေးတာဆိုတော့ ကျွန်တော့်မှာ ကျောင်းသားတော်တော်များများ ရှိပါတယ်။ အဲဒီ 'ဒုတိယဖြစ်သွားသော ပထမ' ဝတ္ထုတိုကို ကျွန်တော့်ကျောင်းသူကျောင်းသားလေးတွေကို လိုက်ဖတ်ခိုင်းခဲ့ပါတယ်။ လိုကွက်၊ ဟာကွက်လေးတွေ မေးစမ်းကြည့်ခဲ့ပါတယ်။ တွေ့လိုက်ရတဲ့ အခြေအနေကတော့ အားမရစရာပါ ဆရာကြီးရာ။ ကျွန်တော့် ကျောင်းသားကျောင်းသူတော်တော်များများက ကျောင်းစာမှာပဲ စိတ်ဝင်စားကြပြီး အပြင်စာပေတွေကို သိပ်စိတ်မဝင်စားကြဘူး။ ဖတ်ပါဆိုလို့ဖတ်ကြတဲ့ကလေးတွေကလည်း ရသကိုမခံစားတတ်ကြဘူးဖြစ်နေတယ်။ သူတို့ရဲ့ စိတ်ကိုပါအောင် မဆွဲဆောင်နိုင်ဘူးဆိုတော့ ကျွန်တော် ဝတ္ထုတိုက မကောင်းသေးဘူး။ လိုနေသေးတယ်လို့ပဲ ခံစားမိပါတယ်။

ဖတ်ကြည့်တဲ့ ကလေးတစ်ယောက်က ဝေဖန်ပါတယ်။ 'ဆုရွေးချယ်ရေးအဖွဲ့က လူကြီးတွေ ဘာကိုကြိုက်ပြီး ရွေးလိုက်တာလဲမသိဘူး'တဲ့။ ကျွန်တော့်ရင်ထဲ နင့်ကနဲဖြစ်ခဲ့ရပါတယ်။ ဖြစ်ချင်တော့ ကျောင်းသားလေး တစ်ယောက်ရဲ့အမေက မဂ္ဂဇင်းတွေမှာ ဝတ္ထုတိုတွေ၊ ကဗျာတွေရေးနေတာကြာပြီဆိုလို့ အားကိုးမိခဲ့တယ်။ သူ့ဆီက ဝေဖန်အကြံပြုတာကို ကျွန်တော်သိချင်တာနဲ့. . .

'သားလေး. . . မေမေ့ကို ဒီဝတ္ထုတိုလေးဖတ်ပြီး ဘာလိုလဲဆိုတာ အကြံလေးပေးပါဦးလို့ ပြောပေးပါ'။

နောက်တစ်နေ့မှာ အဲဒီကလေး အတန်းလာတက်တော့. . .

'ဆရာ. . ပြောရမှာ အားတော့နာပါတယ်။ မေမေက မှာလိုက်ပါတယ်။ ဒီလိုအရေးအသားမျိုးတွေနဲ့ မြန်မာ့စာပေလောကကြီးကို လာမဖျက်ဆီးပါနဲ့တဲ့'။

မကြီးလွန်းဘူးလား ဆရာကြီးရာ. . ။ ကျွန်တော် လိုချင်တဲ့ ဝေဖန်ချက်ဆိုတာက ဒါမျိုးမှမဟုတ်တာ။ 'ဘယ်နေရာမှာ ပေါ့နေတယ်။ ဘယ်နေရာမှာ အချိတ်အဆက်မမိဖြစ်နေတယ်။ ဘယ်နေရာမှာ စကားလုံးအသုံးမှားနေတယ်'ဆိုတဲ့ ဝေဖန်ချက်မျိုးကို လိုချင်တာပါ။ အဲဒီဝေဖန်သံကိုကြားပြီး "ကျွန်တော်ပဲ မြန်မာ့စာပေလောကကြီးကို တကယ်ဖျက်ဆီးပစ်မိနေပြီလား"ဆိုပြီး စိတ်မကောင်းဖြစ်ခဲ့ရပါသေးတယ်ဆရာကြီး။

ကံကောင်းချင်တော့ မြန်မာနိုင်ငံ စာရေးဆရာအသင်းကြီးက ကြီးမှူးဖွင့်လှစ်တဲ့ စာရေးနည်းအခြေခံလမ်းညွှန်သင်တန်း အပတ်စဉ်(၆)ကို ကျွန်တော် တက်ရောက်သင်ယူခဲ့ပါတယ်။ ဆရာကြီး ဆရာမကြီးတွေက သူတို့သိသမျှ၊ လေ့လာမိသမျှတွေကို အိတ်သွန်ဖာမှောက် ဆရာစားမချန်ဘဲ စေတနာထား သင်ကြားပေးခဲ့တဲ့အတွက် ဘယ်ဟာက ဝတ္ထုတို၊ ဘယ်ဟာက ဆောင်းပါးဆိုပြီး ကောင်းကောင်းနားမလည်၊ မသဲကွဲခဲ့တဲ့ ကျွန်တော် ဝတ္ထုတို၊ အက်ဆေးနဲ့ ဆောင်းပါးတွေကို ကောင်းကောင်းကြီး ခွဲခြားနားလည်တတ်ခဲ့ပါပြီ။

အဲဒီသင်တန်းအပတ်စဉ်(၆) သင်တန်းဆင်းပွဲမတိုင်ခင်မှာ သင်တန်းသား သင်တန်းသူတွေ ဘယ်လောက် အတိုင်းအတာအထိ သင်ယူလေ့လာတတ်မြောက်သွားကြပြီလဲဆိုတာကို သိဖို့အတွက် ဆရာကြီးတွေ၊ ဆရာမကြီးတွေက ကဗျာပြိုင်ပွဲ၊ ဝတ္ထုတိုပြိုင်ပွဲ၊ ဆောင်းပါးပြိုင်ပွဲ၊ ပြဇာတ်ပြိုင်ပွဲတွေ ကျင်းပပေးခဲ့ပါတယ်။ ကျွန်တော် ပြိုင်ပွဲလေးမျိုး စလုံးဝင်ပြိုင်ခဲ့ပါတယ်။ ကဗျာ၊ ဆောင်းပါးနဲ့ ပြဇာတ်မှာ ဆုမဝင်ခဲ့ပါဘူး။ ဝတ္ထုတိုပြိုင်ပွဲမှာတော့ "ပွင့်ပင့်ရိုးတံ" ခေါင်းစဉ်နဲ့ တတိယဆုရခဲ့ပါတယ်။ ကျွန်တော့်အမေရဲ့ မေတ္တာကို ဖော်ပြရေးဖွဲ့ထားတဲ့ ဇာတ်လမ်းလေးပါ။

ကျွန်တော် တတိယဆုရတယ်ဆိုတဲ့သတင်းကို အသိစာရေးဆရာတစ်ယောက်က ဘယ်ကနေဘယ်လို သတင်းရသွားလဲမသိဘူး။ ကျွန်တော့်ရဲ့ ဆုရဝတ္ထုတိုကို ဖတ်ချင်တယ်ဆိုလို့ သွားပို့ပေးခဲ့ရပါသေးတယ်။ သူက အတွေ့အကြုံရှိပြီးသားဆိုတော့ ကျွန်တော့်ဝတ္ထုတိုရဲ့ အားနည်းချက်၊ အားသာချက်လေးတွေကို သူ့အမြင်၊ သူ့ရှုထောင့်ကနေ ဝေဖန်ပေးနိုင်မှာပဲဆိုပြီး မျှော်လင့်ခဲ့ပါတယ်။

"ထားခဲ့ပါနော်၊ ဖတ်ပြီးရင် ဝေဖန်ပေးမယ်"။

တစ်ပတ်လောက်ကြာတော့ ဖုန်းဆက်ပြီးမေးကြည့်တယ်။ ဖတ်လို့မပြီးသေးဘူးလို့ပြောပါတယ်။ ဟုတ်ပါတယ်လေ။ စာဆိုတာ အချိန်ယူပြီး အေးအေးဆေးဆေးဖတ်မှ အရသာရှိတာမဟုတ်လား။ နောက်သုံးရက်လောက်ကြာတော့ ဖုန်းထပ်ဆက်ကြည့်လိုက်ပါတယ်။ သူ့ရဲ့ ဝေဖန်ချက်ကိုလည်း ကြည့်ပါဦး ဆရာကြီးရာ . . .

"ဆုရွေးချယ်ရေးအဖွဲ့ကလူတွေ မျက်စိမပါကြဘူးနဲ့ တူတယ်။ ဒါဝတ္ထုတိုကောင်းမှမဟုတ်တာ။ ဒီဇာတ်လမ်းထဲမှာပါတဲ့ ဇာတ်ကောင်ပြောတဲ့စကားကို စာဖတ်တဲ့သူတွေ ကြားသွားရင် ရယ်ကြလိမ့်မယ် . . . .

"အမေတို့နဲ့မနေချင်လို့ ဝေးရာမှာ လာနေပါတယ်ဆိုမှ ဘာဖြစ်လို့လိုက်လာတာလဲ"။

"သားကြီးရယ် အမေနဲ့ပြန်လိုက်ခဲ့ပါ"။

"မလိုက်နိုင်ဘူး။ ကျွန်တော် အမေနဲ့ပြန်လိုက်ရင် သိက္ခာကျမှာပေါ့။ ကျွန်တော်က ပညာတတ်ဖြစ်နေပြီ။ အမေပြန်ပါတော့"။

"လာပါသားရယ်။ အမေ့ကိုသနားပါ။ ပြန်လိုက်ခဲ့ပါသားရယ်။ နော်. . . . သားကြီး"။

"ဒီအမေ. . . . ပြောရတော်တော်ခက်တာပဲ။ အမေ မပြန်ရင် ကျွန်တော် ကိုယ့်ကိုယ်ကိုယ်သတ်သေပစ်လိုက်မှာနော်။ ကျွန်တော်က ပြောရင်ပြောတဲ့အတိုင်း လုပ်တတ်တယ်ဆိုတာ အမေသိတယ်မဟုတ်လား"။

"အဲဒီဇာတ်ကောင်ပြောတဲ့စကားကို ဖတ်မိတဲ့လူတွေက "ကောင်းတယ်။ သေကွာ။ သေသေ"ဆိုပြီး ပြောကြမှာပေါ့တဲ့။ မှတ်ထား။ လောကကြီးမှာ ဘယ်သားသမီးမှ ကိုယ့်မိဘကို ဒီလို မိုက်မိုက်ရိုင်းရိုင်း ပြန်ပြောလေ့မရှိဘူး။ အတိတ်မှာလည်း မရှိခဲ့ဘူး။ အခုလည်း မရှိဘူး။ နောင်လည်းရှိမှာမဟုတ်ဘူး။ စာရေးဆရာဆိုတာ ဇာတ်ကောင်ကို ကိုယ်ကြိုက်သလို ဖန်တီးနိုင်ခွင့်ရှိတယ်ဆိုပေမယ့်လည်း ဖြစ်နိုင်ခြေရှိတာကိုပဲ ဖန်တီးရတယ်။ မဖြစ်နိုင်တာကို မဖန်တီးရဘူး။ စာလေး ဘာလေးလည်း ဖတ်ဦး"တဲ့။

ဘုရား. . . ဘုရား။ သားသမီးက မိဘကို မရိုမသေ ဆက်ဆံတဲ့ အဖြစ်အပျက်ဇာတ်လမ်းတွေ အတိတ်မှာ တကယ်ပဲမရှိခဲ့ဘူးလား။ ဆရာကြီးသိရင် ပြောပြပါဦး။ ကျွန်တော်တော့ ဟုတ်သလိုလို၊ မဟုတ်သလိုလိုနဲ့ ဝေခွဲမရဖြစ်နေပြီ။ ကျွန်တော်တို့ငယ်ငယ်တုန်းက သင်ယူခဲ့ရတဲ့ "မင်းကတော်"ဝတ္ထုက ဘာအကြောင်းရေးထားတာလဲဆိုတာ ကျွန်တော်ပြန်ဖတ်ကြည့်လိုက်ပါဦးမယ်။ ကျွန်တော်ကိုယ်တိုင်ကလည်း ဗဟုသုတ နည်းပါးလွန်းတယ်လေ။

ကျွန်တော်လည်း စာရေးဆရာဘဝကို အခုမှပဲ နားလည်သဘောပေါက်တော့တယ်။ တကယ်မလွယ်တဲ့ အလုပ်ကြီးပါလားဆရာကြီးရေ. . . ။ ခေတ်အဆက်ဆက်ကနေ ဒီကနေ့အထိ မယိုင်မလဲဘဲ ခိုင်ခိုင်မြဲမြဲနဲ့ အပြိုင်ကြရပ်တည်နေနိုင်ကြတဲ့ စာရေးဆရာကြီးတွေ၊ စာရေးဆရာမကြီးတွေ ဒီလိုအခက်အခဲမျိုးတွေကို ဘယ်လိုရင်ဆိုင်ဖြတ်ကျော်ခဲ့ကြပါလိမ့်ဆိုပြီးတော့တောင် စဉ်းစားနေမိပါသေးတယ်။

ပြီးတော့လည်း ရှိပါသေးတယ်ဆရာကြီး။ တချို့ စာရေးဆရာတွေက တစ်ပတ်ကို နှစ်ရက်တန်သည်၊ သုံးရက်တန်သည်သတ်မှတ်ပြီး တွေ့ဆုံဆွေးနွေးကြ၊ အတွေ့အကြုံတွေ ဖလှယ်ကြပါတယ်။ တကယ့်ကို ကောင်းမွန်တဲ့အစီအစဉ်တွေပါ။ ကျွန်တော်တို့လို ကလောင်သစ်တွေအတွက် လေ့လာစရာ၊ အတုယူစရာ ဗဟုဋ္ဌာနကြီးတွေပါပဲ။ အဲဒီကိုသွားရင် ကိုယ်ရေးထားတာလေးတွေ ယူသွား။ အတွေ့အကြုံရှိတဲ့ ဆရာကြီးတွေ၊ ဆရာမကြီးတွေကိုပြကြည့်။ သူတို့ပေးတဲ့အကြံဉာဏ်တွေကို ရေးမှတ်၊ ကလောင်သစ်တွေဆိုတာ ဒီလိုပဲမေးရ၊ စမ်းရတယ်ဆိုတာ ကျွန်တော်သိပါတယ်ဆရာကြီး။

ဒါပေမယ့်လည်း ကျွန်တော်အလုပ်လုပ်မှ မိသားစုစားဝတ်နေရေးပြေလည်မှာဆိုတော့ အဲဒီဆွေးနွေးပိုင်းတွေကို ကျွန်တော်မသွားနိုင်ခဲ့ပါဘူး။ အဲဒီအတွက်လည်း ကျွန်တော့်ကို ဘဝင်မြင့်တယ်။ စာရေးဆရာတောင်မဖြစ်သေးဘူး။ ဆရာကြီးစတိုင်ဖမ်းတယ်ဆိုပြီး ပြောတဲ့အသံလေးတွေလည်း ကျွန်တော်ပြန်ကြားရပါတယ်။ စိတ်မကောင်းပါဘူးဆရာကြီးရာ။ ကျွန်တော် အဲဒီလိုလူစားမျိုး မဟုတ်ရပါဘူး။ ကျွန်တော့်မိသားစု စီးပွားရေးအခြေအနေကြောင့်ပါ။ စီးပွားရေးအတွက် နောက်ကြောင်းပူစရာမလိုတဲ့ စာရေးဆရာတွေကတော့ ပုံမှန်သွားနိုင်ကြတာပေါ့။ အားကျမိပါတယ်ဗျာ။

အဲဒီလို ကျွန်တော့်ရဲ့ ကလောင်နုနုလေးကို ယိုင်လုလုဖြစ်စေတဲ့အချက်တွေကြောင့် ကျွန်တော်လည်း စိတ်ဓာတ်တွေကျပြီး စာမရေးဖြစ်တာ အတော်လေးကြာခဲ့ပါပြီ။ တစ်ခုစဉ်းစားမိလိုက်ပါတယ်။ ဆရာမဂျူးလို ဝါရင့်သမ္ဘာရင့်တောင်မှ ဝေဖန်ရေးနဲ့မလွတ်တာ ကျွန်တော်လို ခြောက်တီးခြောက်ချက် ကလောင်ကွေး၊ ကလောင်နှေးက ဘာဖြစ်လို့ ဒီလိုအခြေအနေသေးသေးလေးတွေကို လိုက်ပြီးခံစားနေမှာလဲဆိုပြီး အားတင်းလိုက်မိပါတယ် ဆရာကြီး။

အဲဒီအချိန်မှာပဲ သူငယ်ချင်းစာရေးဆရာ လင်းထူးဇော် ပို့လိုက်တဲ့ စာတိုလေးတစ်စောင်ကို လက်ကိုင်ဖုန်းကနေတစ်ဆင့် ရရှိခဲ့ပါတယ် . . . .

"လဲမှာကြောက်လို့ မလျှောက်ဘဲနေရင် မရောက်ဘဲနေမှာပေါ့။ ပန်းတိုင်ဆိုတာ လှမ်းနိုင်သူရဲ့အလံပဲလေ" တဲ့။ သူငယ်ချင်းကို ကျေးဇူးတင်လိုက်တာဆရာကြီးရာ။ သုညအောက်ကို ဇောက်ထိုးဆင်းနေတဲ့ ကျွန်တော့် စိတ်ဓာတ်တွေကို ပြန်မတ်ပြန်တက်အောင် အားပေးတတ်တဲ့ သူငယ်ချင်းပါ။ သူ့ဆီက စာတိုလေးရရပြီးချင်းပဲ ကျွန်တော် ဝတ္ထုတိုတစ်ပုဒ် ထိုင်ရေးလိုက်ပါတယ်။ ကျွန်တော့်အမေရဲ့ မေတ္တာကို ဖော်ပြရေးဖွဲ့ထားတဲ့ နောက်ထပ်ဇာတ်လမ်းလေးတစ်ပုဒ်ပါ။

ရေးပြီးတော့ ဘယ်မဂ္ဂဇင်းတိုက်ကိုပို့ရမလဲဆိုပြီး စဉ်းစားလိုက်တဲ့အခါ ဂျာနယ်တစ်စောင်ကိုပဲ သတိရလိုက်မိတယ်။ ဒါကြောင့် ကျွန်တော် အဲဒီဂျာနယ်တိုက်ကို အားကိုးတကြီးသွားခဲ့ပါတယ်။ အဲဒီဂျာနယ်တိုက်ရဲ့ စာမူလက်ခံတဲ့ စားပွဲမှာ ဦးလေးကြီးတစ်ယောက်ထိုင်နေတယ်။

ကျွန်တော့်ဝတ္ထုတိုလေးကို အဲဒီဦးလေးကြီးစားပွဲပေါ် တင်လိုက်ပါတယ်။ ဦးလေးကြီး ဟိုလှန်ဒီလှော ဖတ်နေတာကို ကျွန်တော်ရင်ခုန်ပြီး စောင့်နေခဲ့ပါတယ်။

'မင်းက ဒါကို ဝတ္ထုတိုလို့ခေါ်တာလား။ ဝတ္ထုတိုရဲ့ သဘောကို မင်းဘယ်လောက်နားလည်လဲ။ မှတ်ထား။ ဝတ္ထုတိုဆိုတာ အများဆုံး ငါးမျက်နှာ၊ ခြောက်မျက်နှာလောက်ပဲရှိရမယ်။ အခု မင်းဝတ္ထုတိုက ရှစ်မျက်နှာတောင်မှဆိုတော့ မင်းက နာမည်ကြီးစာရေးဆရာလည်း မဟုတ်ဘူး။ နောက်ပြီး ဘာမှမဟုတ်တဲ့မင်းဝတ္ထုတို အတွက် ငါတို့ဂျာနယ်မှာ တစ်မျက်နှာအပြည့်မပေးနိုင်ဘူး။ ငါတို့ဂျာနယ်မှာ စာမျက်နှာတစ်မျက်နှာကို သိန်း ၄၀၊ သိန်း ၅၀ တန်တယ်ဆိုတာ မင်းသိရဲ့လား' ဆိုပြီး အဲဒီဦးလေးကြီး ကျွန်တော့်ကို သေသေချာချာလေး ရှင်းပြခဲ့ပါတယ်။ အဲဒီလောက်ကြီး တန်ဖိုးကြီးမှန်း ကျွန်တော် မသိခဲ့တာကို သိအောင်ဗဟုသုတမျှဝေပေးခဲ့တဲ့ အဲဒီဦးလေးကြီးကို ကျေးဇူးတင်လိုက်မိပါတယ်။

'စာလုံးအရွယ်အစား ၁၆ နဲ့ရိုက်ထားလို့ စာမျက်နှာများနေတာပါခင်ဗျာ' လို့ ကျွန်တော်ရှင်းပြတဲ့အခါ အဲဒီဦးလေးကြီးက 'မင်းဟာမင်း ရိုက်ချင်တာနဲ့ရိုက် ငါတို့အလုပ် မဟုတ်ဘူး'လို့ ညင်ညင်သာသာလေး တုံ့ပြန်ခဲ့ပါတယ်။ အားကိုးတကြီးနဲ့လာတဲ့ကျွန်တော် အလုပ်များနေတဲ့ ဦးလေးကြီးကို နှောင့်ယှက်သလိုဖြစ်သွားလို့ အားနာလိုက်တာဆရာကြီးရာ။

'အဲဒါဆို ကျွန်တော်ဘာဆက်လုပ်ရမလဲ'။

'ငါးမျက်နှာရအောင် အတိုချုပ်ပြီး ပြန်လာခဲ့'။

ကလောင်သစ်လေးကို အခုလို ဖေးဖေးထူထူ၊ ကူကူဆွဲဆွဲ နွေးထွေးလက်လေးတွေ ကမ်းပေးလိုက်တဲ့ အဲဒီဦးလေးကြီးရဲ့ ဖြူစင်မနောလေးကို စာဘယ်လိုဖွဲ့ရမှန်းတောင် မသိဖြစ်ခဲ့ရပါတယ်။

ဖြုတ်၊ ထုတ်၊ နုတ်လုပ်ပြီး ငါးမျက်နှာကျန်တယ်။ အဲဒီဦးလေးကြီးဆီ ကျွန်တော် နောက်တစ်နေ့မှာ ထပ်သွားခဲ့ပါတယ်။

'ငါးမျက်နှာကတော့ အဆင်ပြေသွားပြီ။ ဒါပေမယ့် စာမျက်နှာယူဆပုံမှားနေတယ်။ အပေါ်တစ်လက်မခွဲ၊ အောက်တစ်လက်မခွဲ၊ ဘယ်တစ်လက်မခွဲ၊ ညာတစ်လက်မခွဲထားပြီး ပြန်ပြင်လာခဲ့ပါ'။

တိကျလိုက်တဲ့ဦးလေးကြီးပါပဲ။ အသေးစိတ်လည်း မြင်တတ်တယ်။ အပေါ်တစ်လက်မ၊ အောက်တစ်လက်မ၊ ဘယ်တစ်လက်မ၊ ညာတစ်လက်မဆိုပြီး ပုံစံချစာရိုက်နေတဲ့ ကျွန်တော့်အမှားကို ပြင်ပေးတတ်တာကလည်း အဲဒီဦးလေးကြီးရဲ့ မွေးရာပါအရည်အချင်းပါပဲ ဆရာကြီး။

သူပြင်ခိုင်းတဲ့အတိုင်းပြင်ပြီး နောက်တစ်နေ့ ထပ်လာတင်တော့. . .

'နောက်ဆုံးစာမျက်နှာမှာရေးထားတဲ့ နာမည်တို့၊ အသက်တို့၊ ပညာအရည်အချင်းတို့ဆိုတာတွေက မလိုအပ်ဘဲ အပိုထည့်ထားတာတွေ။ သွားပြန်ဖြုတ်ပြီး မနက်ဖြန်မှပြန်လာခဲ့'။

အပိုအလိုမကြိုက်တတ်တဲ့ဦးလေးကြီးရဲ့ တိကျပြတ်သားစိတ်ထားလေးကလည်း လေးစားအတုယူစရာကောင်းတယ်နော် ဆရာကြီး။

သူပြင်ခိုင်းတဲ့အတိုင်း အမည်၊ ဖုန်းနံပါတ်၊ နေရပ်လိပ်စာနဲ့ ဝန်ခံကတိပဲရေးပြီး လာပြန်ပြတော့. . .

'မင်းတို့ကောင်တွေ ဝန်ခံကတိရေးပြီး တခြားမဂ္ဂဇင်းတိုက်တွေကို ခိုးခိုးပို့နေတာ ငါမသိဘူးများ အောက်မေ့နေလား။ သွား. . . အဲဒီ ဝန်ခံကတိ စာကြောင်းတွေဖြုတ်ပြီး မနက်ဖြန်ပြန်လာခဲ့"။

ဆရာကြီးရယ်. . . အဲဒီဦးလေးကြီး ကိုယ့်ဂျာနယ်တိုက်တင်မကဘူး။ အပြင်လောကမှာ ဘာတွေ ဖြစ်ပျက်နေသလဲဆိုတာကိုပါ အားပင့်နားစွင့်တတ်ပါလား။ ဝန်ထမ်းကောင်းဆိုတာ ဒီလိုပဲဖြစ်ရမှာပေါ့။ အပြင်လောကကိုလည်း စိတ်ဝင်စားတတ်ရမယ်လေ။ ဒါမှလည်း သူများတွေ ဘာတွေလုပ်နေကြလဲဆိုတာကိုသိပြီး ကိုယ်ပြင်ဆင်စရာရှိတာ ပြင်ဆင်လို့ရမှာပေါ့။ လေးစားဖို့ကောင်းတယ်နော် ဆရာကြီး။

ကလောင်သစ်တွေရဲ့ ထုံးစံအတိုင်းပေါ့ ဆရာကြီးရာ။ တစ်ခုခုရေးပြီးရင် ဟိုလူ့လိုက်ပြ၊ ဒီလူ့လိုက်ဖတ်ခိုင်းနဲ့ ဂနာငြိမ်တယ်ကိုးမရှိပါဘူး။ တစ်ပုဒ်တစ်လေလေးများ ပုံနှိပ်အက္ခရာတင်ခွင့်ရလို့ကတော့လား ဘာပြောကောင်းမလဲ။ မြောက်ကြွမြောက်ကြွနဲ့ ခြောက်လမကအောင် လျှောက်ပြလိုက်ရတာအမော။

စာမျက်နှာ ၇ သို့

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

ဖွဲ့စည်းရန်လျာထားသည့် ကော်မတီ၊ ကော်မရှင်တို့မှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များအား အတည်ပြုချက်ရယူသွားမည်

နေပြည်တော် ဖေဖော်ဝါရီ ၂၉

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပရာ မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်၊ အာဆီယံပါလီမန်များညီလာခံဆိုင်ရာ ပူးပေါင်းကော်မတီနှင့် နိုင်ငံတကာပါလီမန်များအဖွဲ့ဆိုင်ရာ ပူးပေါင်းကော်မတီများဖွဲ့စည်းရေးနှင့် စပ်လျဉ်း၍ ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဦးအေးသာအောင်က မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ (Myanmar Parliamentary Union-MPU) ဖွဲ့စည်းခြင်းနှင့်စပ်လျဉ်း၍ လွှတ်တော်သို့ ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်းက ယင်းအဖွဲ့တွင် ဥက္ကဋ္ဌအဖြစ် ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်း၊ ဒုတိယဥက္ကဋ္ဌအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ အတွင်းရေးမှူးအဖြစ် ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဦးအေးသာအောင်တို့အပါအဝင် အဖွဲ့ဝင် ၁၈ ဦးဖြင့် ဖွဲ့စည်းရန် လျာထားကြောင်း တင်ပြသည်။

ဆက်လက်၍ ရမည်းသင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကိုကိုနိုင်က ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် ဖွဲ့စည်းခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုလွှတ်တော်နာယက က ယင်းကော်မရှင်တွင် ဥက္ကဋ္ဌအဖြစ် သူရဦးရွှေမန်း၊ ဒုတိယဥက္ကဋ္ဌ-၁ အဖြစ် ရမည်းသင်းမဲဆန္ဒနယ်မှ ဦးကိုကိုနိုင်၊ ဒုတိယဥက္ကဋ္ဌ-၂ အဖြစ် ပဲခူးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာဝင်းမြတ်အေး၊ အတွင်းရေးမှူးအဖြစ် ဦးခင်မောင်ထွန်းအပါအဝင် အဖွဲ့ဝင် ၃၅ ဦးဖြင့် ဖွဲ့စည်းရန်လျာထားကြောင်း တင်ပြသည်။

အလားတူ ရခိုင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်ထုမေက အာဆီယံပါလီမန်များညီလာခံဆိုင်ရာ ပူးပေါင်းကော်မတီ (Joint Committee on ASEAN Inter-Parliamentary Assembly) ဖွဲ့စည်းခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုလွှတ်တော်နာယက က ယင်းကော်မတီတွင် ဥက္ကဋ္ဌအဖြစ် သုံးခွဲမဲဆန္ဒနယ်မှ ဒေါ်စုစုလွင်၊ အတွင်းရေးမှူးအဖြစ် ရခိုင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်ထုမေ အပါအဝင် အဖွဲ့ဝင် ၁၆ ဦးဖြင့်ဖွဲ့စည်းရန် လျာထားကြောင်းတင်ပြသည်။

ထို့အတူ စမ်းချောင်းမဲဆန္ဒနယ်မှ ဦးဘိုဘိုဦးက နိုင်ငံတကာပါလီမန်များအဖွဲ့ဆိုင်ရာ ပူးပေါင်းကော်မတီ (Joint Committee on Inter-Parliamentary Union) ဖွဲ့စည်းခြင်းနှင့်စပ်လျဉ်း၍ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုလွှတ်တော်နာယက က ယင်းကော်မတီတွင် ဥက္ကဋ္ဌအဖြစ် ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇုန်လှယ်ထန်း၊ အတွင်းရေးမှူးအဖြစ် စမ်းချောင်းမဲဆန္ဒနယ်မှ ဦးဘိုဘိုဦး အပါအဝင် အဖွဲ့ဝင် ၁၆ ဦးဖြင့် ဖွဲ့စည်းရန် လျာထားကြောင်း တင်ပြသည်။

အဆိုပါဖွဲ့စည်းရန်လျာထားသည့် ကော်မတီ၊ ကော်မရှင်တို့မှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များအား မတ် ၁ ရက်တွင် ကျင်းပမည့် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတွင် အတည်ပြုချက်ရယူသွားမည်ဖြစ်သည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို မတ် ၁ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဟုလျာထားကြောင်း သိရသည်။

(သတင်းစဉ်)

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် ချက်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးအား လက်ခံတွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၂၉

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် ချက်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ လျူဘိုမီယာဇာအိုရာလက် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။**(ယာပုံ)**

တွေ့ဆုံစဉ် နှစ်နိုင်ငံလွှတ်တော်အချင်းချင်း ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံပြည်သူအချင်းချင်း ချစ်ကြည်ရင်းနှီးမှုပိုမိုခိုင်မြဲရေး၊ နှစ်နိုင်ငံအစိုးရအချင်းချင်း ပူးပေါင်းဆောင်ရွက်ရေးနှင့် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးတီဝွန်မြတ်၊ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဒေါ်စုစုလွင်၊ ကော်မတီအတွင်းရေးမှူး ဦးဘိုဘိုဦးနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော် ချက်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ချက်သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Jaroslav Dolecek လည်း တက်ရောက်သည်။

(သတင်းစဉ်)

တန်ဖိုးသင့် ဧရာဝဏ်ရတနာအဆင့်မြင့်အိမ်ရာများ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်တွင် ဆောက်လုပ်လျက်ရှိ

ရန်ကုန် ဖေဖော်ဝါရီ ၂၉

ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ အနာဂတ်အတွက် ခေတ်နှင့်အညီ လူနေမှုအဆင့်အတန်းမြင့်မားစွာ နေထိုင်နိုင်ရေးအတွက် အိမ်ရာစီမံကိန်းအဆောက်အအုံပေါင်း မြောက်မြားစွာတို့ကို အကောင်အထည်ဖော်ဆောက်လုပ်လျက်ရှိသည်။ ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ဧရာဝဏ်လမ်းမကြီးနှင့် ရတနာလမ်းမကြီး ဘေးရှိ စီမံကိန်းဧရိယာ ဧက ၂၂၀ မြေကွက်ပေါ်တွင် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၏ စီစဉ်ကြီးကြပ်မှုဖြင့် စင်ကာပူနိုင်ငံမှ နည်းပညာယူ၍ ၂၀၁၃ ခုနှစ် ဧပြီလမှစတင်ကာ အိမ်ရာများဆောက်လုပ်လျက်ရှိသည်။

စုစုပေါင်းအဆောက်အအုံ ၄၉ လုံးကို သုံးနှစ်စီမံကိန်းဖြင့် အကောင်အထည်ဖော်ကာ အပြီးတည်ဆောက်မည်ဖြစ်သည်။ အထပ်မြင့် ၁၈ ထပ် အိမ်ရာ အဆောက်အအုံတစ်လုံးလျှင် ဓာတ်လှေကား လေးစင်းပါရှိပြီး အရေးပေါ်မီးအချက်ပေး အလိုအလျောက်စနစ်တပ်ဆင်ထားသည်။ မီးဘေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိခြင်း၊ စွန့်ပစ်ပစ္စည်းအမှိုက်များကို စွန့်ပစ်နိုင်ရန်အတွက် သီးသန့်စီမံဆောင်ရွက်ထားရှိခြင်း၊ သဘာဝမြေလျင် ဒဏ်ခံနိုင်ရန်အတွက် တိုင်းတာဆောက်လုပ်ထားရှိခြင်း၊ မြေညီထပ်တွင် အခမ်းအနားကျင်းပနိုင်ရန်အတွက် ခန်းမနှင့် ယာဉ်များရပ်နားနိုင်ရန် ကားပါကင်နေရာကိုပါ ထည့်သွင်းဆောင်ရွက်ထားရှိကြောင်း သိရသည်။

အဆောက်အအုံ၏ တိုက်ခန်း၌ စတုရန်းပေ ၆၀၀ အကျယ်ရှိ အိပ်ခန်းနှစ်ခန်းပါ အခန်းပေါင်း ၄၀၀၊ အဆောက်အအုံနှင့် စတုရန်းပေ ၁၂၀၀ အကျယ်ရှိ အိပ်ခန်းသုံးခန်းပါ အခန်းပေါင်း ၂၇၆ ခန်းရှိ အဆောက်အအုံတို့ကိုလည်း ဆောက်လုပ်ထားသည်။ ပဲခူးမြစ်၏ လေကောင်းလေသန့်နှင့် သဘာဝရှုခင်းကို ခံစားနေထိုင်နိုင်ရန်အတွက် နိုင်ငံတကာအဆင့်မီ မြို့ပြဖွံ့ဖြိုးမှု အိမ်ရာအဆောက်အအုံသည် ၂၄ နာရီ ရေ မီး၊ ဓာတ်လှေကားများကို သင့်တင့်သော ဝန်ဆောင်မှုရရှိနိုင်ခြင်းကြောင့် နွေးထွေးသောမိသားစုဘဝနှင့် နေထိုင်နိုင်ရေးအတွက် လုံခြုံစိတ်ချမှုရစေသောအိမ်ရာဖြစ်သည်။

၂၀၁၆ ခုနှစ်တွင် လူတိုင်းအိမ်ရာပိုင်ဆိုင်မှုရရှိစေရန် တန်ဖိုးအသင့်အတင့် ဧရာဝဏ်ရတနာအထပ်မြင့်အိမ်ရာကို C.H .D. B (အိုးအိမ်ဘဏ်)နှင့် ဆက်သွယ်၍ နှစ်ရှည်အရစ်ကျငွေပေးချေမှုစနစ်ဖြင့် သော်လည်းကောင်း၊ အပြီးချေစနစ်ဖြင့်သော်လည်းကောင်း ဝယ်ယူနိုင်ပြီး တိုက်ခန်းဈေးနှုန်းမှာ ကျပ်သိန်း ၆၀၀ ဝန်းကျင်ရှိမည်ဖြစ်သည်။ အခန်း ၄၀၀ စီပါဝင်သည့် ၁၈ ထပ်အမြင့် အဆောက်အအုံငါးလုံးကို မတ်လအတွင်း တည်ဆောက်ပြီးစီးတော့မည်ဖြစ်သည်။ ပထမအဆင့်စီမံကိန်း၏ အခန်း ၂၀၀၀ ကျော်ကို စတင်ရောင်းချတော့မည်ဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်(မူဝါဒနှင့်စီမံကိန်း) ဦးမောင်မောင်လွင်ထံမှ သိရသည်။

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်အတွင်းရှိ မြေကွက်လပ်လွတ်ပေါ်၌ ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၏ စီစဉ်ကြီးကြပ်မှုဖြင့် ပြည်သူများ အိုးပိုင်အိမ်ပိုင်နေထိုင်နိုင်ရေးအတွက် တန်ဖိုးနည်း အိမ်ရာနှင့် တန်ဖိုးအသင့်အတင့်အိမ်ရာအဆောက်အအုံပေါင်းများစွာကို တိုးချဲ့တည်ဆောက်လျက်ရှိကြောင်း သိရသည်။

(ဦးကျင်မောင်)

စာမျက်နှာ ၆ မှ

ဝန်ခံကတိစာပိုဒ်ကိုဖြတ်ပြီး အဲဒီဦးလေးကြီးဆီ နောက်တစ်နေ့သွားပြန်ပြတော့ . . . .

"မင်းကို ငါတစ်ခါတည်းပြောထားတယ်။ ဘယ်တော့ပါမလဲ။ ဘယ်တော့ပါမလဲဆိုပြီး ခဏခဏလာမမေးနဲ့။ ငါက အယ်ဒီတာမဟုတ်ဘူး။ မင်းတို့ လာတင်တာကိုပဲ လက်ခံပေးရတာ။ အဲဒီမေးခွန်းတွေကို တစ်နေ့တစ်နေ့ ပြန်ပြန်ဖြေနေရတာက အလုပ်တစ်ခု"

"ကျွန်တော် ဦးလေးကို အဲဒီမေးခွန်း တစ်ခါမှ မမေးဖူးပါဘူးခင်ဗျာ"

"အေး. . . မေးမှာစိုးလို့ ကြိုပြောထားတာ"

ညော်. . . . ပြဿနာကို ကြိုမြင်၊ ကြိုကာတတ်တဲ့ဦးလေးကြီးပါလား။ အကွက်စေ့လိုက်တာနော်။ ဒါကလည်း အဲဒီဦးလေးကြီးမို့လို့ မြင်တတ်တာပါ။ တော်ရုံလူဆိုရင် သူ့လောက်မြင်တတ်မှာမဟုတ်ဘူး။

ဆရာကြီးရယ်. . . ကျွန်တော့်ဝတ္ထုတိုလေး ပါလိုပါငြားဆိုပြီး အဲဒီဂျာနယ်ကို ဝယ်ဖတ်ရင်းနဲ့ ကျွန်တော့်ပိုက်ဆံအိတ်လည်း တော်တော်လေးပါးနေပါပြီ။ ကျွန်တော့်ဝတ္ထုတိုလေးပို့ထားတာ အခုဆိုရင် တစ်နှစ်နီးပါးလောက်ရှိနေပါပြီ။ အယ်ဒီတာကပဲ တကယ်မကြိုက်တာလား။ အဲဒီဦးလေးကြီးပဲ အယ်ဒီတာဆီ မတင်ပေးတာလားဆိုတာကတော့ ဘယ်သူမှမသိနိုင်ပါဘူးလေ။ ကျွန်တော်ကတော့ တယုတယအပင်ပန်းခံပြီးရေးထားရတဲ့အတွက် ကျွန်တော့်ဝတ္ထုတိုလေးကို တန်ဖိုးထားပါတယ် ဆရာကြီး။

တစ်ဖက်က ပြန်တွေးကြည့်လိုက်တော့လည်း ကျွန်တော့်ဝတ္ထုတိုက သူတို့ လက်ခံနိုင်လောက်တဲ့ အရည်အသွေးမမီလို့ဘဲဖြစ်မှာပါ။ ကျွန်တော် တန်ဖိုးထားတဲ့ ကျွန်တော့်ဝတ္ထုတိုလေးကို ဒီအတိုင်းကြီးတော့ စွန့်မပစ်နိုင်ပါဘူး ဆရာကြီး။ ဒါကြောင့် အမေနေ့ဝတ္ထုတိုပြိုင်ပွဲမှာ ကျွန်တော့်ဝတ္ထုတိုလေး ဝင်ပြိုင်လိုက်ပါတယ်။ နှစ်သိမ့်ဆု အရွေးခံခဲ့ရပါတယ်ဆရာကြီး။ ဆုငွေကျပ် ငါးသောင်းလည်း ရပြီးပါပြီ။

ဟုတ်ကဲ့. . . ကျွန်တော်ရင်ဖွင့်ချင်တာတွေကတော့ ဒီလောက်ပါပဲ ဆရာကြီး။ စာတွေလည်း ရှည်သွားလို့ ဆရာကြီးလည်း မျက်စိညောင်းလောက်ရောပေါ့။ အားနာပါတယ် ဆရာကြီး။

ဆရာကြီး ကျန်းမာပါစေ။

နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး ဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၂၉

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် ချက်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး မစ္စတာလျူဘိုမီယာ ဇာအိုရာလက် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌တွေ့ဆုံ၍ နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးကိစ္စရပ်များကို ဆွေးနွေးအမြင်ချင်းဖလှယ်ခဲ့ကြသည်။ **(သတင်းစဉ်)**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ချက်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး မစ္စတာ လျူဘိုမီယာ ဇာအိုရာလက် ခေါင်းဆောင်သောအဖွဲ့အား လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် မတ် ၁

၂၀၁၆ ခုနှစ် မတ် ၁ ရက်တွင် ကျရောက်သော ဘော့စ်နီးယားနှင့် ဟာဇီဂိုဗီးနားနိုင်ငံ၏ လွတ်လပ်ရေးနေ့ အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ဘော့စ်နီးယားနှင့် ဟာဇီဂိုဗီးနားနိုင်ငံ ဝန်ကြီးအဖွဲ့ ဒုတိယအကြီးအကဲနှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ အီဂေါ်ကာနက်ဒက်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

Modern Hantharwaddy Golf Academy

နွေရာသီလူငယ်ဂေါက်သီးရိုက်သင်တန်း ဖွင့်လှစ်မည်

ရန်ကုန် ဖေဖော်ဝါရီ ၂၉

Modern Hantharwaddy Golf Academy and Driving Range က မျိုးဆက်သစ်လူငယ်ဂေါက်သီးအားကစားသမားများ ထွက်ပေါ်လာစေရန် ရည်ရွယ်၍ နွေရာသီမျိုးဆက်သစ်လူငယ်ဂေါက်သီးရိုက်သင်တန်း အမှတ်စဉ် (၁)ကို ကမာရွတ်မြို့နယ် ကျွန်းတောလမ်းနှင့် နာနတ်တောလမ်းထောင့်ရှိ အဆိုပါ ဂေါက်သီးအကယ်ဒမီ၌ ဖွင့်လှစ်သွားမည်ဖြစ်သည်။

အဆိုပါသင်တန်းကို မတ် ၇ ရက်မှ ၂၈ ရက်အထိ အပတ်စဉ် တနင်္လာ၊ ဗုဒ္ဓဟူးနှင့် သောကြာနေ့တို့တွင် တစ်ပတ်လျှင် သုံးရက်ဖြင့် စုစုပေါင်းသင်တန်းချိန် ၁၀ ချိန်သင်ကြားပေးမည်ဖြစ်သည်။ သင်တန်းချိန်များကို နံနက် ၉ နာရီမှ ၁၀ နာရီ၊ မွန်းလွဲ ၂ နာရီမှ ညနေ ၃ နာရီတို့သတ်မှတ်ထားပြီး နှစ်သက်ရာသင်တန်းချိန်များတွင် တက်ရောက်နိုင်မည်ဖြစ်သည်။ အသက် (၆)နှစ်မှ (၁၅) နှစ်အတွင်းရှိ လူငယ်များတက်ရောက်နိုင်ပြီး သင်တန်းနည်းပြများအဖြစ် ဦးဇော်မိုး၊ ဦးမြင့်သောင်းနှင့် ဦးစိုးကျော်နိုင်တို့က သင်ကြားပေးသွားမည်ဖြစ်သည်။ အသေးစိတ်အချက်အလက်များနှင့် သင်တန်းတက်ရောက်လိုသူများမှာ Modern Hantharwaddy Golf Academy and Driving Range (ဖုန်း ၀၉-၂၅၇၂၂၀၀၃၊ ၀၉-၉၆၇၇၄၅၅) တို့သို့ဆက်သွယ်မေးမြန်းနိုင်ပြီး မတ် ၆ ရက် နောက်ဆုံးထားရှိ စာရင်းပေးသွင်းနိုင်သည်။

(ဖိုးသော်ဇင်)

ဒို့ကျေးရွာဂျာနယ် ဝတ္ထုတိုပြိုင်ပွဲနှင့် ဒို့ကျေးရွာအလှ ရှုမဝ ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဆုချီးမြှင့်

ရန်ကုန် ဖေဖော်ဝါရီ ၂၉

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကကြီးမှူးကျင်းပသည့် "ဒို့ကျေးရွာဂျာနယ် ဝတ္ထုတိုပြိုင်ပွဲ"နှင့် "ဒို့ကျေးရွာအလှရှုမဝ" ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ စင်ထရယ်ဟိုတယ်၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သိမ်း တက်ရောက်၍ ဂုဏ်ပြုအမှာစကားပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးအောင်သိမ်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲတင့်၊ ဆုရွေးချယ်ရေး အကဲဖြတ်အဖွဲ့ဝင်များဖြစ်ကြသော မြန်မာနိုင်ငံစာရေးဆရာအသင်းမှ မြင်းမူမောင်နိုင်မိုးနှင့် ဒေါ်ချိုချိုတင်(မစန္ဒာ)၊ ဓာတ်ပုံအကဲဖြတ်အဖွဲ့ဝင်များဖြစ်ကြသော ဓာတ်ပုံပညာရှင် ပန်းချီစိုးမိုးနှင့် ဓာတ်ပုံပညာရှင် ဦးမြင့်သိန်းဖေတို့က ဆုရရှိကြသူများအား ဆုများပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ဆုရရှိကြသူများ ကိုယ်စား ဒေါ်ခင်အေးမူ (ခင်လပြည့်ဝန်း)က ကျေးဇူးတင်စကားပြောကြားသည်။

"ဒို့ကျေးရွာဂျာနယ် ဝတ္ထုတိုပြိုင်ပွဲ"တွင် ပထမဆုကို ဦးစံရွှေမင်း (ကျော်ဖြိုးလွင်)၊ ဒုတိယဆုကို ဒေါ်ခင်အေးမူ (ခင်လပြည့်ဝန်း)၊ တတိယဆုကို ဦးစိန်ဝင်း(အိမ်မဲဦးစိန်ဝင်း)၊ အထူးဆု(၁)ကို ဒေါ်ခင်မာကြည်(မလေးခင်-ဟသ်ာရွှေမြေ)၊ အထူးဆု(၂)ကို နော်လယ်မူဖော(ရိုစ်)၊ အထူးဆု(၃)ကို ဒေါ်ဝင်းကြည်(မကျေးဥ)၊ အထူးဆု(၄)ကို ဒေါ်မြင့်မြင့်သန်း(မေကျော်-ပြန်/ဆက်)နှင့် အထူးဆု(၅)ကို ဒေါ်ဟေမာကြည်ဝိုး(ချစ်ဆုပန်)တို့က ရရှိကြသည်။

"ဒို့ကျေးရွာအလှ ရှုမဝ"ရောင်စုံဓာတ်ပုံပြိုင်ပွဲ(ဌာနတွင်း)တွင် ပထမဆုကို ဦးဝေဖြိုးအောင်(ချမ်းမြသာစည်မြို့နယ်ရုံး)၊ ဒုတိယဆုကို ဦးဇော်ဝင်းအောင် (ရမည်းသင်းခရိုင်ရုံး)၊ တတိယဆုကို ဦးရဲသူရအောင်(ညောင်ဦးခရိုင်ရုံး)၊ အထူးဆု(၁)ကို ဦးနန်ရှင်းခိုင်(ရုံးချုပ်)၊ အထူးဆု(၂)ကို ဦးကျော်သန်း(ပေါက်တောမြို့နယ်ရုံး)၊ အထူးဆု(၃)ကို ဦးနန်ရှင်းခိုင်(ရုံးချုပ်)၊ အထူးဆု(၄)ကို ဦးသန်းနိုင်ဦး (ငဖဲမြို့နယ်ရုံး)နှင့် အထူးဆု(၅)ကို ဦးရန်နိုင်ထွန်း(ကျွန်းစုမြို့နယ်ရုံး)တို့က ရရှိကြသည်။

သတင်း - ရီရီမြင့်၊ ဥမ္မာသန့်
ဓာတ်ပုံ - ဇော်မင်းလတ်

❖ **ကျောဖုံးမှ**

ခေတ္တနားနေဆောင် သုံးဆောင်ကိုလည်း ထည့်သွင်းတည်ဆောက်ထားရှိပြီး တိုင်ပေါင်း ၃၄၄ တိုင်ဖြင့် တည်ဆောက်ထားကြောင်း၊ တံတားတိုင်အရေအတွက်ကို မှတ်သားထားသည့် တံတားတိုင်ပေါင်း"ညောင်ရေလောင်း" ဟူသော သင်္ချာနည်းဖြင့်ရေးသားထားသော မှတ်တမ်းစာအရ သိရှိရသည်။

အဆိုပါ မအူရွာက သစ်သားတံတားမှာ နှစ်ပေါင်းကြာညောင်းလာသည်နှင့်အမျှ သဘာဝရာသီဥတု၏ ရေဒဏ်၊ လေဒဏ်၊ မိုးဒဏ်တို့နှင့်အတူ အခြားသောအကြောင်းများကြောင့် ၁၃၁၀ ခုနှစ် ဒုတိယဝါဆိုလဆန်း ၆ ရက် (တနင်္ဂနွေနေ့)တွင် ပြန်လည်ပြုပြင်မွမ်းမံခဲ့ကြောင်း မှတ်တမ်းကျောက်စာတိုင်ပါ ကမ္ဘည်းစာအရ လေ့လာသိရှိရသည်။

ထို့နောက် ဝန်ကြီးချုပ် ဦးနုလက်ထက်တွင် ပြည်တော်သားစီမံကိန်းရန်ပုံငွေကျပ် သိန်း ၂၀ ဖြင့် တစ်ကြိမ်၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့လက်ထက် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးသိုက်ထွန်း(ငြိမ်း)က တံတားကြီးရေရှည်တည်တံ့ခိုင်မြဲစေရန်အတွက် ကျွန်းတိုင်များလျူဒါန်းမှုဖြင့် ဒေသခံများ ပူးပေါင်း၍ ပြုပြင်မွမ်းမံခဲ့ကြောင်း လေ့လာသိရှိရသည်။

မြန်မာနိုင်ငံကို အင်္ဂလိပ်များအုပ်စိုးခဲ့စဉ်ကာလက မအူအလယ်ရွာတွင် အင်္ဂလိပ်ရုံးစိုက်ခဲ့ပြီး ရိက္ခာနှင့်လက်နက်များကို သင်္တောဖြင့်သယ်ယူ၍ မအူအလယ်ရွာဆိပ်ကမ်းမှ သယ်ယူသဖြင့် မအူအလယ်ရွာသည် သင်္တောဆိပ်ကမ်းလည်းဖြစ်ခဲ့ကြောင်း ဒေသခံများထံမှ သိရသည်။

ထို့အပြင် မအူရွာများသည် ရှေးယခင်က တည်ရှိခဲ့သော ရွာများဖြစ်ပြီး မဥ ဟူသော မိဖုရားအပိုင်စားရသော မအူလေးရွာဟု မှတ်သားရပါသည်။ ထိုမအူလေးရွာမှာ မအူအလယ်ရွာ၊ မအူငယ်ရွာ(ယခုမအူအောက်ဆိပ်ရွာ)၊ မအူတောင်ရွာ၊ မအူမြောက်ရွာတို့ဖြစ်ကြသည်။

ချင်းတွင်းမြစ်ရေကြီးချိန်ကာလတွင် မအူအင်းကိုဖြတ်၍ တည်ဆောက်ထားသောတံတားကြီးမှာ မြစ်ရေနှင့်ပန်သင့်စွာ သာယာလှပသလို ချင်းတွင်းမြစ်ပြင်ကို ဖြတ်သန်းတိုက်ခတ်လာသော လေနုအေးကိုရှူရှိုက်ရင်း တံတားကြီးပေါ် ဖြတ်သန်းရသည်မှာလည်း ကြည်နူးစရာ ကောင်းလှသည်မို့ တစ်ခါတစ်ခေါက် လာရောက်လာဖို့ ဖိတ်ခေါ်ရေးသားလိုက်ရပါသည်။ **ဖေထွက်ဇော်(ရေစကြို)**

သုံးထပ်တိုက်အဆောက်အအုံသစ်၏ လသာဆောင်ပြိုကျ

ကလေး ဖေဖော်ဝါရီ ၂၉

ကလေးမြို့ လမ်းဆုံအရှေ့ဘက် ဗိုလ်ချုပ်လမ်းမ ဘေးရှိ ပေါ်ဦးဖိနပ်ဆိုင်နှင့် နေခြည်ဦးအထည်၊ ဖိနပ်နှင့် အားကစားပစ္စည်း ရောင်းဝယ်ရေးဆိုင်ကြားရှိ ဆောက်လုပ်ဆဲ သုံးထပ်တိုက် ဧကရီဖိနပ်ဆိုင်၏ Steel Structure အဖီထုတ်လသာဆောင် ခန့်မှန်းအလျား ပေ ၂၀၊ အနံ ၁၂ ပေ၊ အမြင့် ၁၂ ပေ သံကူကွန်ကရစ်လောင်းသည့်နေရာကို ဖေဖော်ဝါရီ ၂၉ ရက် မွန်းလွဲ ၁၂ နာရီ ခွဲခန့်က ပြိုကျမှုဖြစ်ပွားခဲ့သည်။

ယင်းသုံးထပ်တိုက်၏ အဖီလသာဆောင်ပြိုကျမှုတွင် အိမ်ပိုင်ရှင် ဦးဌေးအောင်နှင့် တူဖြစ်သူ ဦးစည်သူတို့သည် အဖီလသာဆောင်ပြိုကျသည့်နေရာတွင် ပိကျပြီး ကယ်ဆယ်ရေးလုပ်ငန်းများ အမြန်ဆုံးပြုလုပ်ကာ ကလေးမြို့ ပြည်သူ့ဆေးရုံသို့ အချိန်မီပို့ခဲ့ကြသော်လည်း ပြည်သူ့ဆေးရုံကြီးတွင် နှစ်ဦးစလုံး အသက်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

အဆိုပါ လသာဆောင်ပြိုကျရာနေရာတွင် စက်မှုလယ်ယာဦးစီးဌာန၏ မြေကော်စက်နှစ်စီး၊ မီးသတ်ယာဉ်နှစ်စီးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်သူ့ရဲတပ်ဖွဲ့ဝင်များ၊ ရဝ်ကွက် အုပ်ချုပ်ရေးမှူးနှင့် ရဝ်ကွက်နေပြည်သူများက ကလေးခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်မှုအထောက်အကူပြုကော်မတီဝင်များ၏ စီမံကွပ်ကဲမှုဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ကလေးမြို့လမ်းဆုံတွင် ပြည်သူများ သွားလာရေးပြန်လည်အဆင်ပြေချောမွေ့စေရေးအတွက်လည်း မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှလမ်းဦးစီးဌာနတို့၏ မြေသယ်မော်တော်ယာဉ်များကို အသုံးပြုလျက် အဖီလသာဆောင်ပြိုကျမှု ရှင်းလင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ရွှေလျားဆေးကုသယာဉ်ဖြင့် ကလေးဒေသများသို့ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်လျက်ရှိ

ရွှေလျားဆေးကုသယာဉ်ဖြင့် မုံရွာမြို့ ကံကောင်းခြင်းရတနာသစ်ပါးလွှာစက်ရုံတွင် စစ်ဆေးကုသပေးလျက်ရှိစဉ်။

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့နှင့် သုခမင်္ဂလာ (Medical and Diagnostic Center)တို့ အကျိုးတူပူးပေါင်း၍ နိုင်ငံတစ်ဝန်းရှိ လူမှုဖူလုံရေးအာမခံထားရှိသူ ဝန်ထမ်းလုပ်သားများကို ရွှေလျားဆေးကုသရေးယာဉ်ဖြင့် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၂၉ ရက်မှ မတ် ၄ ရက်အထိ မုံရွာမြို့နယ်အတွင်း ကျန်းမာရေးစောင့်ရှောက်မှုများပေးလျက်ရှိသည်ကို တွေ့ရသည်။

"လူမှုဖူလုံရေး ထည့်ဝင်ကြေးပေးသွင်းပြီး အာမခံထားတဲ့ အလုပ်သမားတွေ၊ ဝန်ထမ်းတွေအားလုံးကို ဌာနအရောက် ဆေးကုသမှုတွေကို ပေးနေတာပါ။ လုပ်ငန်းခွင်မပျက် ဆေးကုသခံယူနိုင်အောင်လို့ပါ။ တချို့က အလုပ်တွေ မအားလပ်တဲ့အတွက် ဆေးကုသမှုကို မခံယူနိုင်တာတွေရှိပါတယ်။ အခုလို ရွှေလျားဆေးကုသရေးယာဉ်နဲ့ လာရောက်ကုသပေးတော့ အားလုံးအတွက် အဆင်ပြေစေပါတယ်။ လူမှုဖူလုံရေးအဖွဲ့ဝင် ဖြစ်ရခြင်းရဲ့ အကျိုးခံစားခွင့်တွေ ဘယ်လိုရှိတယ်ဆိုတာ ဆေးဖိုးဘယ်လိုပြန်အမ်းပေးနေတယ်ဆိုတာတွေ သိစေချင်တဲ့ ရည်ရွယ်ချက်နဲ့ အခုလို ကွင်းဆင်းကုသမှုတွေ ဆောင်ရွက်နေတာပါ။ အခု ရွှေလျားဆေးကုသယာဉ်ဟာ မုံရွာမြို့နယ်၊ ဆားလင်းကြီးမြို့နယ်၊ ရွှေဘိုမြို့နယ်က လူမှုဖူလုံရေးအာမခံထားရှိတဲ့ ဝန်ထမ်းလုပ်သား ၁၈၃၂ ဦးကို ၂၀၁၅ ခုနှစ် ဇူလိုင် ၃ ရက်ကနေ ၂၄ ရက်အထိ ပထမအကြိမ် ဆေးကုသပေးခဲ့ပါတယ်။ အခုအကြိမ်က ဒုတိယအကြိမ်ပါ။ ဒီနေ့ဝန်ထမ်းငါးရာကျော်ရှိတဲ့ မုံရွာမြို့ ကံကောင်းခြင်းရတနာသစ်ပါးလွှာစက်မှာ ဆေးကုသစစ်ဆေးမှုတွေ ဆောင်ရွက်နေတာပါ။ မနက်ဖြန် မတ် ၁ ရက်မှာ လှိုင်မေတ္တာအထပ်သားစက်ရုံနဲ့အမှတ် ၅ သစ်ပါးလွှာစက်ရုံတွေအပြင် အဲဒီစက်ရုံအနီးအနားက စက်ရုံလုပ်သားတွေကိုလည်း လက်လှမ်းမီသလောက် ဆေးကုသပေးသွားမှာပါ။ ဒုံအပြင် မတ်လ ၃ ရက် ၄ ရက်တွေမှာလည်း မုံရွာမြို့ပေါ်နဲ့ ဝန်းကျင်က စက်ရုံအလုပ်ရုံလုပ်သားတွေဆီ အရောက်ကုသပေးသွားမှာပါ။ စုစုပေါင်း မုံရွာမြို့နယ်အတွင်းမှာ ကုသမယ့် လူဦးရေဟာ ၂၀၀၀ အထက်မှာ ရှိပါမယ်။ မုံရွာပြီးရင် ကောလင်းမြို့နယ်၊ ကသာမြို့နယ်၊ ကလေးမြို့နယ်တွေကို သွားရောက်ကုသပေးမှာဖြစ်ပါတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး လူမှုဖူလုံရေးဌာနတာဝန်ခံအရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နှင်းနှင်းဦးက ပြောသည်။

ရွှေလျားဆေးကုသရေးယာဉ်မှ ဆေးကုသမည့် လူနာရောက်လျှင် လူမှုဖူလုံရေးစမတ်ကတ်နံပါတ်ရယူပြီး ပဏာမဆေးစစ်ဆေးမှုကို ခံယူရကာ တာဝန်ခံဆရာဝန်၏ မှတ်ချက်ဖြင့် ကုသမှုများကို ဆောင်ရွက်ပေးခြင်းဖြစ်သည်။ ရွှေလျားဆေးကုသယာဉ်တွင် တာဝန်ခံမန်နေဂျာတစ်ဦး အပါအဝင် အထက်တန်းသူနာပြု နှစ်ဦး၊ သူနာပြု နှစ်ဦး၊ ဆေးကောင်တာတာဝန်ခံ နှစ်ဦး၊ အကူသူနာပြု၊ ဓာတ်ခွဲလက်ထောက်နှင့် အထွေထွေလုပ်သား စုစုပေါင်း ၁၂ဦး ပါဝင်ကုသစစ်ဆေးပေးလျက်ရှိပြီး ကုသရေးယာဉ်အနေဖြင့် နှလုံးရောဂါကို ECG စက်ဖြင့် စမ်းသပ်စစ်ဆေးနိုင်သည့်အပြင် ကူးစက်ရောဂါများကိုလည်း စမ်းသပ်စစ်ဆေးနိုင်ကြောင်း ရွှေလျားဆေးကုသရေးအဖွဲ့မန်နေဂျာ ဦးဖြိုးစည်သူထံမှ သိရသည်။

ရွှေလျားယာဉ်နဲ့ လှည့်လည်ဆေးကုသတာ ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလကတည်းက ကျွန်တော်တို့ သုခမင်္ဂလာကုမ္ဍဏီနဲ့ လူမှုဖူလုံရေးအဖွဲ့တို့ပူးပေါင်းပြီး လူမှုဖူလုံရေးအာမခံလုပ်သားတွေရှိတဲ့ နိုင်ငံတစ်ဝန်းက ဒေသတွေကို လှည့်လည်ဆေးကုသနေတာပါ။ လူမှုဖူလုံရေးရုံးစိုက်တဲ့ ဒေသအနှံ့ သွားရောက်ကုသပေးနေတာပါ။ ပထမဦးစားပေးကတော့ ဆေးကုသရေးယာဉ်သွားရလွယ်ကူတဲ့ နေရာနဲ့ စက်ရုံအလုပ်ရုံတွေရှိတဲ့နေရာတွေ ဖြစ်ပါတယ်။ ဆေးကုသမှုမရှိသေးတဲ့နေရာဒေသတွေက ဒုတိယ ဦးစားပေးကုသပေးနေတာပါ။ နေပြည်တော်ဝန်ကြီးဌာနတွေ၊ ဟိုတယ်ဇုန်တွေ၊ မန္တလေး-ကသာ-ကလေး-ကောလင်းမြစ်ကြီးနားအထိ သွားကုသမှာဖြစ်ပါတယ်။ အခုကုမ္ဍဏီအနေနဲ့ ရွှေလျားဆေးကုသယာဉ်နှစ်စီးနဲ့ လှည့်လည်ကုသပေးနေသလို နောက်ပိုင်းမှာ နောက်ထပ်နှစ်စီးတိုးပြီး စုစုပေါင်း လေးစီးနဲ့ ကုသပေးဖို့ စီစဉ်နေပါတယ်"ဟု မန်နေဂျာဦးဖြိုးစည်သူက ပြောပြသည်။

ရွှေလျားဆေးကုသရေးယာဉ်သည် ဖေဖော်ဝါရီ ၂၉ ရက်မှ မတ် ၄ ရက်အထိ မုံရွာမြို့နယ်အတွင်း ဝန်ထမ်း ၂၀၀၀ ကျော်ကို စစ်ဆေးကုသပေးမည်ဖြစ်သလို မုံရွာပြီးလျှင် ကောလင်း-ကသာ-ကလေးမြို့များသို့ သွားရောက်ကုသကြမည်ဖြစ်သည်။ ကုသရေးယာဉ်သည် မုံရွာမြို့သို့ မလာခင် ပဲခူးမြို့၊ ဒိုက်ဦးမြို့၊ ညောင်လေးပင်မြို့၊ တောင်ငူမြို့နှင့် နေပြည်တော်တို့တွင် ကုသပေးခဲ့ပြီး ကချင်ပြည်နယ် မြစ်ကြီးနားမြို့သို့လည်း သွားရောက်ကုသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"စက်ရုံဝန်ထမ်းတွေအနေနဲ့ အပြင်ဆေးခန်းတွေမှာ ကုန်ကျစရိတ်ဈေးကြီးတဲ့အတွက် မဖြစ်မနေကုရတော့ မယ်ဆိုမှသာ သွားကုကြတာပါ။ ဒီအတိုင်းကတော့ ကျန်းမာရေးစစ်ဆေးတာ ပြသတာတွေ မလုပ်ဖြစ်ကြပါဘူး။ အခုလိုလူမှုဖူလုံရေးက ရွှေလျားကုသရေးယာဉ်ကြီးနဲ့ ကုမ္ဍဏီရုံးအရောက် ဝန်ထမ်းတွေကို ကုသပေးတာ အတိုင်းမသိဝမ်းသာပါတယ်။ ဘာလို့လဲဆိုတော့ ကုမ္ဍဏီအနေနဲ့ ဝန်ထမ်းတွေရဲ့ ကျန်းမာရေးလိုအပ်ချက်ကို ဖြည့်ဆည်းပေးနေတယ်ဆိုတာမှန်ပေမယ့် အခုလိုဌေကုန်ကြေးကျမရှိဘဲ စက်ရုံအရောက်ကုသပေးတော့ သွားကုတာထက် လာကုပေးတော့ လုပ်သားတွေ ကျန်းမာရေးကို စစ်ဆေးဖြစ်သွားပြီး ကြိုတင်ကုသလို့ရပါတယ်။ အခုလိုကျွန်မတို့လို စက်ရုံတွေကို ကုသရေးကားကြီးအနေနဲ့ တစ်နှစ်တစ်ခေါက် ပုံမှန်လာရောက်စစ်ဆေးကုသပေးနိုင်မယ်ဆိုရင် ကောင်းပါတယ်။ လာရောက်ဖို့ ဖိတ်လည်းဖိတ်ခေါ်ပါတယ်"ဟု ကံကောင်းခြင်းရတနာသစ်ပါးလွှာစက်ရုံ အဖွဲ့မှူး ဒေါ်ဝင်းကြည်က ပြောပြသည်။ **မျိုးဝင်းထွန်း(မုံရွာ)**

မြန်မာ့ဆေးပညာနယ်ပယ်တွင် သမိုင်းမှတ်တိုင်စိုက်ထူနိုင်မည့် ဆေးပညာကုထုံး ရေးသားပြုစုနိုင်ပြီ

ရန်ကုန် ဖေဖော်ဝါရီ ၂၉

မြန်မာနိုင်ငံ၏ ဆေးပညာနယ်ပယ်တွင် သမိုင်းမှတ်တိုင်တစ်ခု စိုက်ထူနိုင်မည့် ဆေးပညာကုထုံးကို ရေးသားပြုစုနိုင်ခဲ့ပြီဖြစ်ကြောင်း မြန်မာနိုင်ငံ ဆရာဝန်အသင်း ဆေးပညာအဖွဲ့မှ သိရသည်။

မြန်မာနိုင်ငံ၏ အခြေအနေနှင့်လည်း ကိုက်ညီမှုရှိစေရန် နိုင်ငံအတွင်း အဖြစ်များသည့်ရောဂါများကို အဓိကဦးစားပေးပြီးပါရှိစေရန်၊ နိုင်ငံတကာစံနှုန်း အနေဖြင့်လည်း ကွာခြားမှုမရှိစေရန်နှင့် ဆရာဝန်များ အနေနှင့်လည်း အလွယ်တကူ ကိုးကားနိုင်စေရန် ရေးဆွဲထားခြင်းဖြစ်ကြောင်း သိရသည်။

"ဆေးကုထုံးတွေနဲ့ ပတ်သက်ပြီး အခုလို စုစည်းထားတာမရှိဘူး၊ ဘာသာရပ်အလိုက် အဖွဲ့တွေအနေနဲ့ သူ့ဘာသာရပ်အလိုက် လုပ်ထားတာပဲရှိတယ်။

ဆရာဝန်တွေအနေနဲ့ ဆေးကုထုံးလက်စွဲကို မှီငြမ်းပြီးကုသနိုင်မှာဖြစ်တဲ့အတွက် အမှားအယွင်းနည်းမယ်။ လူနာအတွက်ရော ဆရာဝန်အတွက်ပါ လုံခြုံမှုရစေတယ်။ နောက်ဆုံးပေါ် ကုထုံးတွေကို မျက်ခြည်မပြတ်တော့ဘူး။ နိုင်ငံတကာစံနဲ့လည်း ကုသမှုပေးနိုင်တာပေါ့" ဟု ဒေါက်တာမျိုးလွင်ငြိမ်းက ပြောသည်။

ဆေးပညာကုထုံးကို ရေးသားပြုစုနိုင်ခဲ့သည့်အတွက် မြန်မာနိုင်ငံ ဆေးပညာအဆင့်အတန်း မြင့်မားလာစေရန် အထောက်အကူပြုနိုင်မည်ဖြစ်ပြီး ပြည်သူများအားကျန်းမာရေး စောင့်ရှောက်မှုပေးရာတွင် ကျေးလက်ဒေသနှင့် မြို့ပြအခြေခံကုသမှုတွင် ကွာခြားမှုနည်းပါးသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ဆရာဝန်အသင်း ဆေးပညာအဖွဲ့မှ သိရသည်။

ယင်းစံကုထုံးများကို အခြေခံ၍ ကုသမှုဆိုင်ရာဌာနများနှင့် ဆေးရုံများတွင် လိုအပ်သောဆေးဝါးများ၊ ပစ္စည်းကိရိယာများ ဖြည့်ဆည်းရာတွင် အမှန်တကယ် ကုန်ကျမှုကို တွက်ချက်မှုများလည်း ပြုလုပ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

ဆေးပညာကုထုံးကို မြန်မာနိုင်ငံ ဆေးပညာရှင်အဖွဲ့နှင့် မြန်မာနိုင်ငံ ဆရာဝန်အသင်း ဆေးပညာအဖွဲ့တို့ ပူးပေါင်း၍ ကော်မတီတစ်ရပ်ဖွဲ့ကာ မြန်မာနိုင်ငံအတွင်းရှိ သက်ဆိုင်ရာရောဂါအမျိုးအစားအလိုက် တတ်ကျွမ်းနားလည်သူ ပါမောက္ခကြီးများ၊ ပါရဂူဆရာဝန်ကြီးများ၊ အထူးကုဆရာဝန်ကြီးများနှင့်ညှိနှိုင်း၍ စုပေါင်းရေးသားပြုစုထားခြင်းဖြစ်ကြောင်း သိရသည်။

ဖွံ့ဖြိုးတိုးတက်သောနိုင်ငံများတွင် သက်ဆိုင်ရာနိုင်ငံအလိုက် ဆေးပညာ ဘာသာရပ်အလိုက် စံကုထုံးများ၊ လက်စွဲကျမ်းများရှိကြပြီး ယင်းကျမ်းများတွင်ပြုစုထားသော ကုထုံးများမှာ သက်ဆိုင်ရာနိုင်ငံ၏ နောက်ခံအခြေအနေနှင့် အသင့်လျော်ဆုံးဖြစ်အောင် ရေးဆွဲထားကြခြင်းဖြစ်ကြောင်း သိရသည်။

ဆေးပညာကုထုံး ပြုစုထုတ်ဝေပြီး သွားသော်လည်း တိုးတက်ပြောင်းလဲနေသည့် ဆေးပညာနှင့်သက်ဆိုင်သည့် နည်းပညာများအပေါ် ကွာဟမှုမရှိစေရန် အဆိုပါဆေးကုထုံးစာအုပ်ကို အခြေခံကာ အချက်အလက်များကို မွမ်းမံပြီး ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ဆရာဝန်အသင်း ဆေးပညာအဖွဲ့မှ သိရသည်။

မြန်မာနိုင်ငံတွင် ဆေးကုထုံးမပေါ်ခင်က အနယ်နယ်အရပ်ရပ်ရှိ ဆရာဝန်များသည် နိုင်ငံရပ်ခြားမှ ထုတ်ဝေသော ဆေးကျမ်းများ၊ လက်စွဲကျမ်းများကိုသာ နမူနာထား လက်ကိုင်ပြုကုသခဲ့ကြပြီး နေရာဒေသ အပေါ်လိုက်၍ ခေတ်နှင့်အညီ တိုးတက်ပြောင်းလဲလာသော စံကိုက်ကုထုံးများကို တစ်ပြေးညီသိရှိရန် အခက်အခဲများရှိခဲ့ကြောင်း၊ မြန်မာနိုင်ငံ၏ လက်ရှိအခြေအနေနှင့် နိုင်ငံရပ်ခြားမှ စံကုထုံးများမှာ ကွာဟချက်ရှိပြီး လူနာများအတွက် အသင့်လျော်ဆုံး ကုထုံးများကိုချိန်ဆရန် ဆရာဝန်အငယ်များအနေဖြင့် အခက်အခဲများရှိခဲ့ကြောင်း မြန်မာနိုင်ငံ ဆရာဝန်အသင်း ဆေးပညာအဖွဲ့မှ သိရသည်။

သတင်း-မင်းသစ်
ဓာတ်ပုံနေလင်း

မင်းတပ်ခရိုင် ရွှေးကောက်ပွဲကော်မရှင်အဖွဲ့ ဝင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်

မင်းတပ် ဖေဖော်ဝါရီ ၂၉

ပြည်ထောင်စုရွှေးကောက်ပွဲကော်မရှင်မှ ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် တာဝန်ထမ်းဆောင်ခဲ့သည့် မင်းတပ်ခရိုင် ရွှေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ အဖွဲ့ဝင်များကို ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်ခြင်းအခမ်းအနားကို ဖေဖော်ဝါရီ ၂၆ ရက် နံနက် ၁၀ နာရီခွဲတွင် မင်းတပ်ခရိုင် အထွေထွေအုပ်ချုပ်ရေးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ယင်းအခမ်းအနားတွင် မင်းတပ်ခရိုင် ရွှေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးမြင့်ဆွေက အဖွင့်အမှာစကားပြောကြားပြီးနောက် ဥက္ကဋ္ဌမှ ရွှေးကောက်ပွဲကာလတွင် အားကြိုးမာန်တက် ဆောင်ရွက်ခဲ့ကြသည့် အဖွဲ့ဝင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများကို အသီးသီးပေးအပ်ခဲ့ကြောင်း သိရသည်။ **ခရိုင်(မြန်/ဆက်)**

ယခုနစ် အယ်လ်နီညိုက သမိုင်းတစ်လျှောက် အားအကောင်းဆုံးဖြစ်၊ ပြည်သူများ သက်ဆိုင်ရာကြေညာချက်များကို သတိပြုလိုက်နာ၊ လာမည့်မဟာသင်္ကြန် ရေပြုန်းတီးမှုမရှိအောင် အထူးစောင့်ရှောက်

သတင်းနှင့်ဓာတ်ပုံ - ဝင်းဝင်းမော်၊ မြတ်စန္ဒီ

မိုးလေဝသပညာရှင် ဒေါက်တာ ထွန်းလွင်။

အယ်လ်နီညိုဖြစ်စဉ်ဆိုသည်မှာ အီကွေတာအနီးပစိဖိတ်သမုဒ္ဒရာတွင် ပင်လယ်ရေမျက်နှာပြင်အပူချိန်ပုံမှန်ထက်ပိုမိုပူနွေးခြင်းဖြစ်သည်။ အယ်လ်နီညိုဖြစ်စဉ်ကြောင့် ကမ္ဘာ့ရာသီဥတု ပြောင်းလဲမှုဖြစ်စဉ်များလည်း ပေါ်ပေါက်လေ့ရှိပြီး တစ်ကြိမ်ဖြစ်ပေါ်ပါက ၁၂ လမှ ၁၈ လ ခန့်ကြာမြင့်ကြောင်း မိုးလေဝသပညာရှင်များက ခန့်မှန်းထားကြသည်။ မြန်မာနိုင်ငံတွင် ၁၉၉၇-၁၉၉၈ ခုနှစ်က အားအလွန်ကောင်းသော အယ်လ်နီညိုဖြစ်စဉ်ဖြစ်ပေါ်ခဲ့သည်။ ပြီးခဲ့သည့် ၂၀၁၅ ခုနှစ်တွင်လည်း အယ်လ်နီညိုဖြစ်စဉ် ဖြစ်ပေါ်ခဲ့ပြန်ရာ ယခုအယ်လ်နီညိုသည် သမိုင်းတစ်လျှောက် အားအကောင်းဆုံးဖြစ်ကြောင်း မိုးလေဝသပညာရှင် ဒေါက်တာထွန်းလွင်က တွက်ချက်ခန့်မှန်းထားသည်။

တစ်ဆက်တည်းမှာပင် အယ်လ်နီညိုဖြစ်စဉ်၏ အကျိုးသက်ရောက်မှုကြောင့် မုတ်သုံမိုးရွာသွန်းမှုနည်းခြင်း၊ ဆောင်းရာသီတွင်အအေးပေါ့ခြင်း၊ နွေရာသီတွင် နေပူချိန်မြင့်မားခြင်းစသည့် ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များနှင့်အတူ စိုက်ပျိုးရေး၊ အစားအစာဖူလုံရေး၊ စိုက်ပျိုးရေးရရှိရေး၊ ရေပေးဝေရေး၊ သောက်သုံးရေဖူလုံရေး၊ လျှပ်စစ်မီးရရှိရေး၊ ကျန်းမာရေး၊ ငါးလုပ်ငန်း၊ ရေကြောင်းသွားလာရေး၊ ခရီးသွားလုပ်ငန်းစသည့် ကဏ္ဍများ၌ သက်ရောက်မှုများဖြစ်ပေါ်နိုင်ကြောင်း သက်ဆိုင်ရာပညာရှင်များကလည်း သုံးသပ်ခန့်မှန်းထားကြသည်။

သို့ဖြစ်၍ မြန်မာနိုင်ငံအတွင်း လက်ရှိဖြစ်ပေါ်နေသည့် အယ်လ်နီညိုဖြစ်စဉ်နှင့် နောက်ဆက်တွဲ ဖြစ်ပေါ်လာနိုင်သည့် အကျိုးသက်ရောက်မှုများနှင့်စပ်လျဉ်း၍ မိုးလေဝသပညာရှင် ဒေါက်တာထွန်းလွင်အား မြန်မာ့သတင်းစဉ်က သွားရောက်မေးမြန်းခဲ့သည်များကို ရေးသားတင်ပြလိုက်ရပါသည်။

မေး။ ။ မြန်မာနိုင်ငံမှာ လက်ရှိဖြစ်ပေါ်နေတဲ့ အယ်လ်နီညိုဖြစ်စဉ်နဲ့ ဖြစ်ပေါ်လာမယ့် အကျိုးသက်ရောက်မှုတွေကို သုံးသပ်ပြောကြားပေးပါဦးဆရာ။

ဖြေ။ ။ အထူးသဖြင့် ဒီနှစ်ဆိုရင် မီးလောင်တာ အလွန်များတယ်။ နေရာအနှံ့လည်း လောင်နေတယ်။ အဓိပ္ပာယ်က အပူချိန်ကတက်လာတယ်။ မိုးရွာသွန်းမှုက လျော့ကျတယ်။ ဒါဆိုရင် အရာအားလုံးက လောင်စာဖြစ်တာပဲ။ မီးကိုအလွယ်တကူလောင်စေတာပေါ့။ အယ်လ်နီညိုဟာ မီးလောင်ခြင်းကိုအားပေးတယ်လို့ ပြောချင်တယ်။ တကယ်တမ်း ပူပြင်းခြောက်သွေ့တဲ့ရာသီကို မရောက်သေးဘူး။ ဆောင်းရာသီကတည်းက မီးက နွေလိုလောင်နေတယ်။

လာမယ့် မတ်လ၊ ဧပြီလဆို နွေကိုရောက်လာပြီဖြစ်တယ်။ သူ့သဘာဝအရကိုက မြန်မာနိုင်ငံရဲ့နွေရာသီတွေက တစ်နှစ်ထက်တစ်နှစ် ပိုပိုပူနေတယ်။ ဒီအထဲမှာမှ ဒီနှစ်က အယ်လ်နီညိုဖြစ်တယ်။ ဖြစ်တဲ့အယ်လ်နီညိုကလည်း မြန်မာ့သမိုင်းမှာ အားအကောင်းဆုံးဖြစ်တယ်။

ဒါကြောင့် အပူချိန်တွေက သေချာပေါက်မြင့်တက်ပြီးတော့ ပူပြင်းခြောက်သွေ့မယ်။ ပူပြင်းမှုကို အခုကတည်းကတွေ့နေရပြီ။ မြန်မာနိုင်ငံမှာ ဆောင်းရာသီမကုန်သေးတဲ့ ဖေဖော်ဝါရီလထဲမှာကို နေ့အပူချိန် ၄၀ ဒီဂရီစင်တီဂရိတ်၊ ၁၀၄ ဒီဂရီဖာရင်ဟိုက်ကျော်တဲ့ ဒေသတွေက အကုန်လုံးနီးပါးပါပဲ။

မြန်မာနိုင်ငံအထက်ပိုင်း စစ်ကိုင်း၊ မန္တလေး၊ မကွေး၊ အောက်ဘက်မှာ ပဲခူး၊ ဧရာဝတီ၊ ရန်ကုန်အနောက်ဘက်ဆင်းသွားရင် မွန်၊ ကရင်၊ တနင်္သာရီတွေမှာ နေ့အပူချိန်က ၄၀ ဒီဂရီစင်တီဂရိတ်ကျော်နေပြီ။ နောက်လဆန်းတာနဲ့ အပူချိန်တွေ တဖြည်းဖြည်းတက်တော့မယ်။ နွေရဲ့သဘာဝက နေ့အပူချိန်တွေက တစ်နေ့ထက်တစ်နေ့ ပိုမြင့်လာတာပဲ။ အလယ်ပိုင်းဒေသတွေဆိုရင် ၄၅ ဒီဂရီစင်တီဂရိတ်လောက်တက်သွားမယ်။

ရန်ကုန်ဆိုရင် ၄၀/၄၁ ဒီဂရီစင်တီဂရိတ်လောက်ရှိတော့ မီးလောင်ခြင်းကို အလွန်အားပေးတဲ့အနေအထားကို အယ်လ်နီညိုကြောင့်မို့ ရောက်ရှိနိုင်တဲ့အတွက် ဒါက မီးလောင်ခြင်းကို ဆက်စပ်မှုရှိနိုင်တာကြောင့် တောရောမြို့ပါ မီးကိုအထူးဂရုစိုက်ဖို့ လိုလိမ့်မယ်လို့ ပြောချင်ပါတယ်။

မေး ။ ။ အယ်လ်နီညိုဖြစ်စဉ်အပေါ် အများပြည်သူတွေ ဘယ်လိုမျိုးကြိုတင်ပြီးတော့ ကာကွယ်ထားသင့်တယ်ဆိုတာ သိပါရစေဆရာ။

ဖြေ။ ။ ကာကွယ်ရမှာ တော်တော့ကိုလုပ်ယူရမယ်။ ဘာကြောင့်လဲဆိုတော့ ကာကွယ်တယ်ဆိုတာရယ်၊ အယ်လ်နီညိုက ဘာဖြစ်တတ်လဲဆိုတာရယ်၊ ဘယ်လိုနေရာတွေမှာ ထိခိုက်တတ်လဲဆိုတာရယ် အကြမ်းအားဖြင့် အယ်လ်နီညိုရဲ့ထိခိုက်မှုတွေက ပူပြင်းခြောက်သွေ့တဲ့ နွေရာသီကိုကြုံတွေ့ရမယ်။

ဒီလိုနွေရာသီမျိုးကြုံတွေ့ရင် ကျန်းမာရေး၊ စိုက်ပျိုးရေး ပြဿနာက ကြီးထွားနိုင်တယ်။ နောက်ပြီးတော့ ပူပြင်းခြောက်သွေ့တယ်ဆိုကတည်းကိုက သေချာပေါက်ရေရှားတော့မယ်။ ဒါကြောင့် ဒုတိယပြဿနာက ရေရှားပါးမှုပြဿနာ၊ ရေပြတ်လပ်မှုပြဿနာ ကြုံတွေ့ရမယ်။

ပူပြင်းခြောက်သွေ့တဲ့ အနေအထားကြောင့် မိုးနည်းပြီး အပူချိန်မြင့်နေတာကြောင့် စိုက်ပျိုးတဲ့လယ်ကွင်းတွေ၊ သီးနှံကွင်းတွေက အောင်မြင်ဖို့ တော်တော်အခွင့်အရေးနည်းတယ်။ အခြေအနေမကောင်းရင် သေကျေပျက်စီးမှု တောင်ဖြစ်နိုင်တယ်။ ဒါကြောင့် တတိယကတော့ စိုက်ပျိုးရေးပေါ့။

စတုတ္ထကတော့ ကျန်းမာရေးကဏ္ဍပေါ့။ အခုပြောခဲ့သလိုပဲ အယ်လ်နီညိုကြောင့် ပူပြင်းတဲ့ရာသီဥတုကို ဖြစ်တတ်တယ်။ အပူနဲ့ပတ်သက်တဲ့ပြဿနာပေါ့။ ဒါက မြန်မာပြည်မှာ အဖြစ်များတယ်။ ၂၀၁၀ ပြည့်နှစ်တုန်းကလည်း ဒီလိုပူပြင်းတဲ့နွေရာသီဖြစ်ဖူးတယ်။ မန္တလေးမှာ Heat Stroke ရလို့ သေတဲ့လူက ၁၀၀ ကျော်အထက်မှာရှိတယ်။ ဒီနှစ်မှာလည်း ဒါတွေအလွန်စိုးရိမ်ရပါတယ်။

ဒီထက် ပိုဆိုးနိုင်တာက အလွန်ပူပြင်းတဲ့ရာသီဥတုကြောင့် ပိုင်းရပ်စ်အသစ်တွေ ပေါ်လာတတ်တာပေါ့။ ဒီနှစ်ဆိုရင် ပူပြင်းခြောက်သွေ့တဲ့ရာသီကို အဆိုးရွားဆုံးခံစားရတဲ့ နိုင်ငံဟာ တောင်အမေရိကတိုက်က ဘရာဇီးနိုင်ငံပေါ့။ အဲဒီမှာပြီးခဲ့တဲ့နှစ်ကတည်းက ရာသီဥတုဖောက်ပြန်မှုကြောင့် ပိုင်းရပ်စ်အသစ်တစ်မျိုးဖြစ်ပြီး ကုရာဆေးလည်းမရှိသေးတဲ့ ဇီကာပိုင်းရပ်စ်ဖြစ်တယ်။

ဒီပိုင်းရပ်စ်က လူတွေကိုကူးစက်ရင် ယေဘုယျသွင်ပြင်ရောဂါလက္ခဏာအနေနဲ့ တုပ်ကွေးနဲ့တူတယ်။ ဆိုးတာက ကိုယ်ဝန်ဆောင်တဲ့အမျိုးသမီးတွေကို ကူးစက်လာရင်တော့ မွေးဖွားလာတဲ့ကလေးဟာ ဉာဏ်ရည်မမီတဲ့ ဦးခေါင်းသေးရောဂါရတတ်တယ်။ ဘရာဇီးနိုင်ငံတစ်နိုင်ငံတည်းမှာကို ကူးစက်ခံရတဲ့ ဦးရေက တစ်သန်းနဲ့သုံးသိန်းရှိတယ်။ ပိုဆိုးတာက ဒီပိုင်းရပ်စ်က တခြားနိုင်ငံတွေကို ပျံ့နေပြီ။ ၂၅ နိုင်ငံအထိ ပျံ့နှံ့နေတယ်လို့ သိရတယ်။

အဆိုးဆုံးကတော့ ဒီနိုင်ငံတွေထဲမှာ မြန်မာနိုင်ငံရဲ့အိမ်နီးချင်းနိုင်ငံတွေပါနေတယ်။ ထိုင်းနိုင်ငံ၊ တရုတ်နိုင်ငံတို့ပါနေတယ်။ ဒီတော့ ဒီလိုကူးစက်ပျံ့နှံ့လာနိုင်မှုက အလားအလာ တအားများတယ်။ ဒီပိုင်းရပ်စ်က ခြင်ကတစ်ဆင့် ကူးတာဖြစ်တဲ့အတွက် ခြင်ပေါက်ပွားမှုများပြားတဲ့ မိုးဦးကျလိုရာသီမှာ ခြင်ကိုက်မခံရဖို့ အရေးကြီးတယ်။

နောက်ပြဿနာကတော့ မီးလောင်တာပဲ။ မီးလောင်တာ တအားများရတဲ့အထဲမှာ အယ်လ်နီညိုကြောင့် ပူပြင်းခြောက်သွေ့နိုင်တဲ့အတွက် မီးလောင်ခြင်းကိုဖြစ်စေတယ်။ ဒီကဏ္ဍအားလုံးက ကိုယ်နဲ့ဆိုင်ရာ ဆောင်ရန်၊ ရှောင်ရန်တွေပေါ့။ ကာကွယ်ကြရမှာပဲဖြစ်တယ်။ ဥပမာအားဖြင့် ပူပြင်းမှုဒဏ်ရောဂါမရဖို့ဆိုရင် အပူအန္တရာယ်အကြောင်းသိဖို့လိုတာပေါ့။ ဒါလည်း ဒီနှစ်အတွက် အားရစရာကောင်းတာက အစိုးရရဲ့ကျန်းမာရေးဌာနက ကြေညာပေးနေတယ်။ ဒါလေးတွေကို သေချာဖတ်ပါ။ လိုက်နာပါ။ နောက် ရေရှားပါးမှုကျတော့လည်း နှစ်နည်းပေါ့။

ရေကိုရနိုင်သမျှစုဆောင်းရမယ်။ ဥပမာအားဖြင့် မိုးရွာလာရင် အဲဒီရွာတဲ့မိုးရေတွေကို အလဟဿအဖြစ်မခံဘဲ တတ်နိုင်သမျှ ရေအဖြစ်စုဆောင်းနိုင်အောင် လုပ်ဖို့လိုတယ်။ ဒီလိုပြောလိုက်လို့ ဒါဟာ အသေးအဖွဲလို့ မထင်ပါနဲ့။ အမေရိကန်လိုနိုင်ငံမျိုးတောင် ဒီလိုပဲ လုပ်ရတယ်။ ကယ်လီဖိုးနီးယားပြည်နယ်မှာဆိုရင် မိုးခေါင်နေတာ ငါးနှစ်ရှိပြီ။ ရေက တအားရှားနေတယ်။ ဒီတော့ ဥပဒေတွေအမျိုးမျိုးထုတ်ပြန်တယ်။ သစ်ပင်တွေ ရေမျှားစွာဖျန်းပက်တာလျှော့ပါတို့၊ ရေမဖြုန်းပါနဲ့တို့၊ မြင်ရင်အရေးယူမယ်တို့ အစရှိသဖြင့်ပေါ့။

ဒီနှစ်က အယ်လ်နီညိုဖြစ်တော့ သူတို့လိုနိုင်ငံတွေမှာတော့ မိုးရွာတဲ့ရေလေ့ရှိတယ်။ ဒီအခါမှာ မိုးရွာတုန်းရေခံလုပ်နိုင်ကြဖို့အတွက် အစိုးရပိုင်းက လှုံ့ဆော်တဲ့အပြင် မိသားစုတစ်စုရှိတဲ့ အိမ်တစ်လုံးချင်းစီကို အစိုးရဦးဆောင်ပြီးတော့ ရေတိုင်ကီနှစ်လုံးစီ ဝေပေးတယ်။

မိုးရွာရင်ရေခံဖို့၊ ဒီလိုမျိုးလုပ်ရတဲ့ အစဉ်အလာတွေရှိတယ်။ ဒါကြောင့် ဒီမှာလည်း ဒီနှစ်အယ်လ်နီညိုဟာ မိုးရွာသွန်းနိုင်တဲ့ အခြေအနေလည်းရှိနေတာကြောင့် ရွာတဲ့အချိန်မှာ မိုးရေကို တတ်နိုင်သမျှစုပါ။ နောက်ပြီးတော့ ရေသုံးလျှော့ပါ၊ ရေကို မဖြုန်းတီးပါနဲ့။

မကြာခင် သင်္ကြန်ကာလကိုရောက်ရှိတော့မှာမို့လို့ ရေကို ပုံးပေါလအော မီးသတ်ပိုက်ကြီးတွေနဲ့ ပက်တာတွေက ဂါလန်ပေါင်းသိန်းချီပြီးတော့ သုံးနေတာတွေကိုတော့ တတ်နိုင်သမျှလျှော့ချဖို့ တာဝန်ရှိတဲ့သူတွေက ကြီးကြပ်စေချင်တယ်။ ဒါက လူထုကလုပ်ရမယ့် အလုပ်တွေဖြစ်ပြီး ကျန်းမာရေးအသိ၊ အပူအန္တရာယ်အသိ၊ ရေရရှိရေးအသိ စတာတွေကို အစိုးရဌာနတွေက ကြေညာပေးတယ်။ ဒီနှစ် ဒါတွေကို ကြည့်ပြီးတော့ အားရတယ်။ ဒီနှစ် ကျန်းမာရေး၊ စိုက်ပျိုးရေး၊ ရေရရှိရေး၊ မီးသတ် အစရှိသဖြင့် ဆောင်ရန် ရှောင်ရန် အလုပ်တွေကို တိုင်းပြည်ကဆောင်ရွက်နေတယ်။

ဒီတော့ လူထုကို ဘာလုပ်ရမလဲလို့မေးခဲ့တာကိုဖြေရင် သက်ဆိုင်ရာဌာနတွေက ကြေညာပေးနေတဲ့ ကြေညာချက်တွေကို သေသေချာချာလိုက်နာပါလို့ အကြံပြုချင်ပါတယ်။

မေး။ ။ အခုဆိုရင် အယ်လ်နီညိုနဲ့အတူ ခရမ်းလွန်ရောင်ခြည်အညွှန်းကိန်းဟာလည်း ဘယ်လိုအခြေအနေရှိသွားမလဲ။ ပြည်သူတွေအနေနဲ့ ဒီအပေါ်မှာ ဘယ်လိုသတိပြုဆင်ခြင်သင့်တယ်ဆိုတာ သိပါရစေ။

ဖြေ။ ။ ခရမ်းလွန်ရောင်ခြည် အညွှန်းကိန်းတွေ အလွန်မြင့်မားနေတာက မြန်မာနိုင်ငံမှာဖြစ်ပြီး ဒါတွေကို ဆရာတို့လည်း အစောကြီးက မသိခဲ့ဘူး။ ၂၀၀၉ ခုနှစ် အငြိမ်းစားယူပြီး အချိန်တွေရလာတဲ့အခါ ကြည့်လိုက်တော့ သတိထားမိတယ်။ ဘယ်လောက်အထိ မြင့်လဲဆိုတော့ ခရမ်းလွန်ရောင်ခြည်ကို အညွှန်းကိန်းနဲ့ပြရာမှာ သုညကနေ ၁၁ အဆင့်အထိ ယေဘုယျအားဖြင့် သုံးတယ်။

ခရမ်းလွန်ရောင်ခြည်ရဲ့ သုညအဆင့်ကတော့ ညအခါနေမထွက်တဲ့အခါမှာရှိတယ်။ နေရောင်ခြည်မြင့်လာတဲ့ အချိန်မှာ မြင့်လာလေလေ ခရမ်းလွန်ရောင်ခြည်အညွှန်းကိန်းက တက်လာလေလေပဲ။ ကမ္ဘာပေါ်မှာ ယေဘုယျအားဖြင့် အညွှန်းကိန်းကို ၁၁ အထိ သုံးတယ်။ ရှစ်ကိုကျော်သွားရင် အန္တရာယ်ရှိတယ်လို့ သတ်မှတ်ထားတယ်။ ၁၁ ကနေ ကျော်သွားရင်တော့ အလွန်အလွန်မြင့်မားတယ်။ ကမ္ဘာမှာ ၁၁ ထိ သုံးရတာ အလွန်နည်းတယ်။ မြန်မာနိုင်ငံမှာ လက်ရှိဖြစ်နေတဲ့ ခရမ်းလွန်ရောင်ခြည်အညွှန်းကိန်းက မနှစ်ကဆိုရင် ၁၅၊ ၁၆ အထိရှိတယ်။ အလွန်အန္တရာယ်ကြီးတယ်။

ဒီနှစ်အနေနဲ့ပြောရရင် လတ်တလောမှာ တရားဝင်နွေရာသီမရောက်သေးပေမယ့် မြန်မာပြည်မှာရှိတဲ့အဆင့်က အလွန်မြင့်နေပြီ။ တချို့ရက်တွေမှာ မြန်မာနိုင်ငံ တောင်ပိုင်းဖြစ်တဲ့ မွန်၊ ကရင်၊ တနင်္သာရီတို့မှာ လွန်ကဲတဲ့ အဆင့်တွေရှိနေတယ်။ သူက အန္တရာယ်ပေးနိုင်တာ လေးမျိုးလောက်ရှိတယ်။ အဆင့်လွန်ခရမ်းလွန်ရောင်ခြည် အညွှန်းကိန်းအဆင့်ကို အရေပြားပေါ်မှာ ကြာကြာထိမိရင် ပထမဦးဆုံးစဖြစ်တဲ့ရောဂါက နေလောင်တာဖြစ်တယ်။

ဒီနေလောင်တာက သိပ်ဆိုးသွားရင် အရေပြားကင်ဆာဖြစ်တယ်။ နောက်ခရမ်းလွန်ရောင်ခြည်ဟာ လျှပ်စစ်သံလိုက်လှိုင်း ရိုက်ခတ်နှုန်း မြင့်မားလာတဲ့အခါ လူရဲ့မျက်လုံးကို ထိခိုက်စေတယ်။ အားပြင်းပြင်းနဲ့ ကြာကြာထိခိုက်ခံရရင် အမျိုးသား အမျိုးသမီးတွေ သားသမီးမရနိုင်တဲ့ရောဂါရရှိမယ်။ အရင်ဆုံး အများဆုံးကြုံခဲ့တဲ့နေရာက တောင်အာဖရိကဖြစ်ပြီး ခရမ်းလွန်ရောင်ခြည် မြင့်မားမှုကြောင့် ရောဂါရရှိခဲ့တဲ့ အရေအတွက်က သန်း ၂၀ အထက်မှာရှိတယ်။ ဒါကြောင့် ဒီမှာလည်း အထူးသတိထားပါ။ ခြောက်သွေ့တော့ တိမ်တွေမရှိတဲ့အတွက် အကာအကွယ်မဲ့သွားတယ်။ ခရမ်းလွန်ရောင်ခြည် အညွှန်းကိန်းက ပိုပြီးဖြစ်တယ်။ လိုအပ်တဲ့ကာကွယ်မှုတွေကို လိုက်နာဆောင်ရွက်ဖို့ လိုပါတယ်။ အဓိကကတော့ ကျန်းမာရေးပြဿနာပါပဲ။

မေး။ ။ အယ်လ်နီညိုဖြစ်စဉ်နဲ့အတူ ဖြစ်ပေါ်လာမယ့် အပူချိန်အမြင့်ဆုံးအခြေအနေကို ဘယ်ဒေသတွေက ပိုပြီး သတိထားရမလဲ။

ဖြေ။ ။ အပူချိန်ကတော့ ကျန်းမာရေးနဲ့ စိုက်ပျိုးရေးအတွက် အန္တရာယ်ရှိတဲ့အဆင့်ရောက်တဲ့ နေရာတိုင်းက အပူကိုသတိထားရမှာချည်းပဲ။ ယေဘုယျအားဖြင့် အပူချိန်အမြင့်မားဆုံးဒဏ်ခံရတဲ့ဒေသ မြန်မာနိုင်ငံအလယ်ပိုင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မြစ်ဝကျွန်းပေါ်ဒေသတွေဖြစ်တဲ့ ပဲခူး၊ ဧရာဝတီ၊ ရန်ကုန်၊ ကရင်၊ မွန်တို့ဖြစ်တယ်။ ကျန်တဲ့နေရာတွေက အပူဒဏ်နဲ့ပတ်သက်ရင် နည်းနည်းလျော့ပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်အလိုက်ဆိုရင် ဒါတွေက အဓိကကျတယ်။

လောလောဆယ်က ရေရှားပါးမှုက တစ်နိုင်ငံလုံးလောက်ဖြစ်လာပြီ။ အရင်တုန်းကတော့ အလယ်ပိုင်းလောက်ပဲ။ ဒီနှစ်ရေရှားတဲ့နေရာတွေက စစ်ကိုင်း၊ မန္တလေး၊ မကွေး၊ ပဲခူး၊ ရှမ်းနဲ့ ကယားပြည်နယ်တွေက အဓိကရေရှားပါးမှု အဆိုးဆုံးကြုံနေရတယ်။ နောက်ပိုင်းမှာ ရေရှားပါးမှုဒဏ်ကို ဘယ်နေရာဆက်လာမလဲဆိုတော့ ရန်ကုန်ပါလာမယ်။ အထူးသဖြင့် ရန်ကုန်တစ်ဖက်ကမ်းဒလေပေါ့။ အနည်းဆုံး တိုင်းဒေသကြီးနဲ့ပြည်နယ် ခုနစ်ခု၊ ကျေးရွာပေါင်း နှစ်ထောင်လောက်က ရေပြတ်လပ်မှုကို ကြုံတွေ့ရမယ်။ အနည်းဆုံး သုံးလေးလလောက် ကြုံတွေ့ရမယ်။

မေး။ ။ ပြီးခဲ့တဲ့ အယ်လ်နီညိုဖြစ်စဉ်နဲ့ ယခုလက်ရှိ အယ်လ်နီညိုဖြစ်စဉ်အပေါ် သုံးသပ်ပေးပါဆရာ။

ဖြေ။ ။ အချိန်ကာလက သိပ်မကွာဘူး၊ အင်အားက ကွာတယ်။ သမိုင်းတစ်လျှောက်ဖြစ်ခဲ့သမျှ အယ်လ်နီညိုအားလုံးထဲမှာ ဒီနှစ် အယ်လ်နီညိုက အားအကောင်းဆုံးပဲ။ ဘယ်နှစ်နဲ့ယှဉ်ယှဉ် ဒီနှစ်က ပိုပြီးပြင်းတယ်။ အယ်လ်နီညိုဖြစ်စဉ်ကာလက ၁၂ လကနေ ၁၈ လအထိ ကြာတတ်တယ်။

မေး။ ။ မြစ်ရေကြီးမှုတွေ၊ ငလျင်လှုပ်မှုတွေကလည်း အယ်လ်နီညိုဖြစ်စဉ်နဲ့ ဆက်စပ်ပါသလားဆရာ။

ဖြေ။ ။ သိပ်တော့ပြောလို့ မရသေးဘူး။ ဒါပေမယ့် သိရသလောက်ပြောရရင် အယ်လ်နီညိုကြောင့် ဒီနှစ် မြန်မာနိုင်ငံမှာ ကြုံတွေ့ရမယ့်ရာသီဥတုက နည်းနည်းပုံစံဆန်းတယ်။ အရင်တုန်းက မိုးနည်းတာပဲ ဆရာတို့ပြောတယ်။ ဒီနှစ်က အဲဒီလိုမခန့်မှန်းထားဘူး။ မြန်မာနိုင်ငံရဲ့ ဒီနှစ်ဖြစ်လာနိုင်တဲ့ရာသီဥတုပုံစံက မိုးတွင်းမှာ တချို့နေရာက မိုးတွေတအားများတယ်။ တချို့နေရာမှာ မိုးတွေ တအားနည်းမယ်။ ဒါမျိုးပုံစံလည်း ဖြစ်နိုင်တယ်။ ဒါက ထူးဆန်းတယ်။

စာမျက်နှာ ၁၁ သို့ ◆

အခြေခံဝါးထုတ်လုပ်မှုသင်တန်းမှသည် ဝါးပညာရှင်များပေါ်ထွက်လာစေရန် ရည်ရွယ်

နေပြည်တော် ဖေဖော်ဝါရီ ၂၉

ဝါးကို သစ်အစားထိုး ပရိဘောဂ လုပ်ငန်းတစ်ခုအဖြစ် စီးပွားဖြစ်လုပ်ကိုင်လာကြသည်နှင့်အညီ အခြေခံဝါးထုတ်လုပ်မှုသင်တန်းကို သင်တန်းကြေးအခမဲ့အဖြစ် နေပြည်တော် ပျဉ်းမနားမြို့ နှင်းဆီပန်းအဝိုင်းအနီး ၉ဝါလမ်းနှင့် ၂၈ လမ်းထောင့်တွင် ဧပြီ ၂၆ ရက်မှ စတင်ကာ သင်ကြားပို့ချလျက်ရှိကြောင်း မြန်မာနိုင်ငံ ဝါးစိုက်ပျိုးရေးအသင်းမှ သိရသည်။

"အသင်းအတွက် ယာယီရုံးခန်းဆိုပြီး ဝါးနဲ့ဘန်ဂလိုလေးတစ်လုံးဆောက်ရာကနေ ဒီပညာကိုဝါသနာပါတဲ့ လူငယ်တွေကို မျှဝေပေးနိုင်ရင်ကောင်းမယ်ဆိုပြီး ဒီသင်တန်းကို စဖွင့်ခဲ့ကြတာပါ။ အခြေခံလူတန်းစားတွေ အလုပ်ရဖို့ အဓိကရည်ရွယ်တာဖြစ်လို့ ဝါးအိမ်တစ်လုံးဆောက်နိုင်တဲ့အထိ လက်တွေ့သင်ကြားပြသပေးသွားမယ်။ အခြေခံပြီးသွားရင်တော့ အသေးဆုံး သွားကြားထိုးတံကနေတူ၊ တုတ်၊ ဝါးခြမ်းပြား၊ ဝါးလုံး၊ ဝါးပါကေး၊ ကလေးကစားစရာအရုပ်၊ ဝါးလုံးပန်းပု၊ မီးပုံး၊ စားပွဲ၊ ကုလားထိုင်၊ ခုတင်၊ စားသောက်ဆိုင် စတာတွေကို ပြုလုပ်နည်း၊ အိမ်တွင်းအလှဆင်ခြင်း၊ ဒီဇိုင်းရေးဆွဲနည်းတွေကို ဆက်လက်သင်ကြားပို့ချပေးသွားမှာပါ။ သင်တန်းအားလုံး ပြီးသွားပြီဆိုရင်တော့ စီးပွားရေးနယ်ပယ်မှာ ပညာရှင်တစ်ယောက်အဖြစ် သူတို့ဘဝ ရပ်တည်နိုင်သွားပါပြီ"ဟု မြန်မာနိုင်ငံဝါးစိုက်ပျိုးရေးအသင်းမှ အတွင်းရေးမှူး ဦးကျော်ဝင်းက ပြောသည်။

ဝါးပင်သည် အောက်ဆီဂျင်ထုတ်လုပ်မှုအားကောင်းသော အပင်ဖြစ်ပြီး ဝါးစိုက်ပျိုးထားခြင်းသည် မြေဆီလွှာဆုံးရှုံးမှုကို ကာကွယ်ပေးနိုင်ပြီး သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းရာရောက်သည်။ မြန်မာနိုင်ငံတွင် ဝါးမျိုးစု ၂၂ စုနှင့် မျိုးစိတ် ၁၂၀ ခန့်ရှိသည်။ ဝါးပင်များမှ အာဟာရဓာတ်ပြည့်ဝသော စားသောက်ကုန်မျှစ်အပြင် အဆောက်အအုံများ၊ ပရိဘောဂများ၊ လူသုံးကုန် ပစ္စည်းများ ထုတ်လုပ်နိုင်ခြင်းကြောင့် ဆင်းရဲမှုလျှော့ချရေး၊ သက်ရှိလောကတည်မြဲရေးတို့အတွက် ကြီးမြန်ပင်ဖြစ်သော ဝါးကို အထူးစိုက်ပျိုးသင့်ကြောင်း သိရသည်။

"ဝါးကို စနစ်တကျစိုက်ပျိုးမယ်ဆိုရင် မိသားစုဝင်ငွေအမြောက်အများ ရရှိနိုင်မှာ သေချာပါတယ်။ ဝါးပင်ကနှစ်သက်တမ်း ကြာလာတာနဲ့အမျှ အထွက်နှုန်းမကျဘဲ ပိုပြီးအထွက်နှုန်းကောင်းမွန်လာစေတယ်။ ပြီးတော့ ဝါးကိုခုတ်တဲ့နေရာမှာလည်း စနစ်တကျခုတ်သိမ်းမယ်ဆိုရင် ဝါးကပိုးမထိုးနိုင်တဲ့အပြင် သစ်ထက် ခိုင်ခံ့မှုပိုမိုကောင်းမွန်တာကို တွေ့ရ မှာပါ။ ဒါဆိုရင် သစ်အစားထိုးအဖြစ် လုပ်ကိုင်လာနိုင်ပြီး နည်းပညာတွေက တစ်ဆင့် ခေတ်မီဆန်းသစ်တဲ့ ဝါးပရိဘောဂတွေ ထုတ်လုပ်ပေးနိုင်လာမယ်။ ထိုင်းနိုင်ငံမှာဆိုရင် ဝါးဥယျာဉ်တွေ ထူထောင်ထားတာမို့ နှစ်စဉ် အမေရိကန်ဒေါ်လာ သန်း ၄၀၀ ကျော် ဝင်ငွေရရှိနေပါတယ်။

ဒါကြောင့် ဝါးကို တစ်နိုင်တစ်ပိုင် ပဲဖြစ်ဖြစ်၊ စီးပွားဖြစ်ပဲဖြစ်ဖြစ် စိုက်ပျိုးသင့်ကြောင်း တိုက်တွန်းလိုတဲ့အပြင် ကျွန်တော်တို့အသင်းအနေနဲ့လည်း မြေကေငါးရာမှာ ဝါးကျေးရွာကို တည်ဆောက်သွားဖို့ရှိပါတယ်။ ဝါးကျေးရွာအဖြစ် ဆောင်ရွက်လာနိုင်ပြီဆိုရင် ဝါးနဲ့ ပတ်သက်တဲ့ သင်တန်းကျောင်းတွေ၊ ထုတ်ကုန်တွေကို ပြည်ပက ပညာရှင်တွေနဲ့ ပူးပေါင်းလုပ်ဆောင်သွားမယ်။

အခု ပထမဆုံးဖွင့်တဲ့ဒီသင်တန်းကနေ ပညာရှင်တွေကို ဆက်လက်မွေးထုတ်ပေးဖို့ ဆောင်ရွက်သွားမှာပါ" ဟု ဦးကျော်ဝင်းက ဆက်လက်ပြောသည်။

သတင်း-ခင်ဇာလီ
ဓာတ်ပုံ-သိမ့်ရွှေရည်

အယ်လ်နီညိုဖြစ်စဉ်အား ပူးပေါင်းဆောင်ရွက်ရေး အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေး

မန္တလေး ဖေဖော်ဝါရီ ၂၉

မန္တလေးတိုင်းဒေသကြီးအတွင်း ရာသီဥတုဖောက်ပြန်မှုကြောင့် ဖြစ်ပေါ်လာမည့် အယ်လ်နီညိုဖြစ်စဉ်အား တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရေး တွေ့ဆုံညှိနှိုင်းဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၈ ရက် နံနက် ၈ နာရီက တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပခဲ့ကြောင်း သိရသည်။

"ဒီလိုသဘာဝဘေးအန္တရာယ်ဖြစ်တဲ့အခါမှာ အစိုးရအဖွဲ့တစ်ခုတည်းနဲ့ ဖြေရှင်းဆောင်ရွက်လို့မရဘူး။ ပြည်သူလူထုအတွင်းမှာ လှုပ်ရှားဆောင်ရွက်နေတဲ့ လူမှုရေးအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်မှ ပိုပြီးထိရောက်အောင်မြင်တာ။ ကျွန်တော်တို့မမြင်တဲ့ အရာတွေကို အရပ်ဘက်လူမှုအဖွဲ့အစည်းတွေကသာ ဆောင်ရွက်နိုင်တာ။ ၂၀၁၀ တုန်းကကြုံခဲ့တဲ့ Heat Stroke ဖြစ်တဲ့အခါမှာ အရပ်ဘက်လူမှုအဖွဲ့အစည်းတွေ၊ အလှူရှင်တွေနဲ့ ပူးပေါင်းဆောင်ရွက်ခဲ့မှုကြောင့် လူအသက်ဆုံးရှုံးမှု အနည်းဆုံးဖြစ်အောင် ဆောင်ရွက်နိုင်ခဲ့ပါတယ်။ အခု အယ်လ်နီညိုဖြစ်စဉ်ကိုလည်း ပူးပေါင်းဆောင်ရွက်သွားဖို့ တွေ့ဆုံဆွေးနွေးခဲ့တာပါ"ဟု တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးဝန်ကြီး ဒေါက်တာဝင်းလှိုင်က ပြောသည်။

ရာသီဥတုဖောက်ပြန်မှုကြောင့် ဖြစ်ပေါ်လာမည့် အယ်လ်နီညိုသည် မိုးလေဝသသတင်းထုတ်ပြန်ချက်များအရ မန္တလေးတိုင်းဒေသကြီးတွင် ရိုက်ခတ်မှုဖြစ်မည်ဟု သိရှိန်မှစတင်ကာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့သည် ဇန်နဝါရီလမှစတင်၍ ကြိုတင်ပြင်ဆင်မှုများအဖြစ် အဖွဲ့များဖွဲ့စည်းကာ တိုင်းဒေသကြီးအတွင်းရှိ ခရိုင်၊ မြို့နယ်၊ ကျေးရွာများအထိ ကွင်းဆင်းကာ သောက်သုံးရေရရှိရေး၊ စိုက်ပျိုးရေးအဆင်ပြေစေရေး၊ ကျန်းမာရေးစောင့်ရှောက်မှုများအတွက် ကြိုတင်ပြင်ဆင်ထားရှိခြင်း၊ ပညာပေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပြီး ဘေးအန္တရာယ်ဖြစ်ပေါ်လာပါက လျင်မြန်စွာဆောင်ရွက်နိုင်ရေးတို့ကို စီစဉ်ဆောင်ရွက်ထားကြောင်း သိရသည်။

(ထွန်းထွန်းနိုင်)

ဟဲနုရွာချောင်းကူး အာစီကွန်ကရစ်တံတားတည်ဆောက်၊ ယာယီကွင်းလမ်းတံတားဆောင်ရွက်ပေးရန်လိုအပ်

မော်လူး ဖေဖော်ဝါရီ ၂၉

အင်းတော်မြို့နယ် မော်လူးအုပ်စု ဟဲနုရွာ ဟဲနုချောင်းအာစီကွန်ကရစ်တံတားအသစ်တည်ဆောက်လျက်ရှိရာ ဒေသခံများ၊ ခရီးသွားမော်တော်ယာဉ်များက ယာယီကွင်းလမ်းမှသွားလာရာတွင် နေ့စဉ်အခက်အခဲနှင့်ကြုံတွေ့နေရသဖြင့် အဆိုပါ ချောင်းအတက်အဆင်းကို ပြုပြင်ပေးရန်နှင့် ယာယီကွင်းလမ်းတံတား ဆောင်ရွက်ပေးပါက ဆက်သွယ်သွားလာရေးအဆင်ပြေနိုင်မည်ဖြစ်ကြောင်း သိရသည်။

ဟဲနုရွာဒေသခံတစ်ဦးက "ကျွန်တော်တို့ရွာက အခုအသစ်ဆောက်လုပ်နေတဲ့ အာစီကွန်ကရစ်တံတားဘေးချောင်း အတက်၊ အဆင်း ယာယီကွင်းလမ်းမှာနေ့စဉ်ဖြတ်သန်းနေကြတဲ့ မော်တော်ယာဉ်တွေ၊ ဆိုင်ကယ်တွေ၊ နွားလှည်းတွေ သွားလာရတာအခက်အခဲဖြစ်နေပါတယ်။ ကားကြီးတွေဖြတ်ရင် ရေကပါလာတော့ လမ်းအတက်အဆင်းတွေ ခဏခဏပျက်ပါတယ်။ ဒါကြောင့် ယာယီကွင်းလမ်းကိုတံတားခင်းလိုက်ရင် လမ်းလည်းမပျက်နိုင်သလို ယာဉ်အတက်အဆင်းခရီးသွားလာသူတွေအတွက် အားလုံး အဆင်ပြေသွားမှာပါ" ဟု ပြောသည်။

ဟဲနုချောင်းအာစီကွန်ကရစ်တံတားကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်ခွင်ပြုရန်ပုံငွေဖြင့် တံတားအထူးအဖွဲ့(၄)မှကြီးကြပ်ကာ ထိုက်စင်ကုမ္ပဏီက တာဝန်ယူဆောက်လုပ်ခဲ့ခြင်းဖြစ်ပြီး အလျား ပေ ၁၂၀၊ အကျယ် ၃၁ ပေ၊ အမြင့် ၂၃ ပေရှိသော အဆိုပါတံတားမှာ ရွှေဘိုကြီး-မြစ်ကြီးနား ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ တံတားအမှတ်(၅/၁၆၃)တွင် တည်ရှိပြီး အထက်မြန်မာပြည်၏ အဓိက ကုန်စည်စီးဆင်းဖြတ်သန်းရာ အရေးပါသော တံတားတစ်စင်းဖြစ်ကြောင်း သိရသည်။

(၀၅၈)

◆ စာမျက်နှာ ၁၀ မှ

နောက်တစ်မျိုးက နေရာတစ်နေရာထဲမှာ တချို့ရက်တွေ မိုးတွေတအားရွာတယ်။ တချို့ရက်တွေမှာ မိုးမရွာဘူး။ ဒါမျိုးလည်းဖြစ်နိုင်တယ်။ ဘယ်လိုပဲဖြစ်ဖြစ် သေချာတာက မိုးများတယ်ဆိုတာကလည်း အစွန်းရောက်သွားတာပဲ။ မိုးသိပ်နည်းတယ် ဆိုတာကလည်း အစွန်းရောက်သွားတယ်။ ဒါကို ဆရာတို့က အစွန်းရောက်ရာသီဥတုလို့ခေါ်တယ်။ ဘယ်အရာမဆို အစွန်းရောက်ရင် ပျက်စီးတာပဲ။

မိုးသိပ်များရင်လည်း ပျက်စီးတာပဲ၊ မိုးနည်းရင်လည်း ပျက်စီးတာပဲ။ မိုးသိပ်များမယ်ဆိုရင် သေချာပေါက် လိုက်လာတာက ရေကြီးတာပဲ။ ရေကြီးတာနဲ့ပတ်သက်ပြီး ရေကြီးတဲ့ တစ်ချက်ပြောချင်တာက မနှစ်ကရေကြီးမှုအတွေ့အကြုံအရ မြန်မာနိုင်ငံအထက်ပိုင်း တောတောင်တွေရှိတဲ့ ချင်း၊ စစ်ကိုင်း၊ ရှမ်း၊ ကချင်စတဲ့ ဒေသတွေမှာ မိုးနည်းနည်းလေး ရွာလိုက်တာနဲ့ ရေကြီးတယ်။

တောင်ကျရေကျတယ်။ အရင်တုန်းက တောင်ကျရေ မကျဘူး။ အခု တောင်ကျရေ ရှိတယ်။ ရေကမြင့်ရာကနေ နိမ့်ရာကိုစီးတယ်။ အရင်တုန်းက စီးတဲ့ရေကို သဘာဝအဟန့်အတားတွေက တားဆီးထားတယ်။ သစ်တောတွေ ရှိတယ်။ မြေပြင်ပေါ်မှာ ချုံပုတ်တွေ၊ သစ်ပင်တွေရှိတယ် ဆိုတော့ ရွာတဲ့မိုးကို သစ်တောကလည်း ဖမ်းထိန်းတယ်။ အောက်ကရှိတဲ့မြေကလည်းထိန်းတယ်။ သစ်ပင်၊ ဝါးပင်တွေကလည်း ခံထားတော့ ဘယ်တော့မှ တောင်ကျရေ ဆိုတာမကျဘူး။ အခု သစ်တောမရှိ၊ တောင်တွေက ကတုံးတွေဖြစ်နေတော့ မိုးကရွာချရင် ရွာသမျှမိုးရေက အမြင့်ကအနိမ့်ကို ဆင်းတာပဲ။ တောင်ကျရေများရင် သေချာပေါက် အနိမ့်ပိုင်းမှာ ရေကြီးမှုဖြစ်နိုင်တယ်။ အယ်လ်နီညိုနဲ့ရေကြီးမှု ဒီလိုနည်းနဲ့ဆက်စပ်နေတယ်။

အယ်လ်နီညိုက မိုးကောင်းတဲ့နေရာတွေဖြစ်ပေါ်နိုင်တယ်။ အဲဒီကောင်းတဲ့နေရာက တောင်ကုန်းတွေ ဖြစ်နေရင် သစ်တောမရှိတဲ့အတွက် အခြေအနေက ဆိုးသွားနိုင်တယ်။ ဒီရေကြီးမှုကို လျှပ်တစ်ပြက်ရေကြီးမှုလို့ခေါ်တယ်။ သိပ်မြန်တယ်။ ခဏလေးနဲ့တက်တယ်။ ဒီလိုလျှပ်တစ်ပြက်ရေကြီးပြီဆိုရင် လူလည်းသေနိုင်တယ်။ ပျက်စီးမှုလည်း များနိုင်တယ်။ ဒီနှစ် ပိုအရေးကြီးတာက ချင်းပြည်နယ်ပဲ။ ချင်းပြည်နယ်ရဲ့မြေသားအနေအထားက တော်တော်လေးယိုယွင်းနေတယ်။ အကယ်၍ မိုးကအားပါပြီး ချင်းပြည်နယ်လိုနေရာမှာ သဲသဲမဲမဲရွာလိုက်ရင် သေချာပေါက်မြေပြိုမှုကို ကြုံတွေ့ရလိမ့်မယ်။ ဒီအယ်လ်နီညိုက တော်တော်သတိထားရမယ့် နှစ်တစ်နှစ်လို့ ပြောချင်ပါတယ်။

မေး။ ။ ပြည်သူလူထုကို အသိပေး၊ သတိပေးစကားနည်းနည်းလောက် ပြောပေးပါ။

ဖြေ။ ။ သဘာဝဘေးအန္တရာယ်ကိုပဲ ဆွေးနွေးသည်ဖြစ်စေ၊ ရာသီဥတုပြောင်းလဲခြင်းကိုပဲ ဆွေးနွေးသည်ဖြစ်စေ ဒါတွေကို ရင်ဆိုင်တုံ့ပြန်တဲ့နေရာမှာ မဖြစ်မနေလိုအပ်တာကတော့ ပြည်သူလူထုရဲ့ ပူးပေါင်းပါဝင်မှုပဲ။ ပထမဆုံးလိုအပ်တာကတော့ ရာသီဥတုပြောင်းလဲခြင်းနဲ့ ပတ်သက်တဲ့ သဘာဝဘေးတွေအတွက် လူထုသိဖို့၊ ပွင့်လင်းမြင်သာမှုရှိဖို့၊ သတင်းအချက်အလက်တွေကောင်းနေရင် လူထုမှာ အလိုအလျောက် အသိ၊ သတိ ပူးပေါင်းပါဝင်မှုတွေရှိလာမယ်၊ ညီညွတ်လာမယ်။

အရင် နာဂစ်မုန်တိုင်းမတိုက်ခင်တုန်းက ကျွန်တော့်အနေနဲ့ လူထုကိုပြောကြားမှုက အခါအားလျော်စွာပဲ ရှိခဲ့တယ်။ အခုတော့ အဆက်မပြတ်ပြောနေတယ်။ ပြောသလောက်လည်း အကျိုးရှိတာတွေ့ရတယ်။ လူထုကြားမှာ စိမ့်ဝင်သွားရင် အရေးပါမှန်း သိလာတယ်။ ဒါကြောင့် လူထုတာဝန်က တတ်နိုင်သလောက် အသိ၊ သတိနဲ့ ပူးပေါင်းပါဝင်ကြဖို့ ပြောကြားလိုပါတယ်။

အားလုံးခြုံပြောရင် အယ်လ်နီညိုကြောင့် ကဏ္ဍငါးခုမှာ သတိထားဖို့လိုတယ်၊ (၁)ရေရှားမယ်၊ (၂)ပူပြင်းမယ်၊ (၃)လယ်ယာအထွက်လျော့မယ်၊ (၄)ကျန်းမာရေးကူးစက်ရောဂါဖြစ်နိုင်တယ်၊ (၅)သဘာဝဘေးကြုံမယ်။ အားလုံးက ပြည်သူနဲ့ တစ်နည်းမဟုတ်တစ်နည်း ဆက်စပ်နေတာပဲ၊ တချို့အရာတွေက ပြည်သူပါမှရမယ်။

လုပ်ရမယ့်အလုပ်က အခု ရေရှားတယ်ဆိုရင် အစိုးရက ဘာလုပ်ပါ၊ ညာလုပ်ပါဆိုပြီး ကြေညာပေးရတယ်။ ကျန်းမာရေးကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ ကဏ္ဍအလိုက် သက်ဆိုင်ရာက ကြေညာပေးနေတယ်။ လူထုရဲ့တာဝန်က ဒီကြေညာချက်တွေကို သေချာလိုက်နာဆောင်ရွက်ပါ။ တစ်ယောက်ချင်းလုပ်ရမှာကတော့ မီးဘေးအန္တရာယ်ကို ဝိုင်းဝန်းဆောင်ရွက်ကြပါ။ အထူးမှာချင်တာက လာမယ့် မဟာသင်္ကြန်လိုကာလမှာ မိမိသည် ရေကိုဖြုန်းတီးသူ တစ်ယောက်မဖြစ်အောင် စောင့်ရှောက်နေထိုင်ကြပါ။

ယခုလို အချိန်ပေးဖြေကြားပေးတဲ့အတွက် ကျေးဇူးအထူးတင်ပါတယ်။ ။

ရုပ်မြင်သံကြားအစီအစဉ်များ
[၁ - ၃ -၂၀၁၆ (အင်္ဂါနေ့)]

မြန်မာ့ရုပ်မြင်သံကြား News Channel

၆း၀၀	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၃၅	လူမှုစီးပွားမြင်ကွင်းများ
၈း၃၅	"ရောင်နီလာလို့အလင်းဖြာ 8thAPCRSHR"
၉း၃၅	၂၀၁၆ ခုနှစ်၊ တက္ကသိုလ်ဝင် စာမေးပွဲအထောက်အကူပြု ဘာသာရပ်ဆိုင်ရာများ (ရူပဗေဒဘာသာရပ်)
၁၁း၃၅	မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ်
၁၂း၃၅	နိုင်ငံခြားဇာတ်လမ်းတွဲ "မြင့်မိုရ်မေမေ" (အပိုင်း-၁)
၁း၃၀	နိုင်ငံခြားဇာတ်လမ်းတွဲ "မြစိမ်းရောင်သံစဉ်"(အပိုင်း-၁၂)
၂း၀၀	ဆိုကြမယ်၊ ပျော်ကြမယ်
၃း၃၅	၂၀၁၆ ခုနှစ်၊ တက္ကသိုလ်စာမေးပွဲ အထောက်အကူပြု ဘာသာရပ်ဆိုင်ရာများ (ဇီဝဗေဒဘာသာရပ်)
၄း၃၅	Football Magazine (ဧရာဝတီယူနိုက်တက်)
၆း၃၅	ပြည်သူတို့ရဲ့စကားသံများ
၆း၄၅	"အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့"
၇း၁၅	နိုင်ငံခြားဇာတ်လမ်းတွဲ "မြစိမ်းရောင်သံစဉ်" (အပိုင်း-၁၃)
၈း၀၀	ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၉း၀၀	ပြည်တွင်းသတင်း နိုင်ငံခြားဇာတ်လမ်းတွဲ "မြင့်မိုရ်မေမေ" (အပိုင်း-၂) -Yes or No Talk Show

မှတ်ချက်။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။

MRTV- 4

၅း၀၀	ပဌာန်းပါဠိတော်+ မေတ္တာသုတ်
၅း၄၀	"ကရင်ပြည်နယ်မှ ငြိမ်းချမ်းရေး" တရားတော် (အပိုင်း-၁)(က)[ဆရာတော် ဒေါက်တာအရှင်ဥာဏိသရ (သီတဂူဆရာတော်)]
၆း၄၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အကြင်နာလက်ကလေး" (အပိုင်း-၁၁၈)
၇း၅၀	ရန်ကုန်မြင်ကွင်းကျယ် (UMG College မှ ကျင်းပပြုလုပ်သည့် HND Foundation သင်တန်းဆင်းလက်မှတ်ပေးအပ်ပွဲနှင့် HND မောင်မယ်သစ်လွင်ကြိုဆိုပွဲ အခမ်းအနား)
၈း၀၀	"မင်္ဂလာပါ"The Morning Show
၉း၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိမ်ရှင်မတို့ချစ်စကား" (အပိုင်း-၃၇)
၁၀း၁၀	ခေတ်သစ်ပျိုမေ
၁၀း၅၅	အနုပညာမိုးကောင်းကင်
၁၁း၁၅	သွားမယ် စားမယ် (Imperial Garden)
၁၁း၄၀	Forever Music Tribute ထူးအိမ်သင်(အပိုင်း-၁) (ဒုတိယပိုင်း)
၁၂း၀၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ဂန္ဓဝင်ကုန်သည်" (အပိုင်း-၂)
၁၂း၅၅	မြန်မာ့ဂြိုလ်ကြယ်ပေါ်ရှိ ဘာသာရေးကျောင်းများအား Solar (ဆိုလာ) မီးအိမ်များပေးအပ်လျှပ်ဒါန်းပွဲ အခမ်းအနား
၂း၂၀	မြန်မာရုပ်သံဇာတ်လမ်းတွဲ "မေတ္တာအသည်းခြာ" (အပိုင်း-၃၀)
၄း၀၀	Cartoon Series (Welcome To Sky Ville)
၆း၁၀	Health Fix
၆း၁၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အကြင်နာလက်ကလေး" (အပိုင်း-၁၁၉)
၇း၂၀	မြန်မာရုပ်သံဇာတ်လမ်းတွဲ "မေတ္တာအသည်းခြာ" (အပိုင်း-၃၁)
၈း၁၅	ရသစုံညွှန်းတမ်းများ
၈း၃၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိမ်ရှင်မတို့ချစ်စကား" (အပိုင်း-၃၈)
၉း၁၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ဂန္ဓဝင်ကုန်သည်" (အပိုင်း-၂၄)
၉း၄၅	အနုပညာမိုးကောင်းကင်
၁၀း၀၅	MRTV-4 Stage
၁၀း၃၅	World Of Knowledge (Lockdown : Women On The Edge Dertoit)

မြဝတီ

၆း၀၃	တရားတော်
၆း၁၅	မေတ္တာပို့
၆း၂၀	ဓမ္မပုဇာတေး
၆း၂၅	ကိုယ်လက်လှုပ်ရှားအားကစား
၆း၃၅	မျိုးချစ်တပ်မတော်
၆း၄၅	မှတ်တမ်း
၆း၅၅	မြန်မာသံစဉ်ချိန်းဝင်
၇း၁၀	အမျိုးသားရေးတေးကဗျာ
၇း၂၅	သင့်အတွက်တစ်နေ့တာ
၈း၀၀	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	စိုက်ပျိုးသုတ
၈း၂၅	မြတ်နိုးစရာရိုးရာလက်မှုပညာ
၈း၃၅	ခရီးလည်းသွားစကားလည်းဆို
၈း၄၅	မြဝတီနေ့စဉ်သတင်း
၉း၀၀	တည်ဆောက်ပြုပြင် မြို့တော်တစ်ခွင်
၄း၂၅	အလွမ်းတေးပန်းချီချစ်သူဆီ
၄း၃၅	အင်္ဂလိပ်စာသုတ
၄း၄၅	မြန်မာသံစဉ်ချိန်းဝင်
၅း၀၀	သာယာဦးကြွေးခေတ်ဆန်းတေး
၅း၃၅	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ဂန္ဓဝင်မြောက်အမုန်း အပိုင်း(၁၀၂)
၆း၀၀	မြဝတီရုပ်မြင်သံကြားသတင်း
၆း၀၅	အမျိုးသားရေးတေးကဗျာ
၆း၁၀	Let's Go
၆း၂၅	Dream Team
၇း၀၀	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ရွှေရောင်သက်တံများ အပိုင်း(၃၄)
	နိုင်ငံတကာသတင်း
	မိုးလေဝသသတင်း
	VOA အင်္ဂလိပ်စာသင်ခန်းစာ
	ဟာသရုပ်စုံ
	ယနေ့ညအတွက်
	မြဝတီ၏တေးလက်ဆောင်
	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ဟိုတယ်ဘုရင် အပိုင်း(၁၄)

မြန်မာ့နှလုံးသားပရဟိတအသင်း ဦးစီးတည်ထောင်သူ မိုးစက်ဝိုင် နှင့် တွေ့ဆုံခြင်း

နှစ်ပေါင်း ၅၀ ကျော် မြန်မာနိုင်ငံနှင့်ဝေးကွာခဲ့သော Miss Universe ပြိုင်ပွဲကြီးနှင့်ပြန်လည်မိတ်ဆက်ပေးခဲ့သည့် Miss Universe Myanmar 2013 အလှမယ် မိုးစက်ဝိုင်သည် ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၉ ရက်တွင် မြန်မာ့နှလုံးသားပရဟိတအသင်း(Myanmar's Heart Charity Group)ကို ဦးစီးတည်ထောင်ခဲ့သည်။ ယခုအခါ ပရဟိတအလုပ်များ ပိုမိုလုပ်ဆောင်ဖြစ်နေသော မိုးစက်ဝိုင်နှင့်တွေ့ဆုံချိန်တွင် သူတည်ထောင်ခဲ့သော ပရဟိတအသင်းနှင့် လတ်တလောအနုပညာလှုပ်ရှားမှုများအကြောင်းမေးမြန်းရာ ကြေးမုံပရိသတ်ကြီးထံ ပြန်လည်မျှဝေလိုက်ရပါသည်။

လတ်တလောအနုပညာလှုပ်ရှားမှု လုပ်ဖြစ်တာတွေက-

မိုးစက် Ve Ve ကြော်ငြာရိုက်တယ်။ တခြားကြော်ငြာတွေလည်းရိုက်ဖြစ်ပါတယ်။

လုပ်ဖြစ်တဲ့ ပရဟိတအလုပ်တွေရော-

ဖေဖော်ဝါရီ ၂၈ ရက်မှာ ကြို့ပင်ကောက်ဘက်သွားဖို့ရှိတယ်။ သခ်ၤရိုင်ရွာက ဘုန်းတော်ကြီးသင်ပညာရေးကျောင်းမှာ မိဘမဲ့ကလေးတွေအတွက် လျှုထားတဲ့ကျောင်းဆောင် ရေစက်ချပွဲသွားမှာပါ။ မနှစ်က အဲဒီကျောင်းကိုရောက်တဲ့အချိန် ကျောင်းသားတွေတအားများပြီး ကျောင်းဆောင်တစ်ဆောင်ပဲရှိတယ်။ အဲဒါနဲ့လျှုဖြစ်သွားတာ။ တစ်နှစ်ကြာတဲ့အခါကျောင်းဆောင်ပြီးလို့ ရေစက်ချပွဲသွားမှာ။ ရောက်တဲ့အခါ ရွာသူရွာသားတွေနဲ့ ကလေးတွေအတွက် ပျော်ပွဲရွင်ပွဲနဲ့ ကစားပွဲလေးတွေ လုပ်ပေးမယ်။ လျှုဒါန်းမှုက ကျောင်းဆောင်နဲ့ တခြားပစ္စည်းတွေအပါအဝင်ဆိုရင် ငွေကျပ် သိန်းလေးရာကျော် ရှိပါပြီ။

ဒီအလှူအတွက် မြန်မာ့နှလုံးသားပရဟိတအသင်း(Myanmar's Heart Charity Group) ကို ဦးစီးတည်ထောင်သူတစ်ယောက်အနေနဲ့ ဘယ်လိုခံစားရလဲ-

မိုးစက်တို့ မြန်မာ့နှလုံးသားပရဟိတအသင်း(Myanmar's Heart Charity Group)အနေနဲ့ ကိုယ်တိုင်ကိုယ်ကျ အစအဆုံးစီစဉ်တဲ့ အလှူတစ်ခုဖြစ်တယ်။ မိုးစက်တို့အဖွဲ့အနေနဲ့ ပထမဆုံး ဖြစ်တယ်။ အလှူငွေကောက်တာကအစ ကျောင်းဆောင် ဆောက်တာ၊ ရေစက်ချတာအထိ မိုးစက် သွားမယ်။ ဒီအတွက်တကယ်ဂုဏ်ယူမိတယ်။ ပရဟိတအဖွဲ့မှာ ပါဝင်တဲ့သူအားလုံးကိုလည်း ကျေးဇူးတင်ပါတယ်။ အားလုံးစိတ်အားတက်ကြွစွာနဲ့ ရည်မှန်းချက်တစ်ခုကို အောင်မြင်စွာအကောင်အထည် ဖော်နိုင်ခဲ့တဲ့အတွက် ပီတိလည်းဖြစ်မိပါတယ်။

ဒီနှစ်သကြန် ဘယ်မှာရှိမလဲ-

မန္တလေးက Alpine မဏ္ဍပ်သွားမယ်လို့ စီစဉ်ထားပါတယ်။ ရန်ကုန်မှာလည်း တစ်ရက်၊ နှစ်ရက် လောက်နေရင်လည်းနေဖြစ်မယ်။ နေဖြစ်ရင်တော့ သူငယ်ချင်းတွေနဲ့ပေါ့။

မိုးစက်ကျောင်းထားပေးခဲ့တဲ့ ကလေးသုံးယောက်ရော တက္ကသိုလ်တက်နေကြပြီလား-

သူတို့သုံးယောက်စလုံး အဆင်ပြေပါတယ်။ မကြာသေးမီက သူတို့ဆီက တင်တင်ဌေးနဲ့ အဆက်အသွယ်ရပါတယ်။ ကျောင်းအပ်တာနဲ့ပတ်သက်ပြီး အကူအညီတောင်းလို့ မိုးစက် အကူအညီပေးလိုက်ပါတယ်။

ပရိသတ်တွေကို ပြောလိုတာကရော-

မိုးစက်တို့ မြန်မာ့နှလုံးသားပရဟိတအသင်း (Myanmar's Heart Charity Group) မှာ ဘယ်သူမဆိုပူပေါင်းပါဝင်နိုင်ပြီး မွန်မြတ်တဲ့ ပရဟိတအလုပ်တွေနဲ့ ကုသိုလ်ယူကြပါလို့ ဖိတ်ခေါ်လိုပါတယ်။ ပရိသတ်တွေအားလုံးကို ကျေးဇူးတင်ပါတယ်။

မင်းလှသား

အကယ်ဒမီဆုကို ပိုင်ဆိုင်ခွင့်ရခဲ့ပြီဖြစ်တဲ့ လီရိုနာဒိုဒီကာပရီယို

"Romeo and Juliet"နဲ့ "Titanic"ရုပ်ရှင်တွေမှာ ပါဝင်သရုပ်ဆောင်ရင်း မင်းသားငယ်တစ်ဦးအဖြစ်မှ ဟောလီဝုဒ်ရဲ့ကျော်ကြားတဲ့ ထိပ်တန်းမင်းသားဖြစ်လာခဲ့တဲ့ လီရိုနာဒိုဒီကာပရီယိုဟာ ယခုနှစ်ရဲ့ အကယ်ဒမီပေးပွဲကြီးမှာတော့ အကောင်းဆုံးအမျိုးသားသရုပ်ဆောင်ဆုနဲ့ သူ့ရဲ့ အနုပညာသက်တမ်းတစ်လျှောက် ပထမဦးဆုံးသော အကယ်ဒမီဆုကို သိမ်းပိုက်နိုင်ခဲ့ပြီဖြစ်ကြောင်း အမ်တီဗီနယူးစ်ဒေါ့ကွန်းက ဖော်ပြခဲ့ပါတယ်။

ပြီးခဲ့တဲ့ ဖေဖော်ဝါရီ ၂၈ရက်က ကယ်လီဖိုးနီးယားပြည်နယ် ဟောလီဝုဒ်ရှိ ဒေါ်လ်ဘီသီရေတာမှာ ကျင်းပခဲ့တဲ့ အော်စကာဆုပေးပွဲရယ်လို့လူသိများတဲ့ အကယ်ဒမီပေးပွဲမှာ လီရိုနာဒိုဟာ ယခုနှစ်အတွင်း ရုံတင်ပြသခဲ့ပြီး ဝင်ငွေအကောင်းဆုံးရုပ်ရှင်အဖြစ် ရပ်တည်ခဲ့ဖူးတဲ့ သူ့ရဲ့ရုပ်ရှင်သစ် "The Revenant"နဲ့ သူ့အတွက် ပထမဦးဆုံးသော အကယ်ဒမီဆုကို ဆွတ်ခူးထားနိုင်ခဲ့တာ ဖြစ်ပါတယ်။ သူဟာ အနုပညာသက်တမ်းတစ်လျှောက် အကယ်ဒမီဆုအတွက် ငါးကြိမ်တိုင်တိုင် ဆုလျာထားစာရင်းမှာ ဖော်ပြခြင်းခံခဲ့ရပေမယ့် အကယ်ဒမီနဲ့လွဲခဲ့ရသည်ချည်းဖြစ်ခဲ့ပြီး ယခုအကြိမ်မှ ပိုင်ဆိုင်ခွင့်ရခဲ့ခြင်း ဖြစ်ပါတယ်။

လီရိုနာဒိုခေါင်းဆောင်ပါဝင်ခဲ့တဲ့ ရုပ်ရှင် "The Revenant"ဟာ ယခုနှစ်အော်စတာဆုပေးပွဲကြီးမှာ ဆုပေါင်း ၁၂ဆုအတွက် လျာထားခြင်းခံခဲ့ရပေမယ့် အကယ်ဒမီဆုသုံးဆုကိုသာ ပိုင်ဆိုင်ခွင့်ရခဲ့ပါတယ်။ ယင်းရုပ်ရှင်နဲ့ အကောင်းဆုံးအမျိုးသားသရုပ်ဆောင်ဆုကို လီရိုနာဒိုက ပိုင်ဆိုင်ခဲ့ပြီး အခြားသောအကယ်ဒမီဆုတွေဖြစ်ကြတဲ့ အကောင်းဆုံးဒါရိုက်တာဆု၊ အကောင်းဆုံးဓာတ်ပုံဆုတို့ကိုလည်း အဆိုပါရုပ်ရှင်က သိမ်းပိုက်နိုင်ခဲ့ပါတယ်။

ယခုနှစ် အကယ်ဒမီပေးပွဲကြီးမှာ အကောင်းဆုံးအမျိုးသမီးသရုပ်ဆောင်ဆုကို "Room" ရုပ်ရှင်နဲ့ ဘယ်လီလာဆန်က ရရှိခဲ့ပြီး အကောင်းဆုံးဇာတ်ပို့ဆု(အမျိုးသား)ကို မာ့ခ်ရဲလန့်စ်က လည်းကောင်း၊ အကောင်းဆုံးဇာတ်ပို့ဆု(အမျိုးသမီး)ကို အလီရာဗီကန်ဒါကလည်းကောင်း အသီးသီး ရရှိခဲ့ကာ အခြားသောရုပ်ရှင်ထူးချွန်ဆုများကိုလည်း ခြီးမြှင့်ပေးခဲ့ရာ စုစုပေါင်း ဆုအမျိုးအစား ၂၄ မျိုးအတွက် ထူးချွန်သူများကို ယခုနှစ်ရဲ့အော်စကာဆုပေးပွဲကြီးဖြစ်တဲ့ (၈၈)ကြိမ်မြောက် အကယ်ဒမီဆုပေးပွဲကြီးမှာ ရွေးချယ်ပေးအပ်ခဲ့ကြောင်း သိရပါတယ်။ **(အေးပြည့်)**

ကယ်ဗယ်လီယို ရဲ့ လက်စွမ်းကြောင့် ကယ်ပီတယ်ဝမ်းပလား ချန်ပီယံဖြစ်ခဲ့ရတဲ့ မန်စီးတီး

လီဗာပူး ၁-၁ မန်စီးတီး
ပင်နယ်တီ လီဗာပူး ၁ - ၃ မန်စီးတီး

လီဗာပူးနဲ့ မန်စီးတီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့တဲ့ ကယ်ပီတယ်ဝမ်းဖလား ဗိုလ်လုပွဲမှာ မန်စီးတီးက ပင်နယ်တီ အဆုံးအဖြတ် သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ယူကာချန်ပီယံအဖြစ် အောင်ပွဲခံနိုင်ခဲ့ပါတယ်။ နှစ်သင်းစလုံးက ချန်ပီယံဖြစ်ရေး မျှော်လင့်ချက်အတွက် ပွဲအစအဆုံး တိုက်စစ်ဖွင့် ကစားခဲ့တာကြောင့် ကြည့်ကောင်းတဲ့ ပွဲစဉ်တစ်ပွဲဖြစ်ခဲ့ပြီး အဖွင့်ဂိုးကို ပွဲချိန် ၄၉ မိနစ်မှာ မန်စီးတီးမှ ဖာနန်ဒင်ဟိုက သွင်းယူခဲ့ပါတယ်။ အဲဒီနောက် မန်စီးတီးတိုက်စစ်မျှူး အဂူရိုရဲ့ အပိုင်အခွင့်အရေးအချို့ကို လီဗာပူးဂိုးသမား မစ်ဂ်နိုလက် လက်စွမ်းပြကာကွယ်နိုင်ခဲ့တာကြောင့် မန်စီးတီးအတွက် ဂိုးပြတ်ဦးဆောင်နိုင်ခွင့် အခွင့်အရေးဆုံးရှုံးခဲ့တယ်လို့ ဆိုရမှာဖြစ်ပါတယ်။

လီဗာပူးအသင်းက မန်စီးတီးထက် ဘောလုံးပိုင်ဆိုင်မှုအသာနဲ့ ထိုးဖောက်တိုက်စစ်ဆင်နေပေမယ့် စတားရစ်ချ်ကြီ့ခိုင်မှုမပြည့်ဝတာကြောင့် ထိရောက်တဲ့ ထိုးဖော်မှုတွေ ပြုလုပ်ဖို့ ပျက်ကွက်နေခဲ့ပါတယ်။ အဲဒီနောက် လီဗာပူးနည်းပြ ဂျာဂင်ကလော့ပ်ကလည်း ချေပဂိုးရရှိဖို့ ဖာမီနိုနေရာ အော်ရီဂီ၊ မိုရီနိုနေရာမှာ လယ်လာနာတို့ကို ဝင်ရောက်ကစားစေခဲ့လို့ လီဗာပူးတိုက်စစ်ပိုင်း ပြန်လည်အသက်ဝင်လာခဲ့ပါတယ်။ ဒါ့ကြောင့် ပွဲကစားချိန် ၈၃ မိနစ်မှာ လယ်လာနာ၊ အော်ရီဂီ၊ ကော်တင်ဟိုတို့ရဲ့ တိုက်စစ်တွဲလုံးကတစ်ဆင့် ကော်တင်ဟိုက အဖိုးတန်ချေပဂိုး တစ်ဂိုးသွင်းယူနိုင်ခဲ့လို့ တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်နေခဲ့ပါတယ်။ မိနစ် ၉၀ ပြည့်ပြီးချိန်အထိ နှစ်ဖက်လုံး အပြန်အလှန်ထိုးဖောက်မှုတွေနဲ့ ပွဲကိုဖြတ်ဖို့ ကြိုးစားခဲ့ပေမယ့် ဘယ်အသင်းကမျှ ထပ်မံဂိုးသွင်းနိုင်ခြင်းတော့ မရှိခဲ့ပါဘူး။

အချိန်ပို မိနစ် ၃၀ ဆက်လက်ယှဉ်ပြိုင်ကစားရာမှာလည်း ရလဒ်ပိုင်းအပြောင်းအလဲမရှိခဲ့တာကြောင့် ပင်နယ်တီ အဆုံးအဖြတ်ခံယူရာမှာ မန်စီးတီးအသင်းက သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ယူကာ ချန်ပီယံဖလားတစ်လုံးကို အောင်မြင်စွာ သိမ်းပိုက်နိုင်ခဲ့ပါတယ်။ ယခုပွဲမှာ ဂိုးသမားနှစ်ဦးစလုံးရဲ့ လက်စွမ်းတွေက ပွဲစဉ်တစ်လျှောက် အဓိကကျခဲ့ပြီး လီဗာပူးဂိုးသမား မစ်ဂ်နိုလက်ဟာ အဂူရိုရဲ့ ဆေးလ်ဗား၊ စတာလင်းတို့ရဲ့ တိကျတဲ့ ကန်သွင်းချက်၊ ခေါင်းတိုက်ချက်တွေကို ကာကွယ်ကာ လီဗာပူးအသင်းကို ပင်နယ်တီအထိ ဆွဲခေါ်ပေးနိုင်ခဲ့ပါတယ်။ မန်စီးတီးရဲ့ ဝါရင့်ဂိုးသမား ကာဗယ်လီယို ကတော့ ပင်နယ်တီအဆုံးအဖြတ်ခံယူရာမှာ လီဗာပူးကစားသမားတွေဖြစ်တဲ့ လူးကပ်စ်၊ ကော်တင်ဟို၊ လယ်လာနာတို့ရဲ့ ကန်သွင်းချက်တွေကို သုံးကြိမ်ဆက်တိုက် အံ့ဖွယ်ကာကွယ်နိုင်ခဲ့တာကြောင့် ယခုပွဲရဲ့ အဓိက သူရဲကောင်းတစ်ဦးဖြစ်ခဲ့တယ်လို့ ဆိုရမှာပါ။ ဒီပွဲရဲ့ အကောင်းဆုံးကစားသမားဆုကို မန်စီးတီးအသင်း ခေါင်းဆောင် ဗင်ဆင့်ကွန်ပနီက ရရှိခဲ့ပါတယ်။

ထူးခြားချက်များ

* *မန်စီးတီးအသင်းသည် ကယ်ပီတယ်ဝမ်းဖလား ဗိုလ်လုပွဲ ငါးကြိမ်တက်ရောက်နိုင်ခဲ့ပြီး လေးကြိမ် (၁၉၇၀၊ ၁၉၇၆၊ ၂၀၁၄၊ ၂၀၁၆) အထိဗိုလ်စွဲခဲ့*
* *လီဗာပူးအသင်းသည် ဗိုလ်လုပွဲလေးကြိမ်(၁၉၇၈၊ ၁၉၈၇၊ ၂၀၀၅၊ ၂၀၁၆)တွင် ဒုတိယနေရာဖြင့်သာ ကျေနပ်ခဲ့ရ။*
* *ဖာနန်ဒင်ဟိုမှာ ခုနစ်ပွဲဆက်တိုက် ဂိုးပေါက်ပျောက်ဆုံးနေခဲ့သော်လည်း နောက်ဆုံးကစားခဲ့သည့် လိဂ်နှစ်ပွဲဆက်တိုက် ဂိုးသွင်းယူနိုင်ခဲ့။*
* *ကော်တင်ဟိုမှာ မန်စီးတီးအားရင်ဆိုင်ခဲ့သည့် ပွဲစဉ် ခြောက်ပွဲတွင် ဝင်ရောက်ကစားခဲ့ပြီး ငါးဂိုးအထိ သွင်းယူနိုင်ခဲ့။*
* *လီဗာပူးအသင်းသည် ပင်နယ်တီအဆုံးအဖြတ် ခံယူခဲ့ရသည့် စုစုပေါင်းပွဲစဉ်(၁၈)ပွဲတွင် လေးပွဲသာ ရှုံးနိမ့်ခဲ့။*



ရီးယဲလ်မက်ဒရစ်ရဲ့ (၃၄)ပွဲဆက်တိုက် ရှုံးပွဲမရှိစံချိန်ကို လိုက်မီခဲ့တဲ့ ဘာစီလိုနာ

ဘာစီလိုနာအသင်းသည် ဆီဗီလာအသင်းအား နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ယူနိုင်ခဲ့ပြီးနောက် စပိန်နိုင်ငံ၏ သမိုင်းတွင် ရီးယဲလ်မက်ဒရစ်အသင်း တင်ထားခဲ့သည့်(၃၄)ပွဲဆက်တိုက် ရှုံးပွဲမရှိ စံချိန်ကို လိုက်မီခဲ့ပြီဖြစ်သည်။ အကယ်၍ ဘာစီလိုနာအသင်းသည် လာမည့်မတ် ၃ ရက် ဗက်လက်ကာနိုအား အနိုင်ရရှိခဲ့လျှင် ရီးယဲလ်မက်ဒရစ် တင်ထားခဲ့သည့် စံချိန်အား ကျော်ဖြတ်နိုင်မည်ဖြစ်သည်။ ယင်းပွဲစဉ်တွင် ဘာစီလိုနာ၏ သွင်းဂိုးများကို မက်ဆီနှင့် ပီကေးတို့က သွင်းယူပေးခဲ့ခြင်းဖြစ်ပြီး ယခုနိုင်ပွဲကြောင့် ဘာစီလိုနာသည် ဒုတိယနေရာမှ အက်သလက်တီကိုအား ရှစ်မှတ်ဖြတ်ကာ လာလီဂါအမှတ်ပေးဇယားကို ဦးဆောင်နိုင်ခဲ့ပြီဖြစ်သည်။

ဆီဗီလာသည် ဘာစီလိုနာအား အနိုင်ရအောင်ကစားနိုင်ခဲ့သည့် နောက်ဆုံးအသင်းဖြစ်ပြီး ပြီးခဲ့သည့် အောက်တိုဘာလအတွင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ယူနိုင်ခဲ့ခြင်းဖြစ်သည်။ ယင်းသို့ ရှုံးနိမ့်ပြီးနောက် ဘာစီလိုနာမှာ (၂၇)ပွဲအနိုင်ရအောင်စွမ်းဆောင်နိုင်ခဲ့ရာ အင်းနရစ်က ၁၉၈၈-၈၉ ဘောလုံးရာသီ ရီးယဲလ်မက်ဒရစ်တင်ထားသော (၃၄)ပွဲဆက်တိုက်ရှုံးပွဲမရှိစံချိန်ကို ဗက်လက်ကာနိုနှင့် ပွဲစဉ်တွင် ချိုးဖျက်နိုင်ရန် ပစ်မှတ်ထားလာခြင်းဖြစ်သည်။

ရက်ရှ်ဖို့ဒ်ဟာ ထူးခြားတဲ့ အရည်အသွေးရှိသူပါ

မန်ယူနည်းပြ ဗန်ဟားလ်က အာဆင်နယ်ကို အနိုင်ရရှိခဲ့သော ပွဲစဉ်တွင် ဂိုးနှစ်ဂိုးကို သွင်းယူပေးခဲ့သူ လူငယ်တိုက်စစ်မျှူး ရက်ရှ်ဖို့ဒ်မှာ ထူးခြားသည့် စွမ်းရည်ရှိသူဖြစ်ကြောင်း ချီးကျူးစကားဆိုခဲ့သည်။ အသက်(၁၈) နှစ်အရွယ်သာရှိသေးသည့် ရက်ရှ်ဖို့ဒ်မှာ သူ၏ပရီမီယာလိဂ်အဖွင့်ပွဲစဉ်အဖြစ်ကစားခွင့်ရသည့် ယင်းပွဲစဉ်တွင် သုံးမိနစ်အတွင်း သွင်းဂိုးနှစ်ဂိုးသွင်းယူကာ ထိပ်တန်းခြေစွမ်းကို ပြသနိုင်ခဲ့သည်။

ရက်ရှ်ဖို့ဒ်သည် မစ်ဂျယ်လန်းအသင်းနှင့် ကစားခဲ့သည့် ယူရိုပါလိဂ်ပွဲစဉ်တွင် မန်ယူအသင်းကြီးနှင့် ပထမဆုံးပွဲထွက် ကစားခွင့်ရခဲ့ပြီး သွင်းဂိုးနှစ်ဂိုးသွင်းယူနိုင်ခဲ့သလို ယခုပွဲစဉ်တွင်လည်း အကောင်းဆုံးပုံစံတစ်ရပ်ကို ထပ်မံပြသနိုင်ခဲ့ခြင်း ဖြစ်သည်။

ဗန်ဟားလ်က "လူငယ်ကစားသမားတွေဟာ ပထမဆုံးစကားခွင့်ရတဲ့ ပွဲမှာဆို ခြေစွမ်းပြသတတ်ပေမယ့် ဒုတိယပွဲကျရင်တော့ အခြေအနေတွေ ပြောင်းလဲသွားတတ်ပါတယ်။ ဒါပေမယ့် မားကပ်စ်(ရက်ရှ်ဖို့ဒ်)ကတော့ သူများနဲ့မတူဘဲ တကယ်ကို ထူးခြားစွမ်းရည်ရှိသူပါ။ ဇာဗီက ဗယ်လာဒိုလစ်ကို ရင်ဆိုင်ခဲ့တဲ့ပွဲစဉ်မှာ ဘာစီလိုနာအတွက် အကောင်းဆုံးပွဲဦးထွက် ကစားပေးနိုင်ခဲ့သလို မူလကလည်း တကယ့်ကို ကောင်းမွန်တဲ့အစပြုမှုနဲ့ ဝင်ရောက်နိုင်ခဲ့တယ်"ဟု ချီးကျူးစကားဆိုလိုက်သည်။

ထို့ပြင် အာဆင်နယ်နည်းပြ ဝင်းဂါးကလည်း ရက်ရှ်ဖို့ဒ်မှာ ဘောလုံးကို ဦးနှောက်သုံးကာ ကစားသွားနိုင်ခဲ့ပြီး သူ၏နေရာယူမှန်ကန်မှုနှင့် အချိန်ကိုက်လှုပ်ရှားမှုတို့က မိမိအား တကယ့်ကို စိတ်လှုပ်ရှားစေခဲ့ကြောင်း ဖွင့်ဟပြောကြားခဲ့သည်။

အင်ပန်တီနိုရ်၏ ဖီဖာပြုပြင်ပြောင်းလဲရေး အစီအစဉ်များတွင် ပါဝင်ကူညီလိုဟု ဒေးဗစ်ဂီးလ်ဖွင့်ဟ

ဖီဖာဥက္ကဋ္ဌသစ် အင်ဖန်တီနိုသာ တောင်းဆိုခဲ့လျှင် ဖီဖာဘဏ္ဍာရေးဆိုင်ရာ ပြုပြင်ပြောင်းလဲရေးအစီအစဉ်များတွင် ၎င်းအနေဖြင့်ကူညီရန် အသင့်ရှိနေကြောင်း ယခင်မန်ယူအသင်း အလုပ်အမှုဆောင်ဟောင်း ဒေးဗစ်ဂီးလ်က ပြောကြားခဲ့သည်ဟု ဘီဘီစီသတင်းတစ်ရပ်၌ ဖော်ပြသည်။ ပြီးခဲ့သည့် ဖေဖော်ဝါရီ ၂၆ ရက်တွင် ဆပ်ဘလတ္တာ၏ နေရာကိုဆက်ခံခဲ့သူ အင်ဖန်တီနိုက ဖီဖာအုပ်ချုပ်ရေးအဖွဲ့အစည်းတွင် အဂတိလိုက်စားမှုကင်းရှင်းအောင် ဆောင်ရွက်ရန်မှာ သူ၏ ဦးစားပေးလုပ်ငန်းတစ်ရပ်ဖြစ်ကြောင်း ပြောကြားထားပြီးဖြစ်သည်။

ဖီဖာဥက္ကဋ္ဌဟောင်း ဘလတ္တာသည် ပြီးခဲ့သည့် ၂၀၁၅ ခုနှစ်အတွင်း လက်ရှိရာထူးမှ နုတ်ထွက်ခဲ့ပြီးနောက် ဘောလုံးလောကနှင့် ခြောက်နှစ်တာ မပတ်သက်ရဟူသော ပြစ်ဒဏ်ချမှတ်ခံခဲ့ရသည်။

အသက်(၅၈)နှစ်အရွယ်ဂီးလ်က "ကျွန်တော်က ယူအီးအက်ဖ်အေ (ဥရောပဘောလုံးအဖွဲ့ချုပ်)မှာရော ပရီမီယာလိဂ်မှာပါ ဘဏ္ဍာရေးနဲ့ပတ်သက်ပြီး လုပ်ကိုင်ဆောင်ရွက်ခဲ့တာကြောင့် ဖီဖာရဲ့ဘဏ္ဍာရေးကိစ္စရပ်တွေကို ကောင်းကောင်း အကူအညီပေးနိုင်ပါတယ်။ ကျွန်တော်သာ ပါဝင်ဆောင်ရွက်ခွင့်ရရင် ကျေနပ်ဟော့ရ်ခ်မ်မှာ ဖြစ်ပါတယ်"ဟု ဘီဘီစီသို့ပြောကြားခဲ့သည်။ ဒေးဗစ်ဂီးလ်နှင့် အင်ဖန်တီနိုတို့သည့် ယူအီးအက်ဖ်အေ အုပ်ချုပ်ရေးအဖွဲ့အစည်းတွင် ၂၀၁၃ ခုနှစ်ကတည်းက အတူတကွ လက်တွဲလုပ်ကိုင်လာသူများဖြစ်သည်။ လက်ရှိတွင် ပြုပြင်ပြောင်းလဲမှုများကို ပီပီပြင်ပြင်ဆောင်ရွက်နိုင်ရန် ဖီဖာအလုပ်အမှုဆောင်ကော်မတီကို ၃၆ နေရာအထိ တိုးချဲ့ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း သိရသည်။

ဘောလုံးလောကသတင်းတိုများ

- မန်စီးတီးနည်းပြဖြစ်လာခဲ့ပါက ပထမဆုံးအနေဖြင့် ဘီဘာအိုနောက် တန်းကစားသမား လာပေါ့တီအား ခေါ်ယူသွားမည်ဖြစ်ကြောင်း နည်းပြ ဂွါဒီယိုလာက ပြောကြားခဲ့ပြီး ပြောင်းရွှေ့ကြေးပေါင် သန်း ၄၀ ကုန်ကျမည်ဟု ယုံကြည်ထားကြောင်း သိရသည်။
- မန်ယူသည် ဟားလ်စီးတီးဘယ်နောက်ခံကစားသမား ရောဘတ်ဆန်အား ခေါ်ယူရန်ပစ်မှတ်ထားလျက်ရှိပြီး မန်ယူအသင်းနှင့်အပြိုင် အာဆင်နယ်၊ မန်စီးတီးနှင့် စပါးတို့ကလည်း အသက်(၂၁)နှစ်အရွယ် စကော့တလန်လူငယ်ကစားသမား ရောဘတ်ဆန်အား စိတ်ဝင်စားလျက်ရှိကြောင်း သိရသည်။

ဌေးကြယ်

ဘေးစည်းတွင် ပြုလုပ်ပြခဲ့သည့် အပြုအမူလုပ်ဆောင်မိခဲ့ခြင်းအတွက် ဗန်ဟားလ်တောင်းပန်

Revenant ဇာတ်ကားမှ ဇာတ်ဝင်ခန်းပုံစံဖြင့် ဗန်ဟားလ်အား တွစ်တာစာမျက်နှာပေါ်တွင် လှောင်ပြောင်ထားမှု။

မန်ယူနည်းပြ ဗန်ဟားလ်က အာဆင်နယ်တောင်ပံတိုက်စစ်မျှူး ဆန်းချက်ဇ်၏ ဟန်ဆောင်အပြုအမူကို ကွင်းဘေးစည်းတွင် အမူအယာပြ လိုက်လံလုပ်ဆောင်ပြခဲ့သည့် သူ၏အပြုအမူမှာ မှားယွင်းခဲ့ကြောင်း ပြန်လည်တောင်းပန်ခဲ့သည်။ ဗန်ဟားလ်သည် မန်ယူက အာဆင်နယ်အား သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ် ကစားနေချိန်အတွင်း စတုတ္ထဒိုင်၏ အနီးသို့သွားရောက်ကာ ယင်းအပြုအမူကို လုပ်ဆောင်ပြခဲ့ခြင်းဖြစ်သည်။

"ဒါက ဒိုင်လူကြီး၊ စည်းကြပ်ဒိုင်၊ စတုတ္ထဒိုင်တွေအားလုံးကို ခက်ခဲစေခဲ့ပါတယ်။ ဒီလိုပြုလုပ်ပြီးနောက် ခုံပေါ်မှာ ကျွန်တော်ပြန်ထိုင်နေစဉ်မှာ ဝေဖန်မှုတွေကို ရင်ဆိုင်ခဲ့ရပါတယ်"ဟု ဗန်ဟားလ်က ပြောကြားလိုက်သည်။

သို့သော် ဗန်ဟားလ်က စိတ်ခံစားမှုပြင်းထန်နေသည့် အချိန်တွင် မသင့်လျော်သည့်အပြုအမူတစ်ရပ်ကို လုပ်ဆောင်ပြမိခဲ့ခြင်းဖြစ်ပြီး ပရိသတ်များအနေဖြင့် အတုယူမမှားစေလိုကြောင်း ဝန်ခံပြောကြားလိုက်သည်။

မေလေ့သင်း - ဧရာသားသည်

မတ်လ ၂ ရက်နေ့ ယှဉ်ပြိုင်ကစားမည့် ပွဲစဉ်များ

ပရီမီယာလိဂ် ပွဲစဉ် ၂၈

နော့ဝှစ်	- ချယ်လ်ဆီး	နံနက်-၂:၁၅
ဆန်းဒါးလန်း	- ခရစ္စတယ်ပဲလေ့စ်	နံနက်-၂:၁၅
ဗီလာ	- အဲဗာတန်	နံနက်-၂:၁၅
ဘုန်းမောက်	- ဆောက်သမ်တန်	နံနက်-၂:၁၅
လက်စတာ	- ဝက်စ်ဘရွန်း	နံနက်-၂:၁၅

စပိန် လာလီဂါ ပွဲစဉ် -၂၇

အက်သလက်တီကို	- ဆိုစီဒက်	နံနက်-၂:၃၀
လက်စ်ပါးလ်မက်စ်	- ဂီတာဖေး	နံနက်-၃:၃၀

ဘွန်ဒက်စ်လီဂါ ပွဲစဉ် - ၂၄

ဟန်နိုဗာ	- ဝုဖ်ဘတ်	နံနက်-၁:၃၀
အင်ဂိုလ်စတက်	- ကိုလုံး	နံနက်-၁:၃၀

မောင်မောင်ဇော်

ဘားအံ-သထုံကားလမ်း၌ ဟိုက်ဂျက်ယာဉ်နှင့်(၁၂)ဘီးယာဉ်တို့ မျက်နှာချင်းဆိုင်တိုက်မိ

ဘားအံ ဖေဖော်ဝါရီ ၂၉

ကရင်ပြည်နယ် ဘားအံမြို့နယ် လှာကာကျေးရွာအုပ်စု တန်(၉၀၀) ဘိလပ်မြေစက်ရုံဘောလုံးကွင်းအနီး ဘားအံ- သထုံ ကားလမ်းပေါ်တွင် ဖေဖော်ဝါရီ ၂၈ ရက် နံနက်ပိုင်းက ဟိုက်ဂျက်ယာဉ်နှင့် (၁၂)ဘီးယာဉ်တို့ မျက်နှာချင်းဆိုင် တိုက်မိရာ ဟိုက်ဂျက်ယာဉ်ပေါ်ပါ သုံးဦးအနက် နှစ်ဦးမှာ အခင်းဖြစ်နေရာတွင် သေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယင်းနေ့ နံနက် ၁၀ နာရီ ၄၅ မိနစ်ခန့်က ဘားအံ-သထုံ ကားလမ်းအတိုင်း တန်(၉၀၀) ဘောလုံးကွင်းသို့ ယာဉ်အမောင်းသင်လေ့ကျင့်ရန် 2H/---- ဟိုက်ဂျက်အဖြူရောင်ယာဉ်အား အမောင်းသင်သူ ကရင်ပြည်နယ် ဘားအံမြို့နယ် ကျောင်းအောက် ကျေးရွာနေ ကျော်မြိုင်(ခ)လခို (၂၇)နှစ် မောင်းနှင်ပြီး ဘေးတွင် အမောင်းသင်ပေးသူ ယာဉ်ပိုင်ရှင် သန်းနိုင်(၃၃)နှစ် (လိပ်စာတူ)နှင့် သန်းနိုင်၏ သားဖြစ်သူ မောင်ပေါ်ဦး(၅)နှစ်တို့ ပါရှိပြီး မြိုင်ကလေးလမ်းဆုံဘက်မှ မောင်းနှင်လာစဉ် တန်(၉၀၀)ဘိလပ်မြေစက်ရုံ ဘောလုံးကွင်းအနီး အရောက် အရှိန်မထိန်းနိုင်ဘဲ တစ်ဖက်ယာဉ်ကြောသို့ ရောက်ရှိသွားကာ ဘိလပ်မြေတင်ဆောင်၍ ဘားအံဘက်သို့ ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ကိုးတောင်ကျေးရွာနေ ဦးစိုးလွင်(၅၃)နှစ် မောင်းနှင်လာသော 2A/----(၁၂)ဘီး အပြာရောင် ယာဉ်အား ဝင်တိုက်မိရာ ဟိုက်ဂျက်ယာဉ်မောင်း ကျော်မြိုင်(ခ)လခိုနှင့် မောင်ပေါ်ဦးတို့နှစ်ဦးမှာ ဒဏ်ရာများ ပြင်းထန်စွာရရှိပြီး အခင်းဖြစ်နေရာ၌ သေဆုံးသွားကာ သန်းနိုင်တွင် (စိုးရိမ်ရ)ဒဏ်ရာများရရှိခဲ့သဖြင့် ဘားအံဆေးရုံသို့ ရဲဆေးစာဖြင့် ပို့ဆောင်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့် ပတ်သက်၍ ကျွမ်းကျင်မှုမရှိဘဲ ယာဉ်မောင်းနှင်သဖြင့် တစ်ဖက်ယာဉ်ကြောသို့ ရောက်ရှိကာ ယာဉ်တိုက်မှုဖြစ်ပွားပြီး သေဆုံး၊ ဒဏ်ရာများရရှိစေသူ ဟိုက်ဂျက်ယာဉ်မောင်းကျော်မြိုင်(ခ) လခိုအား ဘားအံမြို့မရဲစခန်းက အမှုဖွင့်ဆောင်ရွက်ထားကြောင်း သိရသည်။

ထွန်းထွန်းထွေး (ဘားအံ)

ဆိုင်ကယ်နှင့်အတူ မသက်ာ်ဖွယ်တွေ့ရှိသူအား စစ်ဆေးရာမှ ဆိုင်ကယ်ခိုးမှုပေါ်ပေါက်

နေပြည်တော် ဖေဖော်ဝါရီ ၂၉

မန္တလေးတိုင်းဒေသကြီး တိုင်းရဲအကူတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၂၆ ရက် နံနက် ၁၀ နာရီခန့်က ပြည်ကြီးတံခွန်မြို့နယ်အတွင်း နယ်မြေသာတင်းစုံစမ်းနေစဉ် (၅၈)လမ်း ဘုရင့်နောင်လမ်းနှင့် ကျန်စစ်သားလမ်းထောင့်အရောက် ၂၄ယ/--- TARBO MIC-125 အနက်ရောင် ဆိုင်ကယ်တစ်စီးနှင့်အတူ မသက်ာ်ဖွယ်တွေ့ရှိသူတစ်ဦးအား စစ်ဆေးခဲ့သည်။

စစ်ဆေးချက်အရ ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ပင်းဟဲရွာနေ ငြိမ်းကိုကို(၂၁)နှစ်ဆိုသူဖြစ်ပြီး ဖေဖော်ဝါရီ ၂၅ ရက် မွန်းတည့် ၁၂ နာရီခန့်က ချမ်းမြသာစည်မြို့နယ် ကျွန်းလုံးဥယျောရပ်ကွက် အသောကရာမတိုက် ပင်းဟဲကျောင်းဝင်းအတွင်း ရပ်ထားသော အဆိုပါဆိုင်ကယ်အားခိုးယူခဲ့ကြောင်း စစ်ဆေးသိရှိရ၍ သက်သေခံဆိုင်ကယ်ကိုသိမ်းဆည်းပြီး ၎င်းအား ချမ်းမြသာစည်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(ကြေးမုံ)

❑❑

အမြန်လမ်း၌ နှစ်လအတွင်း ယာဉ်မတော်တဆမှု ၁၁ မှုဖြစ်ပွား၊ သုံးဦးသေဆုံးပြီး ၄၆ ဦး ဒဏ်ရာရ

နေပြည်တော် ဖေဖော်ဝါရီ ၂၉

မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမြန်လမ်းမကြီးရဲတပ်ဖွဲ့သည် သက်ဆိုင်ရာနယ်မြေ အမြန်လမ်းရဲစခန်းမှူးများဦးဆောင်၍ ရန်ကုန်-နေပြည်တော်-မန္တလေး အမြန်လမ်းမကြီးတစ်လျှောက် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် အမှတ်(၃)လမ်းဆုံတိုးဂိတ်နှင့် မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ် စကားအင်းတိုးဂိတ်တို့တွင် အမြန်လမ်းပေါ် မောင်းနှင်မည့် လိုက်ထရပ်နှင့် ဟိုက်ဂျက်ယာဉ်ငယ်များအား ဖေဖော်ဝါရီ ၂၇ ရက်က ပညာပေးဟောပြောပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးလျက်ရှိသလို ယာဉ်အန္တရာယ်ကင်းရှင်းပြီး လွယ်ကူချောမွေ့စွာသွားလာနိုင်ရေးအတွက် လမ်းမကြီးအဆင့်မြှင့်တင်မွမ်းမံခြင်း၊ တံတားများအား တိုးချဲ့ခြင်း၊ လမ်းပခုံးများ ပြုပြင်မွမ်းမံခြင်းများကို ဆောက်ရွက်လျက်ရှိသကဲ့သို့ ခရီးသွားပြည်သူများ ဘေးကင်းလုံခြုံစွာသွားလာနိုင်ရေးအတွက် လှည့်ကင်းဆိုင်ကယ်များ၊ လှည့်ကင်းမော်တော်ယာဉ်၊ သူနာတင်ယာဉ်များဖြင့် နေ့/ညမပြတ် လုံခြုံရေးဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထို့အတူ အမြန်လမ်းမကြီး ရဲတပ်ဖွဲ့ဝင်များသည် အခါအားလျော်စွာ အမြန်လမ်းမကြီးနှင့်နီးသည့် ကျေးရွာများသို့ သွားရောက်၍လည်းကောင်း၊ အမြန်လမ်းမကြီးပေါ်၌သော်လည်းကောင်း၊ အမှတ်(၃)လမ်းဆုံတိုးဂိတ်၊ ဘောနတ်ကြီးတိုးဂိတ်၊ ဖြူးတိုးဂိတ်၊ ပလွေး(စီလမ်းဆုံ)တိုးဂိတ်၊ သီးကုန်းတိုးဂိတ်၊ စကားအင်းတိုးဂိတ်များ၌ အသိပညာပေးဟောပြောခြင်း၊ လက်ကမ်းစာစောင်များဖြန့်ဝေခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိသည်။

၂၀၁၅ ခုနှစ်အတွင်း အမြန်လမ်းမကြီးရဲတပ်ဖွဲ့၏စာရင်းဇယားများအရ အမြန်လမ်းမကြီးပေါ်တွင် လိုက်ထရပ်နှင့် ဟိုက်ဂျက်ယာဉ်ငယ်များတိမ်းမှောက်မှု စုစုပေါင်း ၈၆ မှုဖြစ်ပွားခဲ့ပြီး သေဆုံးသူ ၁၈ ဦး၊ ဒဏ်ရာရရှိသူ ၃၆၂ ဦးရှိခဲ့ပြီး ယခုနှစ် ဇန်နဝါရီနှင့် ဖေဖော်ဝါရီ နှစ်လအတွင်း ယာဉ်မတော်တဆမှု ၁၁ မှုဖြစ်ပွားခဲ့ပြီး သေဆုံးသူ သုံးဦးရှိခဲ့ကာ ၄၆ ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ယခုအခါ နွေရာသီ ကျောင်းအားလပ်ရက်ကာလဖြစ်သည့်အားလျော်စွာ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလိုက်ထရပ်ယာဉ်နှင့် ဟိုက်ဂျက်ယာဉ်များ အမြန်လမ်းမကြီးပေါ်သို့ တက်ရောက်မောင်းနှင်သည့်အခါ ဘေးအန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် တိုးဂိတ်များ၌ ယာဉ်ကြံ့ခိုင်မှု၊ ခရီးသည်နှင့် ကုန်ပစ္စည်းတင်ဆောင်မှုများနှင့် ပတ်သက်၍ အမြန်လမ်းမကြီးရဲတပ်ဖွဲ့ဝင်များက ယာဉ်မောင်းများနှင့် ခရီးသွားပြည်သူများအား အသိပညာပေးခြင်းနှင့် လက်ကမ်းစာစောင်များ ဝေဒေပေးခြင်းများ လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

(ကြေးမုံ)

ဆရာချို(ရုပ) (8,9,10)တန်း
ဘာသာစုံ(၁၅)ဦးတိုင်း၊ မတ်လဆန်း(၉)ရက်နေ့စမည်။
(၂၆)၊ ဦးပိုင်လမ်း၊ ပုဇွန်ကောင်း။(ရွှေဘုန်းပွင့်ဘုထားအိုး) ဖုန်း - ၀၇ ၂၅၄၂၀၁၅၅

ဘာဏ်ပိတ်ရက်ကြော်ငြာ
လွဲပြောင်းနိုင်သော စာချုပ်စာတမ်းများ အက်ဥပဒေအရ ၂၀၁၆ခုနှစ်၊ မတ်လ ၂ ရက်(ဗုဒ္ဓဟူးနေ့) "တောင်သူလယ်သမားနေ့"သည် အများပြည်သူ အလုပ်ပိတ်ရက်ဖြစ်ပါသဖြင့် ၎င်းနေ့တွင် ဘဏ်အားလုံးပိတ်ထားလိမ့်မည် ဖြစ်ပါကြောင်း။
မြန်မာနိုင်ငံတော်ပဟိုဘဏ်

ESSAYကို အရွယ်တူကျောင်းသားများ ဘာမဟုတ်ခြောက်ခေါ်ခဲ့ခေါ်ကတာမိုးသူ၏ နေရာသစ် ESSAY ဆေးနည်း သင်တန်းကို ဝန်ကား (၅) ရက်နေ့မှ စောင်ဖွင့်လှုပ်ရှားမည်။
နေရာ- ဥတ်လပ်ပင်ဈေးကြီးအနီး ပုန်း - 09 254183321

ကန့်ကွက်နိုင်ပါသည်
ယာဉ်အမှတ် 8J/5560, Ni Di Bus Bus (4x2)R ယာဉ်လက်ဝယ်ရှိသူ အမည် ဒေါ်ဝင်းဝင်းမော်(၁၂/ဥကမ(နိုင်)၁၆၁၉၀၈)မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါနံပါတ်သို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
ကုန်းလမ်းမို့ဆောင်ရေးညွှန်ကြားမှူးဦးစီးဌာနတိုင်းဒေသကြီးနံပတ်ခွဲ (ရွှေသာကြီး) ရန်ကုန်မြို့။

သန်းဌေးနှင့်ရောင်းရင်းများ ၃၄ ကျိုက်ထီးရိုး/ချောင်းသာ(ဓနုခ)
ပြတ်ပေတ်တင်ခွန်းဘုရားပွဲတော်သို့ (ဘင်၊ သောကြာ) ထွက်မည်
☆ အင်းတော်ကြီး ရွှေမဏ္ဍာ၊ မြစ်ကြီးနား၊ မြစ်ဆုံ (Mar 5,18,25) ထွက်မည်
☆ ရွှေရက်တော်၊ စက္ကိုန်းတံ၊ နဂါးပွက်၊ ကျောင်းတော်ရာ၊ မကွေးမြသလွန် (၃)ရက် ဆက်၍ - ပုဂံ၊ ပုပ္ပါး၊ ရွှေယမ်တော်လေးဆူ (၅)ရက် (တောင်ကြီး အင်းလေး၊ ပင်းတယ) (မန္တလေး ဗုဒ္ဓရာ၊ မြင်ဦးလွင်၊ အလောင်းတော်) (၇)ရက်၊ အားလုံးပါ (၁၁)ရက်။
☆ ရွှေရက်တော်၊ အလောင်းတော်ကသယ၊ ဗုဒ္ဓရာ၊ ဖိုလ်ဝင်တောင်ရွှေဘုတောင် (၅)ရက်။
☆ စစ်ကိုင်း၊ ဗုဒ္ဓရာ၊ အလောင်းတော်ကသယ (၄)ရက်။ မန္တလေး၊ မြင်ဦးလွင် ပါ (၅)ရက်။
☆ ရွှေရက်တော်၊ ရခိုင် - မြောက်ဦး၊ ကျောက်တော်၊ စစ်တွေ၊ ငယလီ၊ ကမ်းသာယာ(၈)ရက်။
☆ တောင်ကြီး၊ အင်းလေး ပင်းတယ၊ ကုန်လုံ၊ ထပ်စမ်း (၄)ရက်။ ရွှေခြင်ကော် ပါ(၅)ရက်။
☆ မော်လမြိုင်၊ ကျိုက္ကမီ၊ ဓက်ဆ၊ (ကျိုက်ထီးရိုး)ပါ (၃)ရက်။ Mar 4,11,18,25
☆ ထားဝယ် ရှင်ကိုးရှင်း၊ မောင်းမဂန်ကမ်းခြေ၊ ကျိုက္ကမီ (၅)ရက်။ Apr 1,8,11,12,17
☆ လေ့ကျင့်ပြည်တော်ပြန် ☆ နေပြည်တော် ☆ ပြည် - အကောက်တော်၊ နဂါးရစ် ☆ ပဲလပ်ဆင်တော်ဖွင့် (ရေးဘုတ်မဲ)
အမှတ်(၄၂၄)ရွှေဘုံသာလမ်း Ph: 01-380141, 01-241863, 09-43043109, 09-73251422

ဟသ်တ အသင်း
နှစ်ပတ်လည်စုံညီ အစည်းဝေး ကျင်းပမည်
ဟသ်တအသင်း၏ နှစ်ပတ်လည် စုံညီအစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း
ကျင်းပသွားမည်ဖြစ်ရာ အသင်းသား/သားများနှင့် အသင်းဝင်ဖြစ်ဟုတ်သော်လည်း မိသားစုနှင့်ဝင်များ စုံညီစွာ
တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။
ကျင်းပမည့်ရက် ၂၀.၃.၂၀၁၆ (တနင်္ဂနေ့)
ကျင်းပမည့်အချိန် နံနက် (၈)နာရီ
ကျင်းပမည့်နေရာ ဟသ်တအသင်းတိုက်
အမှတ် (၁၈၄ - ၁၈၆)၊ ၄၅လမ်း (အထက်)
ဗိုလ်တဝေါင်ပြိုနယ်၊ ရန်ကုန်မြို့
သက်တော်ရှည် ပူတော်ပွဲအတွက် အသက် (၈၀)နှင့်အထက် ပုဂ္ဂိုလ်များ ၊ နိုင်ငံတော်မှ ဘွဲ့ထူး ၊ ဂုဏ်ထူးချီမြှင့်ခံရသူများ ၂၀၁၅-ခုနှစ် ၊ တက္ကသိုလ်ဝင်စာမေးပွဲ၌
ဂုဏ်ထူးရရှိသော အသင်းဝင်များ၏ သားသမီးများ အထောက်အထားများနှင့်တကွ (၇.၃.၂.၂၀၁၆)နေ့ နောက်ဆုံးထား၍ အကြံပေးပုဂ္ဂိုလ် ဦးတင်ရှိန်
(ဖုန်း ၀၁-၅၂၇၄၆)၊ ဥက္ကဋ္ဌ ဟသ်တ ဦးမြင့်ဌေ (ဖုန်း ၀၁-၅၂၂၄၂၅)၊ ဒု-ဥက္ကဋ္ဌ ဦးအုန်းဆိုင် (ဖုန်း ၀၁- ၂၂၅၅၆၆)၊ တွဲဖက်အတွင်းရေးမှူး(၁) ဦးစိန်ဝင်း (ဖုန်း ၀၁-၅၅၀၁၈၈)၊
အသင်းတိုက် (ဖုန်း ၀၁-၃၉၈၈၆) တို့ထံသို့ ဆက်သွယ်စာရင်းပေးပို့ကြပါရန် ။ ထိုနေ့တွင် ဦးစိုးမြင့် + ဒေါ်ခင်ဝင်းမြင့် (သီဟအလုပ်ဦးစီးယမ်လုပ်ငန်း) မိသားစုက ဟသ်တ
မုန့်ဟင်းခါးမြင့် ကျွေးမွေးဧည့်ခံပါမည်။
အမှုဆောင်အဖွဲ့

အဖိုးတန်နွေမှာ ကြိုတင်ပြင်ဆင်အောင်ပွဲဝင်ဖို့ စာသင်ကြပါစို့
ဂုဏ်ထူးဦးသိန်းနိုင်
ဦးနေအုပ်(စိန်ပေါလ်)
ဦးတင်ကို
ဆရာပိုင်(ပိုင်သချာ)
ဦးမြင့်ဝင်းကျော်
ဦးဆက်မွန်
ဒေါက်တာမြသိန်း
နိုင်းထွန်းအောင်
ဗဟုသုတ်ကြီးတိုးဂိတ်၊ ဖြူးတိုးဂိတ်၊ ပလွေး(စီလမ်းဆုံ)တိုးဂိတ်၊ သီးကုန်းတိုးဂိတ်၊ စကားအင်းတိုးဂိတ်များ၌ အသိပညာပေးဟောပြောခြင်း၊ လက်ကမ်းစာစောင်များဖြန့်ဝေခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိသည်။
ဗဟုသုတ်ကြီးတိုးဂိတ်
ရန်ကုန်-နေပြည်တော်-မန္တလေး အမြန်လမ်းမကြီးတစ်လျှောက် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် အမှတ်(၃)လမ်းဆုံတိုးဂိတ်နှင့် မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ် စကားအင်းတိုးဂိတ်တို့တွင် အမြန်လမ်းပေါ် မောင်းနှင်မည့် လိုက်ထရပ်နှင့် ဟိုက်ဂျက်ယာဉ်ငယ်များအား ဖေဖော်ဝါရီ ၂၇ ရက်က ပညာပေးဟောပြောပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးလျက်ရှိသလို ယာဉ်အန္တရာယ်ကင်းရှင်းပြီး လွယ်ကူချောမွေ့စွာသွားလာနိုင်ရေးအတွက် လမ်းမကြီးအဆင့်မြှင့်တင်မွမ်းမံခြင်း၊ တံတားများအား တိုးချဲ့ခြင်း၊ လမ်းပခုံးများ ပြုပြင်မွမ်းမံခြင်းများကို ဆောက်ရွက်လျက်ရှိသကဲ့သို့ ခရီးသွားပြည်သူများ ဘေးကင်းလုံခြုံစွာသွားလာနိုင်ရေးအတွက် လှည့်ကင်းဆိုင်ကယ်များ၊ လှည့်ကင်းမော်တော်ယာဉ်၊ သူနာတင်ယာဉ်များဖြင့် နေ့/ညမပြတ် လုံခြုံရေးဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။
ထို့အတူ အမြန်လမ်းမကြီး ရဲတပ်ဖွဲ့ဝင်များသည် အခါအားလျော်စွာ အမြန်လမ်းမကြီးနှင့်နီးသည့် ကျေးရွာများသို့ သွားရောက်၍လည်းကောင်း၊ အမြန်လမ်းမကြီးပေါ်၌သော်လည်းကောင်း၊ အမှတ်(၃)လမ်းဆုံတိုးဂိတ်၊ ဘောနတ်ကြီးတိုးဂိတ်၊ ဖြူးတိုးဂိတ်၊ ပလွေး(စီလမ်းဆုံ)တိုးဂိတ်၊ သီးကုန်းတိုးဂိတ်၊ စကားအင်းတိုးဂိတ်များ၌ အသိပညာပေးဟောပြောခြင်း၊ လက်ကမ်းစာစောင်များဖြန့်ဝေခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိသည်။
၂၀၁၅ ခုနှစ်အတွင်း အမြန်လမ်းမကြီးရဲတပ်ဖွဲ့၏စာရင်းဇယားများအရ အမြန်လမ်းမကြီးပေါ်တွင် လိုက်ထရပ်နှင့် ဟိုက်ဂျက်ယာဉ်ငယ်များတိမ်းမှောက်မှု စုစုပေါင်း ၈၆ မှုဖြစ်ပွားခဲ့ပြီး သေဆုံးသူ ၁၈ ဦး၊ ဒဏ်ရာရရှိသူ ၃၆၂ ဦးရှိခဲ့ပြီး ယခုနှစ် ဇန်နဝါရီနှင့် ဖေဖော်ဝါရီ နှစ်လအတွင်း ယာဉ်မတော်တဆမှု ၁၁ မှုဖြစ်ပွားခဲ့ပြီး သေဆုံးသူ သုံးဦးရှိခဲ့ကာ ၄၆ ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။
ယခုအခါ နွေရာသီ ကျောင်းအားလပ်ရက်ကာလဖြစ်သည့်အားလျော်စွာ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလိုက်ထရပ်ယာဉ်နှင့် ဟိုက်ဂျက်ယာဉ်များ အမြန်လမ်းမကြီးပေါ်သို့ တက်ရောက်မောင်းနှင်သည့်အခါ ဘေးအန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် တိုးဂိတ်များ၌ ယာဉ်ကြံ့ခိုင်မှု၊ ခရီးသည်နှင့် ကုန်ပစ္စည်းတင်ဆောင်မှုများနှင့် ပတ်သက်၍ အမြန်လမ်းမကြီးရဲတပ်ဖွဲ့ဝင်များက ယာဉ်မောင်းများနှင့် ခရီးသွားပြည်သူများအား အသိပညာပေးခြင်းနှင့် လက်ကမ်းစာစောင်များ ဝေဒေပေးခြင်းများ လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။
(ကြေးမုံ)

ကန့်ကွက်ရန်ကြော်ငြာ
ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဘုရားကုန်းအဆင့်(၁)၊ မြေကွက်အမှတ် (၁၆၇၂)၊ အမည်ပေါက် ဦးတင်ဆန်း၏ မြေကွက်အား ဝယ်ယူပိုင်ဆိုင်သူဦးအုန်းလွင် [၉/မရမ(နိုင်)၀၅၂ ၄၁]ကိုင်ဆောင်သူက မြေကွက်စလစ် (မူရင်း)၊ ငွေသွင်းချလန်(မူရင်း)နှင့် အရောင်းအဝယ်စာချုပ် (မူရင်း)များတင်ပြပြီး မြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာသဖြင့် ဤကြော်ငြာပါသည့် ရက်မှစ၍ (၁၅)ရက်အတွင်း အထောက်အထား (မူရင်း)များတင်ပြပြီး ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ရန်မရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ မြေချပါမစ်ထုတ်ပေးရန် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။ **မြေယာနံ့ခဲ့(၂)၊ မြေယာဌာနခွဲ ပြည်ပြန့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

ကန့်ကွက်ရန်ကြော်ငြာ
ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာတိုးခဲ့၊ မြေကွက်အမှတ် (၁၇၄၅)၊ အမည်ပေါက် ဦးဇော်ဦး၏ မြေကွက်အား ဝယ်ယူပိုင်ဆိုင်သူ ဦးထွန်းလှိုင် [၁၁/တကန(နိုင်)၀၀၆ ၂၆၇]ကိုင်ဆောင်သူက မြေကွက်စလစ်(မူရင်း) နှင့် အရောင်းအဝယ်စာချုပ် (မူရင်း)များတင်ပြပြီး မြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း အထောက်အထား (မူရင်း)များတင်ပြပြီး ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ရန်မရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ မြေချပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။ **မြေယာနံ့ခဲ့(၂)၊ မြေယာဌာနခွဲ ပြည်ပြန့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

စာ အုပ် စာ ပေ လှူ မိတ် ဆွေ

ဖြည်တွင်းရေးရာ

သတိပြုဖွယ်လျှပ်စစ်အန္တရာယ် လျှပ်စစ်ရှော့ခ်ဖြစ်၍ မီးလောင်မှုဖြစ်ခဲ့လျှင်

ဆင်ဖြူတော်တင်ဦး(ရမည်းသင်း)

မြန်မာနိုင်ငံသည် ခေတ်မီဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ လူနေမှုအဆင့်အတန်းမြင့်မားလာပြီး လျှပ်စစ်မီးကို အသုံးပြုသူများပြားလာကြောင်း၊ သုံးတတ်လျှင် မိတ်ဆွေ၊ မသုံးတတ်လျှင် ရန်သူဆိုသည့်အတိုင်း လျှပ်စစ်မီးသည် အန္တရာယ်ကြီးမားကြောင်း၊ ဓာတ်လိုက်လျှင် ဆေးမရှိ၊ မြွေကိုက်လျှင် ဆေးရှိသည်ဆိုသည့်အတိုင်း လျှပ်စစ်အသုံးပြုလျှင် သတိနှင့်ယှဉ်ကာ သုံးစွဲသင့်ကြောင်းနှင့် ရှောင်ရန် ဆောင်ရန်တို့ကို စေတနာဖြင့် အလေးထားရေးသားဖော်ပြလိုက်သည်။

ခေတ်မီဖွံ့ဖြိုးတိုးတက်လာသည့်အလျောက် လျှပ်စစ်အသုံးအဆောင်ပစ္စည်းများကို လူတန်းစားအလွှာအသီးသီး အလွယ်တကူ အသုံးပြုနေကြောင်း၊ ထမင်းပေါင်းအိုး၊ လျှပ်စစ်မီးဖို၊ သုံးမိနစ်ရေနွေးအိုး၊ လျှပ်စစ်ဖြင့်ချက်သောဒယ်အိုးစသည့် မီးဖိုချောင်အသုံးအဆောင်လျှပ်စစ်ပစ္စည်းများကို အိမ်တိုင်းလိုလို အသုံးပြုနိုင်ကြပြီး ချမ်းသာကြွယ်ဝသူများမှာ အဲကွန်း၊ ပန်ကာ၊ ရေပူ ရေအေးစက်၊ ရေခဲသေတ္တာ၊ ရေတင်မော်တာများကို အသုံးပြုနေကြောင်းလေ့လာသိရှိ တွေ့မြင်ရသည်။

စာရေးသူအနေဖြင့် လျှပ်စစ်ရှော့ဖြစ်၍ မီးလောင်မှုဖြစ်ပွားသည်ဆိုသော အကြောင်းပြချက်ကို လုံးဝ(လုံးဝ) လက်မခံကြောင်း အလေးထားရေးသားဖော်ပြလိုသည်။

လျှပ်စစ်ဥပဒေ၊ စည်ပင်သာယာဥပဒေ၊ မီးရထားဥပဒေ၊ အခွန်ဥပဒေဌာနတိုင်းတွင် သူ့ဥပဒေစည်းကမ်းစည်းမျဉ်းများ ပြဋ္ဌာန်းထားပြီး ဖြစ်သည့်အတွက် ဥပဒေနှင့် အညီ လိုက်နာကျင့်သုံးဆောင်ရွက်ပြီး စနစ်တကျ အသုံးပြုမည်ဆိုပါက လျှပ်စစ်ဓာတ်လိုက်မှုအန္တရာယ် ကင်းရှင်းကာ လျှပ်စစ်ကြောင့် မီးလောင်မှုများ မဖြစ်ပွားနိုင်ကြောင်း အကျယ်တဝင့် ပညာပေးရေးသားဖော်ပြလိုသည်။

လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးနှင့် ကာကွယ်ရေး

(၁) လျှပ်စစ်ကြောင့် ဖြစ်ပေါ်လာသောအန္တရာယ်များ။

(၂) လျှပ်စစ်အန္တရာယ်ကာကွယ်ရေး ပစ္စည်းကိရိယာများ။

(၃) အလွယ်တကူ မီးလောင်ပေါက်ကွဲစေတတ်သော အရည်များနှင့် အခိုးအငွေ့များ။

(၄) လျှပ်စစ်သုံးလျှင် သတိနှင့်ယှဉ် ဝန်အားမမျှမသုံးရ။

(၅) လျှပ်စစ်အန္တရာယ်ခံစားရသော ပုဂ္ဂိုလ်များအတွက် ပြုစုရန်ညွှန်ကြားချက်များ။

လျှပ်စစ်အန္တရာယ်ဖြစ်ပေါ်စေနိုင်သော အချက်များတွေ့ရှိပါက နီးစပ်ရာလျှပ်စစ်ဌာနများသို့ အမြန်ဆုံး အကြောင်းကြားပါ။

(၁) ဓာတ်အားလိုင်းကြိုးများ ပြတ်ကျခြင်း၊ လျှောကျနေခြင်း၊ ဓာတ်အားလိုင်းကြိုးများပေါ်သို့ သစ်ပင်များ၊ သစ်ကိုင်းများလဲကျ ကျိုးကျနေခြင်း။

(၂) မိုးဒဏ်၊ လေဒဏ်ကြောင့် ဓာတ်တိုင်များယိုင်လဲခြင်း။

(၃) ထရန်စဖော်မာ ခြံဝင်းများအတွင်းသို့ တာဝန်ရှိသူ မဟုတ်ဘဲ ဝင်ရောက်ခြင်း၊ ကလေးများ ဝင်ရောက် ဆော့ကစားခြင်း။

(၄) တာဝန်မရှိဘဲ ဓာတ်တိုင်ပေါ်သို့တက်ခြင်း။

(၅) လျှပ်စစ်ကျွမ်းကျင်မှု လက်မှတ်မရှိဘဲ ဓာတ်အားလိုင်းများအား ပြုပြင်ဆောင်ရွက်ခြင်း၊ အိမ်တွင်း လျှပ်စစ်လုပ်ငန်းများ ဆောင်ရွက်ပြုပြင်ခြင်း။

လျှပ်စစ်ကြောင့်ဖြစ်ပေါ်လာသော လျှပ်စစ်အန္တရာယ်များ ကင်းရှင်းစေရန်အတွက် အမှတ်(၁)စက်မှုဝန်ကြီးဌာန ၁၉၈၅ ခုနှစ် ဇူလိုင် ၁ ရက်မှစပြီး လျှပ်စစ်လုပ်ထုံးလုပ်နည်းဥပဒေများ အပိုင်း(၁)၊ အခန်း(၇)၊ ၁၀၉(က)တွင် ဖော်ပြလျက်ရှိပြီး ယခုပြည်ထောင်စုလွှတ်တော် လျှပ်စစ်ဥပဒေမူကြမ်းတွင် ဖော်ပြပါရှိပြီး ယခု ပြည်ထောင်စုလွှတ်တော် လျှပ်စစ်ဥပဒေမူကြမ်းတွင် ဖော်ပြပါရှိသည့် လျှပ်စစ်တပ်ဆင်ခြင်း၊ ပြင်ဆင်ပြောင်းလဲခြင်း၊ တိုးချဲ့ခြင်းများ အပါအဝင် မည်သည့်လျှပ်စစ်တပ်ဆင်ခြင်းလုပ်ငန်းကို မဆို လျှပ်စစ်ကျွမ်းကျင်မှု မှတ်ပုံတင်လက်မှတ်ရရှိထားသော ကျွမ်းကျင်လုပ်သားမှအပ "မည်သူမျှ မပြုလုပ်ရ" ဖော်ပြပါ အပိုဒ်ကို ပြည်သူလူထုလျှပ်စစ်မီးသုံးစွဲကြသူများ ဗဟုသုတ အဖြစ်သိရှိထားကြရန် ကောက်နုတ်ရေးသားဖော်ပြခြင်း ဖြစ်ပါသည်။

တာဝန်မရှိသူက မီးလိုင်းမှားချိတ်၍ လျှပ်စစ်မီးရှော့ခ်ဖြစ်ကာ မီးလောင်ပုံ။

လျှပ်စစ်ဌာနတွင် လျှပ်စစ်အိမ်သုံးမီတာဌားရမ်းတပ်ဆင်သုံးစွဲခွင့်စတင်၍ လျှောက်ထားချိန်မှစပြီး လျှပ်စစ်ဥပဒေ စည်းကမ်းများဖြင့် လျှပ်စစ်ပုံစံများတွင် ရေးသွင်းရန် စနစ်တကျ ထုတ်ပြန်ပြဋ္ဌာန်းထားပြီးဖြစ်သည်။ မီတာဌားရမ်းသုံးစွဲခွင့်ရရှိပါက မြို့နယ်လျှပ်စစ်အင်ဂျင်နီယာမှ အိမ်တွင်းပိုင်ယာသွယ်တန်းတပ်ဆင်ရန် ၎င်းရုံးဌာနများတွင် လျှပ်စစ်ကျွမ်းကျင် မှတ်ပုံတင်လက်မှတ်လုပ်ပိုင်ခွင့် လိုင်စင်ရှိသူ လျှပ်စစ်ကျွမ်းကျင်လုပ်သားတစ်ဦးဦးကို တာဝန်ခွဲဝေ၍ စေလွှတ်ရသည်။ လျှပ်စစ်ကျွမ်းကျင်လုပ်သားအဖွဲ့ခေါင်းဆောင်က လျှပ်စစ်ပုံစံ ၂၅၈ တွင် ပါရှိသော အချက်အလက်များ ဖြည့်သွင်း၍ အိမ်တွင်းလျှပ်စစ်ပိုင်ယာ သွယ်တန်းမှုနှင့် ပတ်သက်သော လုပ်ငန်းကို တာဝန်ခံမှု၊ တာဝန်ယူမှုများကို တပ်ဆင်ထားမှု ပြုပြင်ပြောင်းလဲခြင်းမရှိသည့်ကာလအတွင်း ဝန်ခံကတိပြုလက်မှတ်ရေးထိုး၍ ဆောင်ရွက်ရသော လုပ်ငန်းဖြစ်ပါသည်။

လျှပ်စစ်ကျွမ်းကျင်မှု မှတ်ပုံတင်လက်မှတ် လိုင်စင်မရှိသောသူများ လုပ်ကိုင်ဆောင်ရွက်ပါက လျှပ်စစ်ဓာတ်လိုက်မှုဖြစ်ပွားခြင်း၊ လျှပ်စစ်ရှော့ခ်ဖြစ်၍ မီးလောင်မှုဖြစ်ပွားခြင်းတို့ ကြုံတွေ့ပါက လျှပ်စစ်ဥပဒေအရ အရေးယူဆောင်ရွက်ရမည်ဖြစ်ကြောင်း သိရှိထားရန် ရေးသားဖော်ပြလိုပါသည်။

လျှပ်စစ်ကျွမ်းကျင်မှုလက်မှတ်ကို လျှပ်စစ်ဥပဒေနှင့် အညီ အရည်အချင်းသတ်မှတ်၍ မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီးလျှပ်စစ်ကစစ်ဆေး၍ ဒုတိယအဆင့်၊ ပထမအဆင့်၊ အထူးအဆင့် လျှပ်စစ်လုပ်ငန်းလုပ်ကိုင်ခွင့်များ ပိုင်းခြား၍ စက်မှု(၁)ဝန်ကြီးဌာန လျှပ်စစ်စစ်ဆေးရေးဌာနခွဲက စိစစ်၍ ထုတ်ပေးထားခြင်းဖြစ်သည်။

လျှပ်စစ်ကျွမ်းကျင်သူများက လျှပ်စစ်ဥပဒေနှင့် သတ်မှတ်စံချိန်စံညွှန်းပြည့်မီသော လျှပ်စစ်ပစ္စည်းများကို အသုံးပြု၍ အိမ်တွင်းလျှပ်စစ်ပိုင်ယာများ တပ်ဆင်ရာတွင် သတ်မှတ်အမ်ပီယာဒဏ်ခံဖျူး(စ်)တပ်ဆင်ပြီး မီတာအထွက်တွင် မိန်းဆွိ(သို့မဟုတ်) ဘရိတ်ကာ သတ်မှတ်အမ်ပီယာ တပ်ဆင်၍ အိမ်တွင်းမိန်းဘုတ်တွင် All Main တပ်ဆင်ပြီး သတ်မှတ်အမ်ပီယာဒဏ်ခံဖျူး(စ်)တပ်ဆင်၍သော်လည်းကောင်း (သို့မဟုတ်)ရှော့ခ်ဖြစ်၍ အလိုအလျောက်ဖြတ်တောက်သော (Automatic) သတ်မှတ်ထားသော အမ်ပီယာဘရိတ်ကာတပ်ဆင်၍သော်လည်းကောင်း၊ အခန်းတိုင်းတွင် ဆိုက်ဖျူး(စ်)(သို့)ဘရိတ်ကာလိုင်းခွဲများ တပ်ဆင်ထားခြင်းဖြင့် လျှပ်စစ်အန္တရာယ်နှင့် လျှပ်စစ်မှုရှော့ခ်ဖြစ်၍ မီးလောင်မှုများ မဖြစ်ပွားနိုင်ကြောင်း၊ ဓာတ်အားများ အလွယ်တကူဖြတ်တောက်စေရန် တွက်ချက်၍ လျှပ်စစ်ဥပဒေနှင့်အညီ အလေးထား၍ ဆောင်ရွက်ရသော လျှပ်စစ်လုပ်ငန်းဖြစ်သည်။ သို့ဖြစ်ရာ လျှပ်စစ်ရှော့ခ်ဖြစ်၍ မီးလောင်မှုဖြစ်ပွားခြင်းကို လုံးဝ လက်မခံကြောင်း၊ လျှပ်စစ်ဥပဒေနှင့်အညီသုံးစွဲပါက လျှပ်စစ်အန္တရာယ်များ ကင်းရှင်းမည်ဖြစ်ကြောင်း၊ "လျှပ်စစ်အိမ်သုံးမီတာသုံးစွဲသူ အိမ်ရှင်များအတွက် အပြစ်မရှိကြောင်း လျှပ်စစ်ဥပဒေအရ အလေးထားရေးသားဖော်ပြလိုက်သည်။"

သတ်မှတ်ချက်ဖြင့်အသုံးပြုရန် (၁) အနီအနက်ကြိုးပျော့များ ၂၅ ပေထက်ပိုရှိမသုံးရ၊ (၂)ရေချိုးခန်း၊ အိမ်သာတွင် ရေလုံခလုတ်(သို့မဟုတ်) ကြိုးခွဲခလုတ် အသုံးပြုရန်၊ (၃) သံထည်၊ သတ္တု၊ 3 Pin ပလတ်ဖြင့် အသုံးပြုသော လျှပ်စစ်ပစ္စည်းများ မြေဓာတ်အပ်ချ၍ အသုံးပြုရန်၊ (၄) ကလေးသူငယ်များ လျှပ်စစ်အန္တရာယ်မဖြစ်စေရန် မီးခလုတ်၊ မီးပလတ်များကို ငါးပေအထက်တွင် တပ်ဆင်ရန်၊ (၅) လျှပ်စစ်မီးကြိုးတွေ့လျှင် လျှပ်စစ်မီးရှိသည်ဟု သတိထားကြရန်တို့ကို သတိနှင့်ယှဉ်၍ လျှပ်စစ်ဥပဒေနှင့် အညီသုံးစွဲပါက လျှပ်စစ်အန္တရာယ်များ ကင်းရှင်းမည်ဖြစ်သည်။

စိုစွတ်သော မိုးကာလများတွင် လျှပ်စစ်မီးအန္တရာယ် ကင်းဝေးရေးအတွက် အောက်ပါအချက်များကို အထူးလိုက်နာရန် လိုအပ်ပါသည်-

(က) ဟောင်းနွမ်းနေသည့် လျှပ်စစ်မီးကြိုးများကို လဲလှယ်ပေးပါ။ မိုးကာလတွင် ဓာတ်တိုင်မှအိမ်သို့ သွယ်တန်းထားသောဆားဗစ်ကြိုးများ ဟောင်းနွမ်းဆွေးမြည့် ပေါက်ပြဲနေပါက အိမ်တံစက်မြိတ်သွပ်စပ်နှင့် လည်းကောင်း၊ သံဆန်ခါများနှင့်လည်းကောင်း ထိစပ်နေလျှင် လျှပ်စစ်စီးဝင်ကာ ဓာတ်လိုက်သေဆုံးမှုများ၊ ပိုင်ယာရှော့ခ်ဖြစ်၍ မီးလောင်မှုများဖြစ်တတ်ပါသည်။ အိမ်အဝင်ဆားဗစ်ကြိုးတွင် ပိုက်သွင်းရန်လိုအပ်ပါသည်။ ဓာတ်အားလိုင်းနှင့် ဆားဗစ်ကြိုးဆက်သွယ်ရာတွင် ဖျူး(စ်)မှာ ကြွေသီးခံ၍ တပ်ဆင်ရမည်။

(ခ) လျှပ်စစ်ဒဏ်ခံကြိုး (Fuse)ကို ခံနိုင်သည်ထက် ပိုမထည့်ပါနှင့်။

(ဂ) လျှပ်စစ်မီးဖို၊ မီးပူများကိုသုံးစွဲပြီးလျှင် (သို့မဟုတ်) လျှပ်စစ်မီးပြတ်သွားလျှင် ခလုတ်ပိတ်ပြီး ပလတ်ခေါင်းဖြုတ်ထားပါ။ လျှပ်စစ်ကွိုင်မီးဖိုဖြင့် ထမင်းဟင်းချက်နေစဉ် မီးပြတ်သွားသည့်အခါ မီးခလုတ်ပိတ်ရန် မေ့သွားတတ်ပါသည်။ မီးပြန်လာသောအခါ မီးလောင်မှုများဖြစ်တတ်သဖြင့် မီးပြတ်လျှင် ချက်ချင်း ခလုတ်ပိတ်သည့် အလေ့အကျင့် လုပ်ရပေမည်။ ကွိုင်မီးဖိုသည် အပူပြင်းလွန်းသဖြင့် ချက်ပြုတ်နေစဉ် လူကအခြားတစ်ပါးသို့မသွားဘဲ အနီးတွင်ရှိနေရပေမည်။

(ဃ)လျှပ်စစ်ပိုင်ယာရှော့ခ်ဖြစ်နေလျှင် ပင်မခလုတ်ကိုပိတ်ပြီး ခြောက်သွေ့သောအဝတ်ဖြင့် ရိုက်ပုတ်၊ ဖုံးအုပ်ငြိမ်းသတ်ပါ။ အင်္ဂတေခင်းသော အိမ်များတွင် ဖိနပ်စီးပြီးမှ လျှပ်စစ်ခလုတ်အဖွင့်အပိတ်လုပ်ပါ။ ချွတ်ယွင်းနေသော လျှပ်စစ်ပစ္စည်းကိရိယာများကို မသုံးစွဲပါနှင့်။

(င) လျှပ်စစ်ဓာတ်အားကို ခံနိုင်အားထက်ပိုမသုံးပါနှင့်။ မလိုအပ်လျှင် လျှပ်စစ်မီးများနှင့် လျှပ်စစ်ပစ္စည်းများကို ပိတ်ထားခြင်းဖြင့် မီတာခချွေတာခြင်းနှင့် ပိုင်ယာရှော့ခ်ဖြစ်ခြင်းမှ ကာကွယ်ပြီးသားဖြစ်နေပါသည်။

(စ) လမ်းများတွင် ဓာတ်ကြိုးများပြုတ်ကျပါက ကိုင်တွယ်ခြင်းမပြုပါနှင့်။ လျှပ်စစ်ဌာနသို့ အမြန် သတင်းပေးပို့ရမည်။ မတော်တဆ ဓာတ်လိုက်ခံရသူအား အဝတ်ခြောက်ဖြင့်ပတ်၍ အမြန်ဆွဲပါ။ လူချင်းထိမဆွဲရ။

(ဆ) ညအချိန်အိပ်ရာဝင်လျှင် လျှပ်စစ်မီးများ၊ အင်ဗာတာ၊ ဘက်ထရီနှင့် ဗို့အားမြင့်စက်များ၊ တီဗီ၊ ရေခဲသေတ္တာ၊ မီးဖို၊ မီးပူစသည့်လျှပ်စစ်ပစ္စည်းများ ပိတ်၊ မပိတ်စစ်ဆေးပြီး ပိတ်အိပ်သည့်အလေ့အကျင့်ပြုလုပ်ခြင်းဖြင့် လျှပ်စစ်အန္တရာယ်ကာကွယ်ကြရန် တိုက်တွန်းရေးသားလိုက်ပါသည်။

လျှပ်စစ်ကြောင့် မီးလောင်ရခြင်းနှင့်ပတ်သက်၍ လိုက်နာဆောင်ရွက်ရမည့်အချက်များမှာ များပြားပါသည်။ လျှပ်စစ်ပိုင်ယာသွယ်တန်းတပ်ဆင်မှုနှင့်ဆိုင်သော ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် စည်းကမ်းချက်များလည်းရှိပြီးဖြစ်သည်။ သတ်မှတ်ထားသည့် စည်းကမ်းအတိုင်းလိုက်နာဆောင်ရွက်ပါက လျှပ်စစ်အန္တရာယ်ကင်းဝေးစေပါသည်။

လျှပ်စစ်ဓာတ်အားကိုပေါ့ဆစွာ အသုံးမပြုပါနှင့်။ မိမိ၏အိမ်ကို သော့ပိတ်၍ အပြင်သို့ထွက်လျှင် အိမ်တွင်တပ်ဆင်ထားသော ပင်မမိန်းခလုတ်များကို ပိတ်ခဲ့ပါ။ ဝပ်အားများသော လျှပ်စစ်ဓာတ်အားသုံး လျှပ်စစ်ပစ္စည်းများ(မီးဖို၊ မီးပူ၊ ထမင်းအိုး၊ ရေနွေးကရား၊ အဲကွန်း) စသည်တို့ကို တစ်ပြိုင်နက်တည်း အချိန်ကြာမြင့်စွာ မသုံးပါနှင့်။ ညဘက်အိပ်ချိန်တွင် မီးအားမြင့်စက်ကို လျှော့ချပါ(သို့မဟုတ်)တိုက်ရိုက်ခလုတ်တွင်ထားပါ။ အင်ဗာတာနှင့် တွဲသုံးသောဘက်ထရီ အက်စစ်ရည်ရှိ၊ မရှိစစ်ပါ။ အသုံးမပြုလျှင်ပိတ်ထားပါ။ ကွဲအက်ပျက်စီးနေသော လျှပ်စစ်ဆက်သွယ်ရေးပစ္စည်းများ၊ ခလုတ်၊ ပလတ်တံ၊ ဆော့ကတ်နှင့် မီးခေါင်းစသည်များကို မသုံးပါနှင့်။ လျှပ်ကာနှစ်ထပ်ပါသော ပိုင်ယာကြိုးကို ကွန်ဂျူပိုက်အတွင်းသို့ ထည့်သွင်း၍ ဝိုင်ယာသွယ်ပါ။ လျှပ်စစ်ဆက်သွယ်ရေးပစ္စည်းများနှင့် လျှပ်စစ်အသုံးပစ္စည်းများအနီးတွင် မီးလောင်လွယ်သော ပစ္စည်းများမထားပါနှင့်။ လျှပ်စစ်ဓာတ်အား ရုတ်တရက်ပျက်ခဲ့လျှင် အသုံးပြုနေသော လျှပ်စစ်ဓာတ်အားသုံးပစ္စည်းများ၏ ခလုတ်များကို ချက်ချင်းပိတ်ပါ။ အရည်အသွေးပြည့်ဝပြီး စံချိန်စံညွှန်းနှင့်ကိုက်ညီသော လျှပ်စစ်ပစ္စည်းများကိုသာသုံးပါ။ ဝန်ပိုသုံးခြင်းမှ ရှောင်ပါ။ မိမိ၏နေအိမ်တွင် တပ်ဆင်အသုံးပြုထားသော လျှပ်စစ်ပစ္စည်းများ၊ ဝန်ပိုဖြစ်၊ မဖြစ်ကို လျှပ်စစ်ပညာတတ်သိနားလည်သူများအား မေးမြန်းပါ။ လျှပ်စစ်ပိုင်ယာသွယ်တန်းတပ်ဆင်ခြင်း၊ ပြင်ဆင်ခြင်းနှင့် အစားထိုးလဲလှယ်ခြင်းများပြုလုပ်လိုပါက လျှပ်စစ်ကျွမ်းကျင်မှုဆိုင်ရာလက်မှတ်ရ လျှပ်စစ်ကျွမ်းကျင် လုပ်သားနှင့်သာ ဆောင်ရွက်ပါ။

ဖော်ပြပါ အကြံပြုချက်များကို လိုက်နာခဲ့လျှင် ဝိုင်ယာရှော့ခ်နှင့် အပူလွန်ကဲခြင်းကြောင့် မီးလောင်မှုဖြစ်ခြင်းမှ ကြိုတင်ကာကွယ်နိုင်မည်ဖြစ်ကြောင်း ရေးသားဖော်ပြလိုက်ပါသည်။

လျှပ်စစ်ပစ္စည်းထုတ်လုပ်ရောင်းချသော အရောင်းဆိုင်ကုမ္ပဏီများမှ စျေးကွက်စီးပွားရေးလောဘဖြင့် ပစ္စည်းအရည်အသွေးများလျှော့၍ ထုတ်လုပ်ကြောင်း၊ 3029 ဝိုင်ယာကြိုးဂိတ်အရွယ်အစားမရှိတော့ကြောင်း၊ အမှတ်အသားနံပါတ်များရိုက်ထားသော်လည်း စံချိန်စံညွှန်းမပြည့်မီတော့ကြောင်း စစ်ဆေးတွေ့ရှိနေရသည်။ ဥပမာ-ပစ္စည်းတစ်ခု အချိန်နှင့်ဝယ်သောအခါ တစ်ပိသာရှိရမည့် ပစ္စည်း ၉၀ ကျပ်သားအလေးဖြင့် အလေးခိုးချိန်ပေးလိုက်သကဲ့သို့ ထုတ်လုပ်ရောင်းချသောကြောင့် လျှပ်စစ်အန္တရာယ်များ ကြုံတွေ့နေရခြင်းဖြစ်သည်။ လျှပ်စစ်စစ်ဆေးရေးအဖွဲ့က လျှပ်စစ်ပစ္စည်းများအရည်အသွေးစစ်ဆေး၍ စံချိန်စံညွှန်းမပြည့်မီပါက လျှပ်စစ်ဥပဒေအရ အပြစ်ပေးအရေးယူသင့်သည်ဟု ယူဆမိသည်။

သဘာဝဘေးအန္တရာယ်ကို အပြစ်ပုံချရမလား။ ရာသီဥတုအလွန်ပူပြင်းခြောက်သွေ့သော နွေရာသီကာလ လျှပ်စစ်မီးအသုံးများပြီး လျှပ်စစ်ဓာတ်အားအတက်အကျ ဖြစ်ခြင်းကြောင့် လျှပ်စစ်အန္တရာယ်နှင့် မီးလောင်မှုများကို လေ့လာ၍ မည်သူ့ကိုအပြစ်ပေးအရေးယူမလဲဆိုသော ဆောင်းပါးကို ရေးသားဖော်ပြကာ လျှပ်စစ်ကျွမ်းကျင်မှုရှိပြီး တာဝန်ပေးအပ်သူက တာဝန်ခံမှု၊ တာဝန်ယူမှုလျှပ်စစ်ဥပဒေနှင့်အညီ လျှပ်စစ်ပုံစံ ၂၅၈ တွင် ဖြည့်သွင်းရန်အချက်အလက်များ ကတိပြု၍ လက်မှတ်ရေးထိုးသူဖြင့်သာ လျှပ်စစ်လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း လျှပ်စစ်မီးသုံးသူပြည်သူများ လျှပ်စစ်ပညာအကြောင်း ဗဟုသုတရရှိနားလည်စေရန် စေတနာဖြင့် ရေးသားတင်ပြလိုက်ပါသည်။ ။

ညအချိန်အိပ်ရာဝင်လျှင် လျှပ်စစ်မီးများ၊ အင်ဗာတာ၊ ဘက်ထရီနှင့် ဗို့အားမြင့်စက်များ၊ တီဗီ၊ ရေခဲသေတ္တာ၊ မီးပို၊ မီးပူ စသည့်လျှပ်စစ်ပစ္စည်းများ ပိတ်၊ မပိတ် စစ်ဆေးပြီး ပိတ်အိပ်သည့် အလေ့အကျင့်ပြုလုပ်ခြင်းဖြင့် လျှပ်စစ်အန္တရာယ်ကာကွယ်ကြရန် တိုက်တွန်း

အချိန်ကုန်လူပင်ပန်းသက်သာသည့် စက်မှုလယ်ယာသုံး လယ်ထွန်စက်များကို ဝယ်ယူအသုံးပြုမှုများလာ

ငါ့သရောက် ဖေဖော်ဝါရီ ၂၉

မန္တလေးတိုင်းဒေသကြီး ငါ့သရောက်မြို့နယ်တွင် ဒေသခံပြည်သူများသည် မြေယာစိုက်ပျိုးရေးလုပ်ငန်းဖြင့် စီးပွားရေးကို အဓိကလုပ်ကိုင်ကြပြီး ယင်းသို့စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်ရာ၌ တောင်သူများသည် ယခင်က မိမိတို့မွေးမြူထားရှိသည့် ကျွဲ၊ နွားတိရစ္ဆာန်များကိုအသုံးပြု၍ ထွန်ယက်စိုက်ပျိုးခဲ့ကြရာမှ ယခုအခါ အချိန်ကုန်လူပင်ပန်းသက်သာပြီး လုပ်ငန်းတွင်ကျယ်စွာလုပ်ကိုင်နိုင်သည့် စက်မှုလယ်ယာသုံးလယ်ထွန်စက်များကို ဝယ်ယူအသုံးပြုမှုများလာခဲ့ကြောင်း ငါ့သရောက်မြို့နယ်အတွင်းရှိ မြေယာစိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်ကြသည့် တောင်သူများထံမှ သိရသည်။

ငါ့သရောက်မြို့နယ်တွင် အချိန်ကုန်လူပင်ပန်းသက်သာသည့် စက်မှုလယ်ယာသုံး လယ်ထွန်စက်များကို တောင်သူများ စိတ်ဝင်စားမှုများလာခဲ့ခြင်းမှာ အဆိုပါလယ်ထွန်စက်များသည် ယခုလိုနွေရာသီအချိန်များ၌ တောင်သူများအတွက် ထယ်ရေးညက်အောင် ထွန်ယက်လုပ်ကိုင်နိုင်ကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင်လည်း နွေရာသီတွင် နွားရှင်းဖြင့်ထွန်ယက်ပါက လူပင်ပန်းဆင်းရဲသည့်အပြင် ခရီးမတွင်ကျယ်ကြောင်း၊ လယ်ထွန်စက်ကိုအသုံးပြု၍ ထွန်ယက်ပါက အချိန်ကုန်လူပင်ပန်းသက်သာသည့်အပြင် တွင်ကျယ်စွာဆောင်ရွက်လုပ်ကိုင်နိုင်သည့်အတွက်ကြောင့် လယ်ထွန်စက်ကို တောင်သူများ ဝယ်ယူအသုံးပြုမှုများနေခြင်းဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့မြို့နယ်တွင် ယခင်က အညာကျေးလက်ဒေသတွေမှာ လယ်ထွန်စက်တွေ အသုံးပြုတဲ့သူမရှိခဲ့ပါဘူး။ အခုက နည်းပညာများတိုးတက်ပြောင်းလဲလာတဲ့ခေတ်ဖြစ်လာတော့ ကျေးလက်ဒေသတွေက တောင်သူတွေဟာ လယ်ထွန်စက်တွေဝယ်ယူပြီး စိုက်ပျိုးရေးလုပ်ငန်းကို တိုးချဲ့လုပ်ကိုင်လာခဲ့ကြတာပါ။ အခုဆိုရင် စက်မှုလယ်ယာသုံးလယ်ထွန်စက်တွေ ကျွန်တော်တို့မြို့နယ်မှာ တစ်ရွာကိုနှစ်စီး၊ သုံးစီး ရှိနေပါပြီ။ ဒါကြောင့် လယ်ထွန်စက်မရှိတဲ့ရွာတောင် ရှိမယ်မထင်တော့ပါဘူး။

"နောက်ပြီး လယ်ထွန်စက်က ကျွန်တော်တို့လိုတောင်သူတွေအတွက် တကယ်လည်းအကျိုးရှိတာပါ။ ဘာကြောင့်လဲဆိုတော့ အခုလို နွေရာသီအချိန်မှာ မြေယာတွေကို ထယ်ရေးညက်အောင် ထွန်ယက်ဖို့ဆိုတာ မြေကခြောက်သွေ့နေတော့ ကျွဲ၊ နွားနဲ့လုပ်ကိုင်ဖို့ မလွယ်ဘူးလေ။ အခုလို လယ်ထွန်စက်အသုံးပြုပြီး ထွန်ယက်လို့ရတော့ သီးနှံစိုက်ပျိုးတဲ့အခါမှာလည်း တောင်သူတွေအတွက် စိုက်ရပျိုးရတာ အရမ်းကိုအဆင်ပြေပါတယ်။

"နောက်ပြီး စိုက်ပျိုးတဲ့သီးနှံတွေလည်း အောင်မြင်ဖြစ်ထွန်းလို့တောင်သူတွေအတွက် တကယ်လည်း အကျိုးရှိပါတယ်။ဒါကြောင့် ကျွန်တော်တို့ ငါ့သရောက်မြို့နယ်မှာရှိတဲ့ အညာကျေးလက်ဒေသတွေမှာ စက်မှုလယ်ယာသုံးလယ်ထွန်စက်တွေ ဝယ်ယူအသုံးပြုမှု များလာနေတာဖြစ်ပါတယ်" ဟု ငါ့သရောက်မြို့နယ် မြေနဲကြီးကျေးရွာမှတောင်သူတစ်ဦးက ပြောသည်။

ရဲဝင်းနိုင်(ညောင်ဦး)

ကင်းတပ်လက်ဝဲတူးမြောင်းပေါ်တွင် ရေထိန်းညှိတံခါး တည်ဆောက်မှုလုပ်ငန်းများအား ကြည့်ရှုစစ်ဆေး

ရွှေဘို ဖေဖော်ဝါရီ ၂၉

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကန့်ဘလူမြို့နယ်၌ ၂၀၁၅ ခုနှစ် ဇူလိုင်လအတွင်းက မိုးရွာသွန်းမှုများခဲ့သဖြင့် ကင်းတပ်လက်ဝဲတူးမြောင်းအတွင်းသို့ ချောင်းရေများ အဆမတန်ဝင်ရောက်ခဲ့ရာ မူလခံနိုင်အားထက်ကျော်လွန်၍ လေးနေရာကျိုးပြတ်သွားခဲ့သည်။ မိုးများသောနှစ်များတွင် တူးမြောင်းကျိုးပေါက်မှုမှကာကွယ်ရန်နှင့် ခင်ဦးမြို့နယ်၊ ရွှေဘိုမြို့နယ်တို့တွင် ရေကြီးပျက်စီးမှုများမှကာကွယ်ရန် ရေထိန်းညှိရေတံခါး အဆောက်အအုံသုံးခုကို ၂၀၁၅-၂၀၁၆ ခုနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့သီးသန့်ရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သည်။

ကင်းတပ်လက်ဝဲတူးမြောင်းပေါ်တွင် အင်တောပေါက်ရေထုတ်ပေါက်နှင့် ရေတံခါးပြုပြင်ခြင်းလုပ်ငန်းငွေကျပ် ၁၀၈ သန်း၊ SSW(6-A) ရေကျော်ပြုပြင်ခြင်းလုပ်ငန်းငွေကျပ် ၇၄ သန်း၊ SSW(2) ရေကျော်ပြုပြင်ခြင်းလုပ်ငန်းငွေကျပ် ၁၀၈ ဒသမ ၉၀ သန်းဖြင့် ဆောင်ရွက်ခဲ့သည်။

အဆိုပါရေထိန်းညှိရေတံခါးအဆောက်အအုံများတည်ဆောက်ပြီးစီးသွားပါက တူးမြောင်းမှ လက်ခံနိုင်သည့် ရေအမှတ်ထက် ကျော်လွန်သော ရေများကို အင်တောပေါက်ချောင်း၊ သိမ်ရင်ချောင်းနှင့် ထီးတောချောင်းများမှတစ်ဆင့် မူးမြစ်အတွင်းသို့ လိုအပ်သလို ရေတံခါးများဖွင့်၍ ထိန်းညှိထုတ်လွှတ်ပေးသွားနိုင်မည်ဖြစ်ပြီး ရွှေဘိုခရိုင်အတွင်း လယ်ဧက ၇၀၀၀၀ ခန့် စိုက်ပျိုးလျက်ရှိသော တောင်သူများအားထားရာ ကင်းတပ်လက်ဝဲတူးမြောင်းမကြီးအနေဖြင့် အခက်အခဲမရှိ စိုက်ပျိုးရေပေးဝေနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်၏ လမ်းညွှန်ချက်နှင့် အညီ ရေထိန်းညှိရေတံခါးအဆောက်အအုံများ ပြီးစီးမှုအခြေအနေများကို ရွှေဘိုခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူးနှင့် ဆည်မြောင်းဦးစီးဌာနမှ တာဝန်ခံများက ဖေဖော်ဝါရီ ၂၅ ရက်တွင် ကြည့်ရှုစစ်ဆေးခဲ့သည်။

ခင်ဦးစိုးဝေ

စုပေါင်းလျှုဒါန်းငွေဖြင့် မျက်စိဝေဒနာရှင်များအား အခမဲ့စမ်းသပ်ခွဲစိတ်ကုသ

ရွှေသောင်ယံ ဖေဖော်ဝါရီ ၂၉

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရွှေသောင်ယံမြို့နယ်ခွဲ ချောင်းသာတိုက်နယ်ကို အခြေခံ၍ မျက်စိဝေဒနာရှင်များအား အခမဲ့စမ်းသပ်ခွဲစိတ်ကုသပေးခြင်းလုပ်ငန်းကို ကျွန်းမာရေးဝန်ကြီးဌာနအစီအစဉ်ဖြင့် ချောင်းသာတိုက်နယ်ဆေးရုံတွင် ကုသပေးလျက်ရှိရာ ဆရာတော်ကြီးများ၊ ရန်ကုန်မှ အလှူရှင်များ၊ ချောင်းသာဒေသအလှူရှင်များမှ စုပေါင်းလျှုဒန်းငွေများဖြင့် ဖေဖော်ဝါရီ ၂၆ ရက်မှ ၂၉ ရက်ထိ နေ့စဉ် နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ စမ်းသပ်ခွဲစိတ်ကုသပေးနေပြီး မျက်စိဝေဒနာရှင်များအား ထမင်းဟင်းနှင့် တည်းခိုနေရာများပါစီစဉ်ပေးလျက်ရှိကြောင်း သိရသည်။

စာရင်းအရ မျက်စိဝေဒနာရှင်ပေါင်း ၁၃၀၀ ကို စမ်းသပ်၍ လိုအပ်သလိုခွဲစိတ်သွားမည်ဖြစ်ပြီး မျက်စိဝေဒနာရှင်များအား ဟိုတယ်လုပ်ငန်းရှင်များ၊ လူမှုရေးအသင်းများ၊ ဘာသာရေးအသင်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများမှ ကုသိုလ်ဖြစ် တာဝန်ယူဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ကိုကိုမောင်(ပြန်/ဆက်)

ရန်ကုန်စတော့အိပ်ချိန်း(YSX)တွင် အစုရှယ်ယာအရောင်းအဝယ်ဆောင်ရွက်လိုသူများအား အသိပေးဖိတ်ခေါ်အပ်ပါသည်

ရန်ကုန်စတော့အိပ်ချိန်းတွင် မကြာမီစာရင်းတင်သွင်းရောင်းချမည့် သီလဝါအက်(စ်)အီးဇက်ဟိုး(လ်)ဒင်း(စ်)အများပိုင်ကုမ္ပဏီလီမိတက်(MTSH)၏ အစုရှယ်ယာများကိုရောင်းဝယ်နိုင်ရန် Securities Account ဖွင့်လှစ်ပေးခြင်းလုပ်ငန်းကို ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီတစ်ခုဖြစ်သော Myanmar Securities Exchange Centre Co., Ltd (MSEC) မှဆောင်ရွက်ပေးလျက်ရှိပါသည်။

Securities Account ဖွင့်လှစ်လိုသူများသည်-
- နိုင်ငံသားစိစစ်ရေးကဒ်(မူရင်း)
- ဘဏ်စာရင်းစာအုပ်

တို့ကိုတစ်ပါတည်းယူဆောင်၍ အောက်ပါလိပ်စာသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။

MTSH ၏အစုရှယ်ယာရှင်များသာမက YSX တွင်စာရင်းဝင်မည့် အများနှင့်သက်ဆိုင်သောကုမ္ပဏီများ၏ အစုရှယ်ယာရောင်းဝယ်လိုသူများသည်လည်း MSEC တွင်ကြိုတင်စာရင်း ဖွင့်လှစ်ထားနိုင်ပြီဖြစ်ပါသည်။

MSEC
MYANMAR SECURITIES EXCHANGE CENTRE

အမှတ်၊ ၂၁-၂၅ ၊ မြန်မာ့စီးပွားရေးဘဏ်တိုင်းရုံး၊
ပထမထပ်၊ဆူးလေဘုရားလမ်း၊ ရန်ကုန်မြို့။
ဖုန်း ၊ ၀၁-၃၇၈၆၄၇၊ ၃၈၇၀၃၂၂၊ ၃၈၇၀၃၃
ဖက်(စ်) ၊ ၀၁-၃၈၇၀၃၂
ဝက်ဘ်ဆိုက် ၊ www.msecmyanmar.com

ဝတဲ့သူတွေခံစားနေရတဲ့ တင်းကျပ်တဲ့ ဒုက္ခတွေလျော့အောင် ကိုယ်ပေါ်က အဆီပိုတွေကို အမြန်ဆုံး ထိရောက်ပြီး သေးကင်းဆုံးဖယ်ရှားပေးနိုင်တာ...

"ရေနွေးကုန်ခမ်းပါမယ်"
"အမည်ကြီးလှပြီးများစားတုန်း သတိပြုပါ"

7-Days အဆီချခရင်မ်
လို့
လက်တို့ပြီး ပြောပြလိုက်မယ်...

FDA မှ အလုကုန် ထုတ်လုပ်ခြင်း
ထောက်ခံချက်အမှတ် - 1309 PC 0021

အသုံးပြုပုံ
Pepper(အစိမ်း) Ginger(အဝါ)

အဆီများတဲ့နေရာ(ဆီ၊ ဗိုက်၊ တင်၊ လက်မောင်း၊ ပေါင်စသည်တို့)တို့ အဆီချခရင်မ်ဖြင့်နေရာနဲ့စပ်အောင် ပွတ်လိမ်းပြီးနိုင်ပါပြီ။

ပေးဆောပန်းသီးတံဆိပ် အထူးသတိပြုရန် (ကျား / မ မရွေး သုံးနိုင်သည်)

Apple Production Co., Ltd. - အမှတ်(A/၂၉)၊ ဦးဝိစာရလမ်း၊ (၃၄)တိုးချဲ့ရပ်ကွက်၊ မြောက်ဒဂုံစက်မှုနယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉-၈၆၁၈၀၈၁ ၊ ၀၉-၄၉၃၃၆၄၀ ။

ဦးဇော်ဝင်း[၁၂/ပဇတ(နိုင်)၀၁၇၇၇၇]၏ ၃၀-၁-၂၀၁၆နှင့် ၅-၂-၂၀၁၆ ရက်ထုတ် ကြေးမုံသတင်းစာပါ အများသိစေရန် ကြေညာခြင်းကို ရှင်းလင်းကြေညာခြင်း

ကျွန်တော် ဦးတင်ဇော်လတ်[၁၂/သယက(ယ)၀၂၃၃၃]သည် အဆောက်အအုံဆောက်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်နေစဉ် အကျိုးအမြတ်ရယူခံစားရန် ဦးဇော်ဝင်းမှ ငွေကျပ်(၇၅)သိန်းကိုလာရောက်ပေးအပ်ထည့်ဝင်သူဖြစ်ပါသည်။ ၎င်းထည့်ဝင်ငွေ(၇၅)သိန်းအပေါ် ကျွန်တော်ပိုင်သယံဇာတ်ကျွန်းမြို့နယ်၊ (က)ရပ်ကွက်၊ ဇေယျသုခလမ်း၊ အမှတ်(၇)၊ (၁၁½×၅၃)ပေ မြေညီထပ်ခန်းကို ၎င်းအား စရန်ပေးစာချုပ်ချုပ်ဆိုပေးထားခြင်းသာ ဖြစ်ပါသည်။ အဆိုပါမြေညီထပ်ခန်းကို ဦးဇော်ဝင်းအား ရောင်းချထားခြင်းမဟုတ်ဘဲ ၂၄-၁-၂၀၁၅ရက်တွင် ဦးလတ်ထွေး[၁၂/ကတတ(နိုင်)၀၁၂၉၈၉] တစ်ဦးတည်းကိုသာ အမှန်တကယ် တရားဝင် ရောင်းချထားခြင်းဖြစ်ကြောင်းကို ၂၈-၁-၂၀၁၆ရက်တွင် (က)ရပ်ကွက် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ရှင်းလင်းပြီးဖြစ်ရာ ဦးဇော်ဝင်းမှ မမှန်မကန်ကြေညာခြင်းသာဖြစ်ပါကြောင်း အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

ဦးတင်ဇော်လတ်[၁၂/သယက(ယ)၀၂၃၃၃]
Golden Land Construction & Decoration.
Ph-0973027825, 09-250536530.

အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း(မြောက်)ရပ်ကွက်၊ ရှမ်းကုန်းလမ်း၊ အမှတ်(၄၅)ရှိ၊ (၆)လွှာ-ဘီ တိုက်ခန်းအား ကျွန်မဒေါ်စပ်ပရီနာ [၁၂/ပဘတ(နိုင်)၀၁၉၈၃၀]မှ (၁၆-၃-၂၀၀၈)ရက်တွင် မူလပိုင်ရှင် ဒေါ်ခင်လှ(ခ)မရီယံဘီ [၁၃/တကန(နိုင်)၀၃၆၁၁၄]ထံမှ ဝယ်ယူခဲ့ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါတိုက်ခန်းအား ဒေါ်စပ်ပရီနာ၏ ခွင့်ပြုချက်မရရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ မေတ္တာဖြင့် ပေးကမ်းခြင်းများ (လုံး၀) မပြုလုပ်ရန်နှင့် ပြုလုပ်ပါက တရားဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်စပ်ပရီနာ
ဖုန်း-၀၉-၉၇၀၇၇၈၂၆၂

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကျွန်ုပ်၏မိတ်ဆွေများက ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ၄-ရပ်ကွက်၊ အောင်မင်္ဂလာ(၁)လမ်း၊ အမှတ်-၄/၅၇၆ (၅)ထပ်တိုက် အဆောက်အအုံ၏ ပထမထပ်အခန်းအပါအဝင် ယင်းတို့နှင့် ဆက်စပ်ပတ်သက်လျက်ရှိသော အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား ဒေါ်နီနီ[၁၂/မရက(နိုင်)၁၄၁၃၇၂]ထံမှ ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ သို့ပါ၍ အဆိုပါတိုက်ခန်း အရောင်းအဝယ်ပြုလုပ်သည့်ကိစ္စကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ခင်ဝင်းမြင့်(စဉ်-၄၆၇၆၀)
အထက်တန်းရှေ့နေ
ဖုန်း-၀၉-၅၁၇၁၄၃၁၊ ၀၉-၇၈၅၁၇၁၄၃၃၊
အမှတ်-၁၂၂၂ လမ်း၊ အင်းစိန်မြို့နယ်၊
ရန်ကုန်မြို့။

ဒေါ်ကေသီအုံး(စဉ်-၄၂၂၇)
တရားလွှတ်တော်ရှေ့နေ
ဖုန်း-၀၉-၅၀၀၇၂၆၄၊ ၀၉-၇၈၅၀၀၇၂၆၄
အမှတ်-၃၊ ၃၄လမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။



ကြေးမုံစာအုပ်စင် စာအုပ်အမြင် (မော်ကွန်း)

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့်သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် အပတ်စဉ် (အင်္ဂါနေ့)တိုင်း စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)

အကောင်းဆုံးအင်္ဂလိပ်စကားပြော

ဟိန်းလတ်ရေးသားသော အကောင်းဆုံးအင်္ဂလိပ်စကားပြောစာအုပ်ထွက်ရှိလာသည်။ ဤစာအုပ်သည် စာရေးဆရာက သူ၏ ဘဝအတွေ့အကြုံ၊ နိုင်ငံရပ်ခြားအတွေ့အကြုံ၊ ပညာရေးဌာနတွင် တာဝန်ထမ်းဆောင်ခဲ့သည့် အတွေ့အကြုံများကို စုပေါင်း၍ အနှစ်ထုတ်ထားသည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

စာအုပ်တွင် အပိုင်းလေးပိုင်းဖော်ပြထားပြီး အင်္ဂလိပ်စကားပြောနည်းပုံစံမျိုးစုံဖြင့် အလဲအလှယ်လုပ်၍ ခေတ်အမီဆုံးပြောနည်း၊ ပုံသေကားကျစကားပြောပုံစံများ၊ အပြန်အလှန်စကားပြောပုံစံများကို ဥပမာပေး၍ တင်ပြထားခြင်း၊ အင်္ဂလိပ်စကားပြောစာစုများကို A မှ Z အထိ အက္ခရာအလိုက်စီကာ အစုံအလင်စုစည်းပေးထားခြင်း၊ သင်ကြားမှုနည်းစနစ်များကို ပညာကုန်ထုတ်ဖော်ပေးထားခြင်း စသည့်အခန်းများပါဝင်သည်။

စာအုပ်ကို မရွှေ့မစားပေ အမှတ် (၂၃၇) ပထမထပ်(ဝဲ) (၃၉)လမ်း အပေါ် ဘလောက် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း- ၀၁-၃၉၂၈၃၅ မှတန်ဖိုးငွေကျပ် ၂၅၀၀ဖြင့် ဖြန့်ချိထားသည်။

ဘုရားဝတ်ပြုနည်းစုံလင် အရသာထူးခြားသီးစုံဖျော်ရည်များ

မြတ်နဒီပြုစုရေးသားသည့် "စပ်နည်းစုံလင် အရသာထူးခြား သီးစုံဖျော်ရည်များ" စာအုပ်သည် မိသားစုကျန်းမာရေးနှင့် အာဟာရစိတ်ပြည့်ဝသော လတ်ဆတ်သန့်ရှင်းသော သစ်သီးဝလံများ မိမိတို့ ကိုယ်တိုင်ပြုလုပ်သောက်သုံးနိုင်ကြစေရန် လမ်းညွှန်ရေးသားဖော်ပြထားသည့် သစ်သီးဝလံများဖျော်စပ်နည်း စာအုပ်ဖြစ်သည်။ ဖရဲသီးဖျော်ရည်၊ စပျစ်သီးခြောက်ဖျော်ရည်၊ ဆီးသီးဖျော်ရည်၊ သရက်သီးဖျော်ရည်၊ ခရမ်းချဉ်သီးဖျော်ရည် စသည့်သစ်သီး ဖျော်ရည်များအပြင် မုန်လာဥ ကောက်တေးဖျော်ရည်၊ သီးစုံနို့ကြက်ဥ၊ နို့ထောပတ်ဒိန်ချဉ်၊ ကော်ဖီအေး၊ ချောကလက် အေးဖျော်ရည်၊ သံသရာလက်ဖက်ရည်၊ ဟင်းသီးဟင်းရွက်ဖျော်ရည်၊ ပင်မှည့်သီးရေခဲမုန့်၊ အမေရိကန်လက်ဖက်ရည်အေးစသည့်ဖျော်ရည် အမျိုးအစားပေါင်း ၆၀ ကျော် ပြုလုပ်ပုံနည်းစနစ်အဆင့်ဆင့်များကိုအသေးစိတ်ပြုစု ရေးသားဖော်ပြထားသည်။

ယခုစာအုပ်ကို စာပေနန်းတော် အမှတ် (၁၃၈/၁၄၀) ပထမထပ်၊ ပန်းဆိုးတန်းလမ်းနှင့် မဟာဗန္ဓုလလမ်းထောင့် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့။ ဖုန်း- ၀၉-၂၆၀၂၄၅၂၂၄၄၊ ၀၉-၃၃၁၄၀၀၉၃၄၊ ၀၉-၃၃၁၄၀၀၉၃၆မှ တန်ဖိုးငွေကျပ် ၁၅၀၀ဖြင့် တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။



ဘုရားဝတ်အရှုပ်တော်ပုံ

ကွယ်လွန်သူ ဂန္ဓာရဆရာကြီး မင်းသိန်းရေးသားခဲ့သည့် "ဘုရားဝတ်အရှုပ်တော်ပုံ" စာအုပ်ကို တတိယအကြိမ် အဖြစ်ပြန်လည်ထုတ်ဝေလိုက်သည်။

လျှို့ဝှက်နက်နဲသည့် ဂန္ဓာရဆန်ဆန်ဖြစ်ရပ်များမှာ စိတ်ကူးယဉ်ဖွယ်ရာများဖြစ်သော်လည်း လက်တွေ့လူမှုဘဝနှင့် နီးစပ်သည့်အဖြစ်အပျက်များကိုအခြေခံကာ ဆရာကြီး မင်းသိန်းက ရသမြောက်အောင်ရေးဖွဲ့ထားသည်။ စာအုပ်၏အစတွင် ဆားပုလင်းနှင်းမောင်ပြောသော သရဲအကြောင်းတွင် နိုင်ငံသိစုံထောက်ကျော် ဆားပုလင်းနှင်းမောင်ကိုယ်တွေ့ကြုံခဲ့သော အဖြစ်အပျက်များကို စိတ်လှုပ်ရှားရင်ခုံဖွယ်တင်ပြထားသည်။ ထို့အပြင် ဘလေဇာကုတ်အနက်ဝတ်ထားသော လူတစ်ယောက်၊ တစ်ခေါက်ပြန်လှည့်လာခြင်း၊ အကြော်သည်အဒေါ်ကြီးနှင့်တွေ့ဆုံခြင်း၊ မင်းကြီးရုံးခန်းသို့ဝင်ကြရပြန်ပြီ၊ သေဆုံးသူ၏မှတ်တမ်း၊ ဆားပုလင်းနှင်းမောင်နယ်သို့အပြန်၊ ကိုစိန်လှတို့လူစု ရမ်းပုံကြမ်းပုံကတော့၊ မုဆိုးတွေနဲ့ မောင်တိုင်ပင်၊ မြိုင်ခွင်သို့အဝင်၊ ဖြောင့်ချက်စသည့် ဝတ္ထုအတိုလေးများဖော်ပြပြီးမှ ရင်နင့်ဖွယ်၊ ကြည်နူးဖွယ်၊ သံဝေဂရဖွယ်တို့နှင့်တန်ဆာဆင်ထားသော ဘုရားဝတ်အရှုပ်တော်ပုံဝတ္ထုရှည်ကို ဆက်လက်ဖော်ပြထားသည်။

အဆိုပါစာအုပ်ကို ဘုရားဝတ်စာပေထုတ်ဝေရေး၊ အမှတ်(၁၃၅၂/က)၊ ဘုရားလမ်း၊ (ည) ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၂၅၂၂၉၉၅၅၉ က တန်ဖိုး ကျပ် ၂၅၀၀ ဖြင့် ဖြန့်ချိထားသည်။

တောင်တွင်းဌာနေမှ တို့ဆရာတွေ

စာရေးဆရာမောင်ကျေးဇူးအပါအဝင် ကိုကိုထွေး(ပညာရေး)တို့ စီစဉ်သည့် "တောင်တွင်းဌာနေမှ တို့ဆရာတွေ" စာအုပ်ထွက်ရှိလာသည်။

တောင်တွင်းကြီးဇာတိဖွား ပစ္စုပ္ပန်စာရေးဆရာများက ၎င်းတို့၏ဇာတိတောင်တွင်းကြီးမြို့တွင် ပညာမင်းကြီး ဦးကောင်းမှစတင်၍ ခေတ်အဆက်ဆက် တာဝန်ထမ်းဆောင်ခဲ့ကြသော ကြည်ညိုဖွယ်၊ လေးစားဖွယ်၊ မြတ်နိုးဖွယ်၊ မှတ်သားဖွယ်၊ နာခံဖွယ်ကောင်းသည့် ပညာသင်ကြားပေးခဲ့သော ဆရာကြီးများအကြောင်းကို ပညာသင်ယူခဲ့သည့် တပည့်များ ကစုပေါင်းကာ စုစည်းရေးသားထားသောစာအုပ်ဖြစ်သည်။ စာအုပ်တွင် ကျေးဇူးပဒေသာ ကျောင်းဆရာ အဖွင့်ကဗျာနှင့် ဆရာများ၏အကြောင်း ဆောင်းပါးပေါင်း ၃၃ ပုဒ်ပါဝင်ရေးသားထားသည်။ ၎င်းတို့၏ဆရာသမားများ၏ ကျေးဇူးတရားများကို အောက်မေ့သတိရဖော်ကျူးထားခြင်းဖြစ်သော်လည်း ဆရာတိုင်းဆရာတိုင်းအနေဖြင့် ၎င်းတို့၏ တပည့်တိုင်းအတွက် ကျေးဇူးကြီးလှပုံကို လေ့လာမှတ်သားနိုင်သော စာအုပ်ဖြစ်သည်။

အဆိုပါစာအုပ်မှာ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလအတွင်းက ပထမအကြိမ်ထုတ်ဝေခဲ့သောစာအုပ်ဖြစ်ပြီး ရန်ကုန်မြို့တွင် ပညာတန်ဆောင်မဂ္ဂဇင်းတိုက်၊ ဖုန်း-၀၁-၅၅၃၃၃၈ ၊ တောင်တွင်းကြီးမြို့တွင် ကိုကိုထွေး(ပညာရေး)၊ ဖုန်း-၀၉၃၃၂၄၃၃၄ တို့က တန်ဖိုးကျပ် ၂၀၀၀ ဖြင့်ဖြန့်ချိထားသည်။

မီး သတိပြု

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

၁၇ပြိုင်ဆန်အရှေ့ပိုင်းမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၁၃၃)၊မြေကွက်အမှတ်(၈၇၂)၊မြေကွက်တည်နေရာအမှတ်(၈၇၂)၊(၁၃၃)ရပ်ကွက်၊၁၇ပြိုင်ဆန်အရှေ့ပိုင်းမြို့နယ်မီးမင်းသွေ(၁၂/သယက(နိုင်)၁၈၁၁၃)အမည်ပေါက်ပါစစ်ချေအားပါမစ်အမည်ပေါ်ကိုဦးမင်းသူထိမ့်အရပ်ကတိစာချုပ်အဆော်အစပ်မြှင့်ဝယ်ယူခဲ့သူဦးကြည်သင်း(၁၂/ဥကတ(နိုင်)၀၆၇၄၇၁)မှမပြည့်နိုးသောပါမစ်မှရင်းတင်ပြ၍ဂရန်သစ်လျှောက်ထားလာရာတရားဝင်နိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်မေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဒေါ်ကြင်ဝေမိုးကိုနိုး(ရေပြစီမံခန့်ခွဲရေးဦးစီးဌာန)
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပုညာရာမ မိုးကုတ်ဝိပဿနာကျောင်းတို့က်ကြီး၏ နှစ်စဉ်ကျင်းပမြဲ သင်္ကြန်(၁၀)ရက် (အထူး)တရားစခန်းပွဲကြီးနှင့် ဒုလ္လဘရဟန်းအပါး(၁၁၀)၊ သာသနာ့ဇွယ်ဝင် သီလရှင်အပါး(၁၁၀)ဝတ်ပွဲ သာသနာပြုကုသိုလ်တော်ကြီး

ကျေးဇူးရှင်ဆရာတော် အရှင်ပုညာနန္ဒအား ရည်မှန်း၍ ဆရာတော်ကြီးများနှင့် ဘုန်းဘုန်းကြီး ဘဒ္ဒန္တဝိစာရတို့အား ဦးထိပ်ထားလျက် ကျေးဇူးရှင် နှစ်ဖက်-သောမိဘ များနှင့် **ဦးဟန်မောင်-ဒေါ်ခင်မေ နှင့် ဝဏ္ဏကျော်ထင်စည်သူ ဦးသာဌေး-ဒေါ်ကြည်ခင်** တို့အား အမှူးထားကာ သမီးကြီး **ဦးရဲလင်း-ဒေါ်အိအိခင်**၊ သမီးငယ် **သီဟသုဓမ္မသိရီ ဒေါ်ချိုသာခင်** နှင့် **သမီးများမိသားစု**တို့မှ ရဟန်းအပါး(၁၁၀)၊ သာသနာ့ဇွယ်ဝင် သီလရှင်အပါး(၁၁၀)ဝတ်ပွဲ သာသနာပြုကုသိုလ်တော်ကြီးကို သင်္ကြန်အထူးတရားစခန်း ပွဲကြီးတွင် ကုသိုလ်ပြုသွားမည်ဖြစ်ပါသဖြင့် ရဟန်း၊ သီလရှင်ဝတ်လိုသော သူတော်စင် များလိုအပ်သော အချက်အလက်စုံလင်စွာ ကိုယ်တိုင်ကြွရောက် စာရင်းပေးသွင်းနိုင်ပါ သည်။

ဝဏ္ဏကျော်ထင်စည်သူ ဦးသာဌေး-ဒေါ်ကြည်ခင်တို့၏သမီးငယ် သာသနာပြုရဟန်းမယ်တော် **"သီရိသုဓမ္မသိရီဒေါ်ချိုသာခင်"**မှ **"သီဟသုဓမ္မသိရီ ဒေါ်ချိုသာခင်"** ဟူသော သာသနာပြုဘွဲ့တံဆိပ်တော်ကို တိုးမြှင့်ဂုဏ်ပြုခြင်းရရှိသည့်အတွက် ပုညာရာမကျောင်းတိုက်ကြီးအတွင်း သူတော်စင်များနှင့် သာသနာပြုဓမ္မမိတ်ဆွေအပေါင်းတို့မှ ဆက်လက်၍ သာသနာအကျိုး၊ ဘာသာအကျိုးများစွာကို စွမ်းစွမ်းတမံ ကြိုးစားဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း မေတ္တာပို့သအပ်ပါသည်။

အသေးစိတ်သိလိုပါလျှင် ဖုန်း-၀၁-၅၅၃၃၃၀၊ ၀၁-၅၅၁၁၀၇၂၂၊ ၀၉-၅၀၁၃၂၂၉၇၊ ၀၉-၈၆၁၁၇၀၀ သို့ ဆက်သွယ်နိုင်ပါသည်။

မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ စမ်းချောင်းလမ်းနေ
(ဦးခင်မောင်ဇော်)-ဒေါ်ကြည်ကြည်မော်တို့၏ သားလတ်

မောင်အောင်အနန္တဇော်
Bachelor of Technology in Electronics
(National University of Singapore)
Diploma in Electrical, Electronic and Computer Control Engineering
(Singapore Polythenic)
Process Engineer (STATS ChipPAC Ltd, Singapore)

နှင့်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွှန့်မြို့နယ်၊ ၁၂၄ လမ်းနေ
ဦးငွေသိဏ်း-ဒေါ်မြတ်လေးလှိုင်တို့၏ တစ်ဦးတည်းသောသမီး

မဝေရတ်မွန်
Bachelor of Business Administration
(Yangon Institute of Economic)
Diploma in Electrical Electronic Engineering
(Singapore Polythenic)
Sales Engineer (Greentech International Pte Ltd, Singapore)

တို့၏ ၈-၂-၂၀၁၆ ရက်တွင် ရန်ကုန်မြို့ Novotel Hotel ၌ ကျင်းပပြုလုပ်သည့် စေ့စပ်ကြောင်းလမ်းပွဲ အခမ်းအနားတွင် ကြွရောက်ချီးမြှင့်ပေးပါသော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ၉-၂-၂၀၁၆ရက်တွင် ရန်ကုန်မြို့ Sedona Hotel (Mindon Room)၌ ကျင်းပပြုလုပ်သော မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပွဲ အခမ်းအနားတွင် မင်္ဂလာအသိသက်သေ လက်မှတ်ရေးထိုးပေးပါသော ဘကြီးဦးသောင်းညွှန့်နှင့် ဒေါ်သဇင်လှိုင် အားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ကြသော ဂုဏ်သရေရှိ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါသည်။

နှစ်ဖက်သောမိဘများနှင့်
မောင်အောင်အနန္တဇော်-မဝေရတ်မွန်

ဧဒေစပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့နေ
ဦးကံညွှန့်-ဒေါ်ခင်ခင်တို့၏သား

ဗိုလ်မှူးစိုးသူရ
M.C.Sc(D.S.A)

နှင့်

ရန်ကုန်မြို့နေ
ဦးကျော်ဝင်းစိန်-ဒေါ်ခင်မာကြည်တို့၏သမီး

မချောဆုဆုနိုင်
BA (Russia)YUFL
Diploma in Archaeology (YU)
(Russian Speaking Guide)

တို့သည် ၂၇-၂-၂၀၁၆ ရက် (စနေနေ့)တွင် နှစ်ဖက်သော မိဘဆွေမျိုးများရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် ဗိုလ်မှူးစိုးသူရ-မချောဆုဆုနိုင်

တိုက်ခန်းသစ်များငှားရန်ရှိသည်

တောင်ဥက္ကလာပ၊ ဝေဇယန္တာလမ်းမပေါ်ရှိ မြေညီ ပေ(၂၄×၅၄×၉)၊ ထပ်ခိုး ပေ(၂၄×၃၇×၈) (၂၂သိန်း)နှင့် ပလွှာ၊ ပေ(၂၄×၅၄)၊ လျှောထိုးခင်း၊ Lift, MB-1, B1 ဘိုထိုင် ၂လုံး (၁၁သိန်း)

ဖုန်း-၀၁-၈၅၆၄၀၉၂ ၀၉-၄၂၀၀၆၃၀၈၄

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်

